# မြန်မာ့
# ထိုးကွင်းမင်ကြောင်ဓလေ့

သင်ဖြူကျွန်းအောင်သိန်း



# မြန်မာ့ထိုးကွင်း မင်ကြောင်မလေ့

ဆင်ဖြူကျွန်း–အောင်သိန်း

အဖုံးပန်းချီ – ရွှေစိုးဟန်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမအကြိမ်၊ ၁၉၇၆ ခု၊ အုပ်ရေ ၂၇,၀၀၀

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးမျိုးသန့်က
(ယာယီမှတ်ပုံတင်အမှတ် ၁၁၁)ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍
(မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

ခင်ပွန်းကြီး ၁၀ ပါးအား

ရှိခိုးပါ၏။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | နိဒါန်း | ၇ |
| ၁။ | ဆေးမင်ကြောင်စလေ့ | ၁၁ |
| ၂။ | မြန်မာနှင့် ထိုးကွင်းမင်ကြောင် | ၂၉ |
| ၃။ | ထိုးကွင်းမင်ကြောင်ဆေးများ | ၅၃ |
| ၄။ | ထိုးကွင်းမင်ကြောင်အမျိုးမျိုး | ၆၂ |
| ၅။ | ထိုးကွင်းမင်ကြောင် ထိုးနှံပုံ | ၈၄ |
| ၆။ | သိပ္ပံခေတ်ထိုးကွင်းမင်ကြောင် | ၁၂၉ |
| – | တွေ့ဆုံဆွေးနွေးခဲ့သူများ | ၁၃၇ |
| – | ကျမ်းကိုးစာရင်း | ၁၄၁ |

# နိဒါန်း

စာရေးသူသည် ၁၉၈၁ ခုနှစ် မတ်လ ပထမပတ် အတွင်းက မိမိဇာတိရပ်ရွာသို့ ရောက်သွားခဲ့လေသည်။ သွားသည့် ခရီးစဉ်မှာ မကွေးမှ မင်းဘူးသို့ကူး၍ မင်းဘူးမှတဆင့် ကားတတန်စီးကာ ခရီးဆက်ရပေသည်။ လမ်းခရီးတလျှောက်တွင် စာမတတ်သူ ပပျောက်ရေး အသုံးလုံးလှုပ်ရှားမှု ဖွင့်ပွဲအတွက် ဆောက်လုပ်ထားသော မုခ်ဦးများ၊ နေရာအနှံ့ စိုက်ထူထားသော ဆောင်ပုဒ်များ၊ ကြွေးကြော်သံများကို တွေ့မြင်ရပါသည်။ ထိုအခါ မိမိသည်လည်း ထိုလှုပ်ရှား တက်ကြွနေသူများနည်းတူ ကောင်းမှုတခုခု ပြုနိုင်ချေသော် ကောင်းလေစွဟု တောင့်တစိတ် ဖြစ်ပေါ်လာပါသည်။

မည်ကဲ့သို့သော ကုသိုလ်ကောင်းမှု လုပ်ရပါမည်နည်းဟု စဉ်းစားသည့်အခါ အဖေ့ကို ပြေးမြင်ပါသည်။ အဖေသည် လွန်ခဲ့သော သီတင်းသုံးပတ်က ကွယ်လွန်ခဲ့သည်။ အဖေ့တွင် ထိုးကွင်းဒူးချရှိသည်။ အဖေကွယ်လွန်သောအခါ ရွာတွင် ထိုးကွင်းသမားမရှိပြီ။

ဤသို့ဆိုလျှင် ထိုးကွင်း ရှိသူပင်လျှင် ရှားပါးစပြုပြီ ဖြစ်သော ထိုးကွင်းမင်ကြောင်အကြောင်းကို စုဆောင်းရန် မသင့်ပါသလော။ ထိုအတွေးထိုအမေးဖြင့်ပင် ထိုးကွင်းမင်ကြောင်အကြောင်း မေးမြန်းစုဆောင်းရန် စိတ်ကူးရခဲ့ပါသည်။

သို့ရာတွင် ဤဓလေ့အတွက် စာတစောင် ပေတဖွဲ့ ပြုစုရန် လိုအပ်ခြင်း ရှိမရှိ သုံးသပ်ရပါသေးသည်။ ထိုအခါ ယင်းဓလေ့သည် တချိန်သောအခါက မြန်မာတို့၏ လူမှုဘဝတွင် များစွာ ကြီးစွာ သက်ရောက်ခဲ့မှုကို ပြန်လည် ဆင်ခြင်မိပါသည်။ ထို့ကြောင့် ထိုးကွင်း ရှိသူများ မကွယ်ပျောက်မီ စုဆောင်း မှတ်သားထားကာ ရေးသား ပြုစုသင့်သည်ဟု ယူဆလိုက်မိပါသည်။

ထို့အပြင် နောက်ထပ်အကြောင်းတကြောင်းလည်း ပေါ်လာပြန်၏။ ယင်းအကြောင်းမှာ ယနေ့ တွင်ကျယ်နေသော "ဘက်ထရီ စုတ်ထိုးအရုပ်" ထိုး နည်း နှင့် များမကြာမီ ကမှ မြန်မာလူငယ်တို့၏ လက်ဝယ်သို့ ရောက်ရှိလာသော "အပ်ထိုးအရုပ်" ထိုးနည်းတို့ပင် ဖြစ်ပေသည်။ ထိုနည်းနှစ်နည်းဖြင့် ထိုးသော အရုပ်များမှာ နဂါးကြီးများ၊ မြွေကြီးများ၊ ငှက်ကြီးများ၊ အမွေးရှုပ်ထွေးနေသော လူရုပ်များနှင့် ခေတ်မီသော အခြား အရုပ်များချည်း မဟုတ်ပေ။ ရှေးနည်း အင်းအိုင်ခါးလှည့် လက်ဖွဲ့ အဆောင် ယုံကြည်သူတို့သာ ထိုးနှံခဲ့သော အင်းကွက်များ၊ သန့်လျက်ထမ်း ဘီလူးများ၊ စမများလည်း ရောလျက်နေပေသည်။

တခါက ခြင်းရိုင်ခတ်ပညာကို အနောက်နိုင်ငံများမှဆင်းသက်လာသော ပညာလေဟု မေးမြန်းဖူးသော လူငယ် တဦးကို သွားရောက် သတိရမိပါသည်။

ထိုနည်းတူပင် မြန်မာတို့၏ထိုးကွင်းမင်ကြောင်သည်လည်း ကာလ ကြာမြင့်ချိန်တွင် အတွေးမှား၊ အရေးမှား၊ အမှတ်မှား၊ အသိမှားလာနိုင်စရာ ရှိပေသည်။ ယနေ့ တွင်ကျယ်နေသော ဆေးမင်ကြောင်များသည်ပင် ရှေးမြန်မာတို့၏ ထိုးကွင်း မင်

ကြောင်လော၊ ရှေးအခါက တွင်ကျယ်ခဲ့ဖူးသော ထိုးကွင်းမင်းကြောင်သည်ပင် လက်ရှိဆေးမင်ကြောင် စတင်ရာ ဒေသ၏ ဩဇာရှိပ်မှ လာသလော စသည်ဖြင့် ရှုပ်ထွေးနိုင်စရာ ရှိပါသည်။

ထိုကြောင့် အမျိုးသား ယဉ်ကျေးမှုသဘော သက်ဝင်ခဲ့သော "မြန်မာတို့၏ထိုးကွင်းမင်ကြောင်ဓလေ့" ကို စုဆောင်းမှတ်တမ်းတင်ရခြင်းသည် ကုသိုလ်ကောင်းမှုတခု ပြုလုပ်ပြီးစီးခြင်းဟူ၍အဓိပ္ပာယ်သက်ရောက်လိမ့်မည်ဟုယုံကြည်မိပါသည်။

ဤသို့ပြုစုသော "မြန်မာတို့၏ ထိုးကွင်းမင်ကြောင်ဓလေ့" စာစောင်သည် ပြည့်စုံရန် များစွာလိုဦးမည် ဖြစ်ကြောင်း ကြို တင်ဝန်ခံ၍ မသင့်သည်ကိုပယ်ကာ သင့်သည်ကို လက်ခံကြရန် မေတ္တာရပ်ခံပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အကူအညီ ပေးခဲ့ကြသော မောင်ချစ်မြတ် (ပွင့်ဖြူ)၊ မောင်မိုးနွေဦး (ဆင်ဖြူကျွန်း)၊ဦးစန်းလွင်၊ဆန်းညွန့်ခတ်ပုံတိုက်၊စလင်းမြို့။ ဦးထွန်းဝ (ကျောင်းဆရာ) မြောင်းဦးရွာ၊ စေတုတ္တရာမြို့။ ကိုသောင်းလေး၊ ရှမ်းစုရပ်၊ စကုမြို့။ ဦးသန်းမောင် (စာရေးဆရာ မင်းနွယ်) လယ်ကိုင်းမြို့။ ဦးတင်ဝင်း (သတင်းထောက်)၊ ရွှေစင်ခတ်ပုံတိုက်၊ ၇ ရပ်ကွက်၊ သာကေတမြို့။ ဦးထွန်းရှုံ၊ ဦးအောင်စိန်နှင့် မောင်တင်စိုး၊ လေးပင်ကုန်း၊ချောက်မြို့။ ပန်းချီအောင်မိုးနှင့် သုခုမအုန်းခင်။ ဆိပ်ဖြူမြို့မှ ကိုကြည်ဝင်း ( ကုန်းရွာ )၊ ဦးအေးသောင်း (ကိုးထောင်ရွာ)။ ဆင်ဖြူကျွန်းမြို့မှ ဦးအေးကောင်း (ဈေးမြောက်ဘက်)၊ ဦးဖိုးလှ (သရက်ချဉ်ရွာ)၊ ဦးခင်မောင်ယဉ် (သီးကုန်းရွာ)၊ ဦးခင် (ရွာသာကုန်းရွာ)၊ ဦးကျော်မြင့်(ညောင်ကုန်း–ရှားတော)၊ဦးဥာဏ်ထူး(မြောင်း

ခွရွာ)၊ ဦးမြစန်း (ထုံးချောင်းရွာ)၊ ဦးထွန်းရှိန် (ခြူတန်း)၊ ဦးစိန်လှ (ရွာသစ်ရွာ)၊ ချောက်မြို့မှ နေမျိုးဦး (ချောက်)၊ မောင်ယင်းမာ (ချောက်)၊ ဦးမောင်မောင်–ဒေါ်ချွေး အငြိမ်းစား၊ ကျေးရွာမန်နေဂျာ၊ မင်းကုန်းရပ်၊ ပခန်းငယ်နှင့် ဦးလှဒင် ဒေါ်မြဦး (ကျောင်းဆရာ) ပခန်းငယ်၊ ခင်မောင်အေး (ရေနံမြေ) နှင့် မောင်ညိုသွေး။ ဦးညွန့်မောင်၊ ပေဌာနစိတ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ရန်ကုန်။ ဦးကျော်ညွန့် (မြေစာရင်းဌာန)၊ ပုသိမ်မြို့နှင့် စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်များမှ ပါတီကောင်စီများအား ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

## အခန်း ၁

# ဆေးမင်ကြောင်ဓလေ့

### ရေခဲထဲက ဆေးမင်ကြောင်

လူ၏ ကိုယ်အရေပြား ပေါ်တွင် စွဲမြဲစွာ ထင်နေစေရန် တုတ်ဆူးချွန် အစရှိသော အရာများဖြင့် ဆေးရောင် သွင်းကာ အရုပ်များ အမှတ်အသားနှင့် ပန်းကနုတ် စသော အလှအပ များ ထိုးနှံထားခြင်းကို မင်ကြောင်ထိုးသည်ဟု ခေါ်ဝေါ်ကြပေသည်။

အချို့က ထိုးကွင်းထိုးခြင်းအလေ့အထသည် ပေါ်လီနီးရှင်း လူမျိုးများက စတင်ခဲ့၍ ၎င်းလူမျိုး တို့၏ ဘာသာစကား Ta Tau မှ Tattoo သို့ ဆင်းသက်လာခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြ၏။

မင်ကြောင် ထိုးနှံခြင်း ဓလေ့သည် ကမ္ဘာပေါ်ရှိ လူမျိုး အများအပြားတွင် ရှိသည်။ သို့ရာတွင် မည်သည့်အချိန်အခါက စတင်ပေါ်ပေါက်လာခဲ့သည်ဟူ၍ကား မပြောနိုင်ကြသေးပါ။ အစောဆုံးကာလအဖြစ် တွေ့ရှိရသော ဆေးမင်ကြောင် အထောက်အထား မှာ ဆိုက်ဗေးရီးယားဒေသရှိ ရေခဲပြင်များ အတွင်းမှ တူးဖော်ရရှိခဲ့သော ဆေးမင်ကြောင်ပါသည့် ရုပ်အလောင်းများ ဖြစ်ပေ၏။

ဆိုက်ဗေးရီးယား ပြည်နယ်မှ Altia လူမျိုး များ၏ ရေခဲသင်္ချိုင်း ပစ္စည်းများပြပွဲကို လန်ဒန်မြို့ရှိ ဗြိတိသျှ ပြတိုက်တွင် ပြသဖူးပေသည်။ ယင်းရေခဲသင်္ချိုင်း ပစ္စည်းများမှာ ရေခဲတုံး ဖြစ်နေသော ဘီစီ ၅ ရာစုမှ ပစ္စည်းများ ဖြစ်ပေ၏။ ထိုပစ္စည်းများတွင် ရွှေငွေ သစ်သားတို့ဖြင့် ပြုလုပ်ထားသော ပစ္စည်းများ၊ ဆင်စွယ်နှင့်သံထည် လက်ဝတ်လက်စားများ၊ ခေါ လုံလေးမြား အစရှိသည့်လက်နက်ပစ္စည်းများ၊ လူခေါင်းပြတ်များနှင့် အခြောက်လှန်းထားသော ယောကျ်ားအလောင်းကောင်ကြီးများ ပါဝင်သည် ဆိုပေ၏။

ထိုသို့ ပစ္စည်းပစ္စယ စုံလင်စွာကို ထည့်သွင်း မြှုပ်နှံရုံမက လူခေါင်းပြတ်နှင့် အခြောက်လှန်းထားသော အလောင်းများ ပါဝင်ခြင်းမှာ သူတို့ထုံးစံပင် ဖြစ်ပေသည်။

ယင်းထုံးစံမှာ အကြီးအကဲတယောက်ကွယ်လွန်ပြီးနောက် ထိုသူကို မြှုပ်နှံ သင်္ဂြိုဟ်ရာသို့ သေသူ၏ ပစ္စည်းပစ္စယများနှင့် ကျေးကျွန်များကိုပါ တွင်းကြီးထဲထည့်၍ မြှုပ်နှံလိုက်ရလေ့ရှိသည်။

သို့ကြောင့် အသုံးအဆောင် ပစ္စည်း များ နှင့် တွဲလျက် အခြောက်လှန်းထားသော ယောကျ်ားအလောင်းများပါတွေ့ရခြင်းဖြစ်၏။ ထိုယောကျ်ားကြီးများ၏ အရေပြားပေါ်တွင် ပါရှိသော အရာများကား ဆေးရောင်စုံဖြင့် လှပစွာ ထိုးနှံထားသော သစ်ခက်သစ်ရွက်၊ ငါးရုပ်၊ ငှက်ရုပ်နှင့် လူရုပ်များ ဖြစ်ပေသည်။[၁]

သို့ရာတွင် အီဂျစ်နိုင်ငံ၌မူ ဘီစီ ၁၅ ရာစု၊ ရာစု ၂၀ ခန့်ကပင်

---

၁။ "ထိုးကွင်းမလေ့" ဦးတင်ဝင်း (ရေစကြို)၊ စာမျက်နှာ ၁၅၇၊ မိုးဝေ စာပေမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၇၀။

ဆေးမင်ကြောင် အတတ် ပေါ်ထွန်း နေခဲ့ပြီဟု ယူဆရသော အထောက်အထား များလည်း တွေ့ခဲ့ကြရသည်ဟု ဆိုၾ၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်အခါကဆေးစိမ်ထားခဲ့သော ရုပ်အလောင်းများတွင် အပြာရောင်ဆေးဖြင့် မင်ကြောင်ထိုး ထားသည့် သင်္ကေတနိမ်များ တွေ့ရသောကြောင့်ဖြစ်၏။[၂]

## ဆေးမင်ကြောင် ချစ်သူများ

ဗြိတိသျှ လူမျိုးများသည် ဆေးမင်ကြောင် ထိုးခြင်းကို အပျော်ထမ်းသဘော အလှအပ သဘောဖြင့်သာ ထိုးနှံလေ့ရှိကြ၏။ "ဟေ့စတင်း" စစ်ပွဲအပြီး၌ ကျဆုံးသော ဟာရိုလ် ဘုရင်ကြီး၏ ကိုယ်ပေါ်တွင် နှလုံးသားနေရာ၌ "အက်ဒစ်သ" Edith ဟု ထိုးထားသည်ကို တွေ့ကြရ၏။

သတ္တမမြောက် အက်ဒ္ဒပ်ဘုရင်သည်လည်း ဝေလမင်းသား ဘဝကပင် ဆေးမင်ကြောင်ထိုး ဝါသနာပါကာ တကိုယ်လုံး တွင် ဆေးမင်ကြောင်များ ထိုးနှံထားခဲ့ပေသည်။ ပဥ္စမမြောက် ဂျော့ဘုရင်နှင့် စစ်သေနာပတိ ဟောင်းကြီး မောင်ဂိုမာရီတို့ သည်လည်း ၎င်းတို့ကိုယ်တွင် နဂါးရုပ်နှင့် လိပ်ပြာရုပ်များထိုး နှံထားခဲ့ကြ၏။

အသက် ၆ဂ နှစ်ရှိ ဒိန်းမတ်ဘုရင်ကြီး ဖရက်ဒရစ်၏ ကိုယ် ခန္ဓာကိုမူ ဆေးထိုး ရုပ်ပြခန်းကြီးဟု ချီး ကျူး ကြ ရ သည်။ အကြောင်းသော်ကား သူ့တကိုယ်လုံးတွင် ဆေးရောင်စုံအရုပ် များ အမျိုးမျိုးထိုးနှံထားသောကြောင့် ဖြစ်ပေ၏။

---

၂။ "ကော်ရစ်မင်သေ့" အောင်ချမ်း၊ စာမျက်နှာ ၁၀၄၊ စာပေဗိမာန် မဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၃၊ ဇူလိုင်လ ၁၉၅၈။

ဂျပန်လူမျိုးတို့၏ ဆေးမင်ကြောင် ထိုးသည့် ဓလေ့ကား အနုပညာ သဘော ကဲသည်ဟု ဆိုပါသည်။ ထိုးနှံလေ့ရှိသော အရုပ်များတွင် ရိုးရာဓလေ့နှင့် ရှေးဟောင်းသမိုင်းဝင် ဇာတ်ကောင်များ၏ ပုံသဏ္ဌာန်အမျိုးမျိုး ပါဝင်ပေသည်။ လူအလုံး အရပ်နှင့်အညီ ကြီးမားသော လူစွမ်းကောင်းပုံများ၊ ဘီလူး သဘက်ရုပ်ကြီး များနှင့် နဂါးရုပ်ကြီးများ အပြင် သစ်ပင်ပုံ၊ ငှက်ပုံ၊ ငါးပုံနှင့် ပန်းပုံများလည်း ထိုးနှံကြ၏။

ဂျပန်နိုင်ငံတွင် ဆေးမင်ကြောင် ထိုးခြင်းကို ၁၉ ရာစုနှစ် အတွင်းက ဥပဒေဖြင့် ပိတ်ပင်ခဲ့ဖူးငြားသော်လည်း ယင်းကိစ္စမှာ ပပျောက်မသွားပေ။ ငွေကုန်ကြေးကျခံကာ လပေါင်းများစွာ ကြာမြင့်သည်အထိ သည်းခံပြီး ကြိုးစားပမ်းစား အနုစိတ်၍ ပြီးစီးအောင် ထိုးနှံကြသည်သာ ဖြစ်၏။

ဒုတိယကမ္ဘာစစ်အတွင်းက နာဇီ စစ်အကျဉ်းစခန်းရောက် အကျဉ်းသားများအနက် ကိုယ်ခန္ဓာပေါ်တွင် လှပသော ဆေးမင်ကြောင်ရောင်စုံရုပ် ထိုးနှံထားမိသူများမှာ အခြားအကျဉ်းသားများထက် ပို၍ ကံဆိုးခဲ့ကြရ၏။ အကြောင်းမူကား အကျဉ်းစခန်း အရာရှိများသည် အကျဉ်းသား၏ ရင်ဘတ်နှင့် ကျောပြင်မှ ဆေးမင်ကြောင် အရေခွံကို ခွာယူပြီး မီးအိမ်အုပ်ဆောင်း လုပ်ကြသောကြောင့် ဖြစ်ပေ၏။[၃]

အချို့သော မလေးရှား လူမျိုးများ၏ ဆေးမင်ကြောင်မှာမူ တင်ပါးတွင် ထိုးနှံထားသည်ကို တွေ့မြင်ရ၏။ ဤသို့ တင်ပါးတွင် ထိုးနှံထားသော ဆေးမင်ကြောင်မှာ အရုပ်များ မဟုတ်ပေ။ လှပဆန်းကြယ်သော ပန်းကနုတ် ဒီဇိုင်းများ၊ အကွက်များ ဖြစ်ကြပေသည်။

---

၃။ "ဆေးမင်ရည်စုတ်ထိုး" ထိမ်မိုးလှိုင်၊ မြဝတီမဂ္ဂဇင်း၊ ဇူလိုင်လ ၁၉၇၅ ခု။

ဖော်မိုဆာကျွန်းမြောက်ပိုင်းနေ "တေးရဲလ်"လူမျိုး လူငယ်များမှာမူ လူလားမြောက်ခြင်း အထိမ်းအမှတ်အဖြစ် နဖူးတွင် ဆေးမင်ကြောင် ထိုးကြရ၍ မျက်နှာတပြင်လုံး ရောင်ကိုင်းလာသည်အထိ ပြင်းထန်သည်ဆို၏။[၄]

ဥရောပတိုက်တွင် ရှေးခေတ်အခါက ဂျာမန်လူမျိုး၊ ဂေါလလူမျိုးများနှင့် အင်္ဂလန်ကျွန်းသား တိုင်းရင်းသား များတွင် ထိုးကွင်းထိုးသော ဓလေ့ရှိခဲ့ဖူး၏။ ရေကြောင်းခရီးဖြင့် နယ်သစ် ပယ်သစ် ရှာဖွေခဲ့သော ခေတ်က စပိန်လူမျိုးများသည် မြောက်အမေရိကတိုက် ပီရူးနိုင်ငံနှင့် မက္ကစီကို နိုင်ငံများရှိ တိုင်းရင်းသား လူမျိုးများတွင် ထိုးကွင်းထိုးသော အလေ့ ရှိကြောင်း တွေ့မြင်ခဲ့ကြရ၏။

မြောက်အမေရိကမှ အင်ဒီးယန်း လူမျိုးများ မှာလည်း ကလေး အရွယ်မှ စတင်ပြီး ထိုးကွင်း ထိုးနှံလေ့ ရှိကြသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများမှ ပေါ်လီးနီးရှင်းလူမျိုး၊ မာအိုရီ လူမျိုးနှင့် မာကေဆ ကျွန်းသား များမှာလည်း ယောကျ်ားရော မိန်းမပါ ဆေးမင်ရည် ထိုးနှံကြသည့် ရှေးကျသော အစဉ်အလာရှိကြသည်။ အက်ဒမိရယ်လတီကျွန်း၊ ဖီဂျီကျွန်းနှင့် လျူကျူကျွန်းမှ ကျွန်းသူများသည်လည်း ဆေးနီ၊ ဆေးနက်ပြာတို့ကို ကိုယ်ခန္ဓာတွင် မင်ကြောင်ထိုးခြယ်ခြင်းဖြင့် အလှပြုပြင်နည်းတရပ်အဖြစ် အသုံးပြုကြ၏။

ဆော်လမွန်ကျွန်းသူ မိန်းကလေးများမူ မျက်နှာနှင့် ရင်ဘတ်၌ ဆေးမင်ကြောင် ထိုးပြီးမှသာ အိမ်ထောင် ပြုနိုင်ကြသည်။ ဖော်မိုဆာကျွန်းသူများ မှာလည်း ထိုနည်းတူစွာပင်

၄။ ''တရုတ်မြို့နှင့် ခေါင်းဖြတ်လူရိုင်း'' မောင်ဥာဏ်ဝင်း၊ စာမျက်နှာ ၇၄။ လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်း၊ ၁၉၅၇ ခု။

လက်ထပ်ပွဲမကျင်းပမီတွင် မျက်နှာ၌ ဆေးမင်ကြောင် ထိုးနှံကြရ၏။ နယူးဂီနီကျွန်းမှ ပါပူအန် အမျိုးသမီးများ မှာကား လက်မထပ်မီကာလတွင် မျက်နှာကိုချန်လျက် တကိုယ်လုံးအနှံ့ ဆေးမင်ကြောင် ရေးခြယ်ထိုးနှံထား၍ မင်္ဂလာပွဲကျင်းပသော အခါတွင်မှ မျက်နှာကို ဆေးမင်ရည် စုတ်ထိုးကြရ၏။

သို့သော် အေဒီ ၁၇ ရာစု အထိ အင်္ဂလန်နှင့် အနောက် ဥရောပတွင် ဆေးမင်ကြောင်ကို ထိုးနှံရန်ဝေးစွ၊ မြင်ပင်မြင်ဖူးကြသေးဟန် မတူပေ။ အကြောင်းသော် ဥရောပတိုက်သား ဒမ်ပီယာဆိုသူသည် ထိုးကွင်းရှိသော ပစိဖိတ်သမုဒ္ဒရာ တောင် ပိုင်းကျွန်းသား များကို ပြပွဲပြသရန် ဥရောပသို့ ခေါ်ဆောင် သွားဖူးသည်ဟု သိရှိရသောကြောင့် ပေတည်း။

နယ်သစ်ရှာသူ တဦးဖြစ်သည့် ကပ္ပတိန် ကွတ်သည်လည်း ထိုးကွင်းရှိသူများကို အင်္ဂလန်သို့ ခေါ်ယူပြသရာ မြင်ရသူတိုင်း အံ့သြကြရ၏။ ထိုအခါမှစ၍ အင်္ဂလန်နှင့်ဥရောပတွင် ထိုးကွင်း မင်ကြောင် ခေတ်စားလာရာ မင်ကြောင်ဆရာများမှာ လက် မလည်အောင် အလုပ်များခဲ့ကြရ၏။

ထိုကဲ့သို့ ဆေးမင်ကြောင်ကို လူအများ စိတ်ဝင်စားသည် ကို အကြောင်းပြု၍ "ဒီဗား" မောင်နှံတို့သည် ကြီးကျယ်သော သာသနာဝင် ပန်းချီကားများကို ကျောတွင် ထိုးနှံလျက် ပြပွဲ သွင်းရာ လူအများ၏ ဝိုင်းဝန်း အားပေးခြင်း ခံခဲ့ကြရ၏။ ဒီဗား၏ ကျောတွင် ထိုးနှံသော ပန်းချီကားမှာ လီယိုနာ ဗိုဒါဗင်ချီ၏ လက်ရာကောင်း တခုဖြစ်သည့် "ခရစ်တော်အား လက်ဝါးကပ်တိုင်တင်ခြင်း" ပန်းချီကားဖြစ်၍ ဇနီး၏ကျောတွင် ထိုးနှံသော ပန်းချီကားမှာ "ခရစ်တော်၏ နောက်ဆုံးညစာ" ဖြစ်ပေသည်။

ထိုအချိန်အခါက ပြပွဲသွင်းသော ထိုးကွင်းမင်ကြောင်ရှင်များအနက် အချို့၏ ပြပွဲတခါပြ ဝင်ငွေမှာ မြန်မာငွေ တထောင်ကျပ်မှ တထောင့်ငါးရာထိ ရှိသောဟူ၏။[၅]

## ရည်ရွယ်ချက်များ

ဆေးမင်ကြောင် ထိုးနှံရာတွင် ရည်ရွယ်ချက်များ ရှိကြပါသည်။ ယင်းတို့မှာ –

(က) အမှတ်အသားအဖြစ် ထိုးနှံခြင်း။
(ခ) အလှအပအဖြစ် ထိုးနှံခြင်း။
(ဂ) စွဲလမ်းမှု အခြေခံ၍ အဆောင်သဘော ထိုးနှံခြင်း။
(ဃ) ထုံးတမ်း စဉ်လာအရ ထိုးနှံခြင်း

တို့ ဖြစ်ကြပါသည်။

## အမှတ်အသားအဖြစ်ထိုးနှံခြင်း

အင်္ဂလန်နိုင်ငံမှ အမျိုးသား လယ်သမား သမဂ္ဂသည် ယင်းတို့အဖွဲ့ပိုင် မွေးမြူရေး ခြံများမှ ကြက်ဆင် များကို လျှို့ဝှက် အမှတ်အသား ထိုးထားကြ၏။ ထိုအမှတ်အသား ကိုလည်း မှတ်ပုံတင်ထားသည့်အတွက် အဖွဲ့ပိုင်ကြက်ဆင်များ အခိုးခံရပါက ရှာဖွေဖမ်းဆီးရန် ခိုင်လုံသော သက်သေခံရရှိပြီး ဖြစ်သွားတော့၏။

သြစတြေးလျနိုင်ငံမှ သိုးမွေးမြူသော လူချမ်းသာတဦးသည်

---

၅။ "ကော်ရစ်မင်သေ့"အောင်ချမ်း၊ စာမျက်နှာ ၁၀၅၊ စာပေဗိမာန်မဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၃။ ဇူလိုင်လ ၁၉၅၈ ခု။

လည်း သေတမ်းစာကို သူ၏ ကျောပြင်တွင် ဆေးထိုးကာ ရေးသားထားခဲ့ဖူးသည် ဆို၏။[၆]

ပထမကမ္ဘာစစ် မတိုင်မီ နှစ်များနှင့် စစ်အတွင်း ကလည်း အချို့ သူလျှိုများသည် ဆေးမင်ကြောင် ထိုးသော ပညာကို အသုံးချခဲ့ ကြသည်ဟု ကြားနာ မှတ်သား ရဖူး၏။ ရန်သူ၏ အရေးကြီးသော နေရာများကို စက္ကူ စသည်တို့တွင် ရေးဆွဲ မှတ် တမ်း တင် ပြီး ယူ ဆောင် သွား ရန် မ လွယ် ကူ လှချေ။ ထို့ကြောင့် ဦးခေါင်းကို ပြောင်အောင်ရိတ်ကာ လျှို့ဝှက်သော မြေပုံများကို စုတ်ဖြင့်ထိုးနှံ့သည်။ ဆံပင်ရှည်အောင်ထားပြီးမှ ထိုသူကို လိုရာနိုင်ငံသို့ ပို့ပေးသည်။

မြန်မာနိုင်ငံတွင်လည်း ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက် မင်းများလက်ထက်တွင် လူကိုယ်၌ အမှတ်အသားပြုမှုကို ဆေးမင်ကြောင်ထိုးနှံ့၍ အမှတ်အသားပြုလေ့ရှိသည်ကို တွေ့ရပေ၏။ အမှတ်အသားမှာ နှစ်မျိုးရှိ၍ အကောင်းဘက်မှာရော အဆိုးဘက်တွင်ပါ အသုံးပြုလေသည်။

ထိုအချိန်အခါက ခိုးသားဒမြများကို ရပ်ရွာအေးချမ်းရေးအတွက် အဆုံးစီရင်လေ့ရှိ၏။ သို့ရာတွင် အဆုံးစီရင်လောက်သည်အထိ အပြစ်မကြီးလေးသူများကိုမူ နဖူးတွင် "ထားပြ" ဟူ၍ လည်းကောင်း၊ "သူခိုး" ဟူ၍လည်းကောင်း၊ လက်ဖျံတွင်လည်း "နောက်မဆိုးနှင့်" ဟူ၍လည်းကောင်း ဆေးမင်ကြောင်ဖြင့်ထိုး၍လွှတ်တတ်ကြ၏။ ဤကား အဆိုးဘက်တွင် အသုံးပြုသော ဆေးမင်ကြောင် အမှတ်အသားပေတည်း။

မြန်မာမင်းများလက်ထက်တော်တွင် အမြဲတမ်းတပ်မတော်ကြီး ဖွဲ့စည်းထားလေ့ မရှိခဲ့ပြားသော်လည်း ကုန်းဘောင်ခေတ်

---

၆။ "ဆေးမင်ရည်စုတ်ထိုး" တိမ်မိုးလှိုင်၊ မြဝတီမဂ္ဂဇင်း။

နောက်ပိုင်းတွင် တစိတ်တဒေသ အမြဲဘမ်းတပ်အချို ဖွဲ့ညှိုး ထားခဲ့၏။ ယင်းတို့အနက် လွှတ်ရုံးနှင့် ရွှေနန်းတော်ကြီး အတွက် လောလောဆယ် အသုံးမလိုသူများမှာ ရသင့်ထိုက် ရာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်နေထိုင်ကြရ၏။ ယင်းတို့ကို အစုအဝန်း စသည်ဖြင့် သတ်မှတ်ထားရာ ယင်း အမှုထမ်းတို့၏ လည်ကုပ်တွင် ဆေးထိုးကာ အမှတ်အသားပြု ထားသဖြင့် "ဆေးထိုးထမ်း" ဟု ခေါ်ပေ၏။

ထိုဆေးထိုးထမ်းများ ထဲတွင် မြောက်ဒဝယ်၊ တောင် ဒဝယ်၊ မြောက်မာရဘင်၊ တောင်မာရဘင်၊ ရွှေပြည်မှန်ကင်း၊ နတ်စုလက်ဝဲ၊ နတ်စုလကျာ၊ ရွှေးလက်ဝဲ၊ ရွှေးလကျာစသော သေနတ်စု အမှုထမ်းတို့မှာ လည်ကုပ်၊ လက်ဖမိုး၊ စသည်တို့၌ "နတ်ဘီလူး လကျာသန်လျက်ထမ်း" ခြင်္သေ့ရုပ်များ ဆေး တော် ရေးမှတ်ထားကြလေသည်။ (ဦးမောင်မောင်တင်ထံမှ ဦးသာမြတ်ထံပေးစာ၊အတွဲ၃၊ အမှတ် ၆၊ယဉ်ကျေးမှုစာစောင်၊ စာမျက်နှာ ၇၄-၇၅ မှ)

ထိုမှတဖန် ပါးကွက် အာဏာသားများဟု ခေါ်တွင်သော ရာဇဝတ်မှုထမ်း အချို့မှာလည်း အမှန်ပင် ပါးတွင် အကွက် ကြီးများ ရှိ၏။ ယင်းအကွက်ကြီး များမှာ ဆေးမင်ကြောင် ထိုးနှံထားခြင်း ဖြစ်ပေ၏။ ၎င်း "တန်း" အမှုထမ်း များကို "ပါးကွက်" ဟု ခေါ်သည်။ ထိုပါးကွက်တို့မှာ ပါးနှစ်ဘက်တွင် မင်နက်ဖြင့် ဒင်္ဂါးဝိုင်းအရွယ်ခန့် ထိုးနှံထားရသည်။ ရင်ဘတ် တွင်လည်း "သူသတ်" ဟူသော စာတမ်းကို မင်နက်ဖြင့် ထိုးနှံ ထားရသည်။[၇]

---

၇။ **"စလေဦးပုည"** စာမျက်နှာ၆၁၊ သိတာထွန်း ပုံနှိပ်တိုက်၊ ကျောက်မြောင်း၊ ဒီဇင်ဘာလ ၁၉၆၆။

မြန်မာနိုင်ငံအလုံး နယ်ချဲ့လက်တွင်း ကျရောက်ပြီးနောက် နှစ်ပေါင်း အတန်ကြာတွင် နေနယ် လနယ် ထင်ရှားသော တော်လှန် ပုန်ကန်မှုကြီး တရပ် ဖြစ်ပွားခဲ့၏။ ယင်းကား သုပဏ္ဏက ဂဠုန်ရာဇာ အမည်ခံ ဂဠုန်ဆရာစံ၏ လယ်သမား သူပုန်ကြီးပေတည်း။

ထိုပုန်ကန်မှုကြီးတွင် ပါဝင်သော ဂဠုန်တပ်သားများကို တာဝန်အနုအရင့်လိုက်၍ "က တပ်သား"၊ "ခ တပ်သား"ဟု ဆေးမင်ကြောင်ထိုးကာ အမှတ်အသားပြု ခွဲခြားခဲ့ဖူးပေ၏။

### အလှအပအဖြစ်ထိုးနှံခြင်း

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့ ဆေးမင်ကြောင် ထိုးနှံကြရာတွင် များသောအားဖြင့် အလှအပ အလို့ငှာသာ ထိုးနှံကြပေသည်။

မြန်မာနိုင်ငံတွင် ထိုးကွင်း မင်ကြောင်ခေတ် ကောင်းခဲ့စဉ်က အမျိုးသမီးများလည်း အားကျမခံ ဝင်ထိုးတတ်ကြပါသည်။ ထိုသို့ထိုးရာတွင် ပေါင်တဘက် တချက်၌ ငုံးရုပ်၊ ကြက်ရုပ် စသည်များကို တရုပ်စီထိုးနှံခြင်းမျိုးဖြစ်၏။

အခွဲစုတ် ဖြစ်သော မြန်မာစုတ်ဖြင့် ထိုးသော ဆေးမင်ကြောင်မှုမှိန်ချိန်တွင် ခေတ်ခံအားသုံး၊ဘက်ထရီခေတ်အားသုံး အပ်ဖြင့် ထိုးသော မင်ကြောင်များ ပေါ်ပေါက်လာခဲ့၏။ ထိုနောက် နှစ်ပေါင်းများစွာ နှောင်းပြီးမှ အဝတ်ချုပ်အပ်ဖြင့် ထိုးသော ဆေးမင်ကြောင် ထိုးနည်း သစ် ပေါ်ပေါက်လာခဲ့၏။ ထိုနည်းနှစ်နည်းဖြင့် ထိုးနှံသော ဆေးမင်ကြောင်များအားလုံး

နှီးပါးသည့် အလှအပသက်သက်အတွက် ထိုးနှံသော ဆေးမင်ကြောင်များ ဖြစ်ကြပေ၏။

## စွဲလန်းမှုအခြေခံ၍ ထိုးနှံခြင်း

မျှားသောအားဖြင့် ကိုယ်ခန္ဓာအထက်ပိုင်းတွင် ထိုးနှံလေ့ရှိကြပါသည်။ နတ်ရုပ်များ၊ ဘီလူးရုပ်များနှင့် အခြားအရုပ်များကို မန္တန်စာလုံးများခြံရံလျက်ဖြစ်စေ၊အင်းကွက်များတွင် အင်းဆန်များသွင်း၍ ဖြစ်စေ၊ စာလုံးများချည်းဖြစ်စေ ထိုးနှံကြပေသည်။

အချို့လည်း လျှာပေါ် တွင်ပါ ထိုးနှံကြသေး၏။ သို့ရာတွင် အစက်အပြောက်မျှသာ အထိုးခံနိုင်ပေသည်။

စွဲလမ်းမှုအခြေခံ၍ အဆောင်အဖြစ် ဆေးမင်ကြောင်ထိုးနှံရာတွင် ကိုယ်ခန္ဓာအထက်ပိုင်းတွင်သာ ဆေးနီဖြင့် အထိုးများပါသည်။ သို့ရာတွင် ရံဖန်ရံခါလည်း အနက်ရောင်ဖြင့် ထိုးတတ်ကြသေး၏။ လက်ယာဘက်လက်ဆစ်၊ လက်ဖမိုးနှင့် လက်ကောက်ဝတ်များတွင် တွေ့ရလေ့ရှိသော ဆေးမင်ကြောင်အနက်ကွက်၊ အနက်ပြောက်များနှင့် ခြေမျက်စိ ဝန်းကျင်တွင် တွေ့မြင်ရတတ်သော အနက်စက်များမှာလည်း အဆောင်သဘော သက်ဝင်ပေသည်။

## ထုံးတမ်းစဉ်လာအရ ထိုးနှံခြင်း

မြန်မာနိုင်ငံသား ယောကျ်ားများသည် ရှေးဦးပိုင်းတွင် အဆောင် သဘောဖြင့် မင်ကြောင်များ ထိုးနှံလာခဲ့ရာမှ

နှောင်သော် အလှအပ သဘောသို့ ရွှေလျောလာခဲ့၏။ ထိုမှ တဖန် "ထိုးကွင်းရှိမှ ယောကျ်ားပီသသည်" ဟူသော သဘော ထားများ ဝင်ရောက်လာချိန်တွင်မူ ထုံးတမ်းစဉ်လာသဘော သက်ရောက်သွားတော့၏။

မြန်မာနိုင်ငံတော်သူ ချင်းအမျိုးသမီးများသည် မျက်နှာ တပြင်လုံး မည်းမှောင်နေအောင် ပါးရဲထိုး (ပါးထိုး၊ ပါးမည်း ထိုး)ခဲ့ကြဖူးပါသည်။ ပါးရဲမပါသော အမျိုးသမီးသည် ပွဲမဝင်၊ မတင့်တယ်ဟု သဘောထားခဲ့ကြ၏။ နှောင်အခါတွင် ကာလ ရွှေလျောပြီး "ပါးကြောင်"၊ "ပါးကြား" စသည်ဖြင့် စတိ သဘော ထိုးနှံခြင်းသို့ ပြောင်းလဲသွားခဲ့ပေ၏။

အခန်း ၂

# မြန်မာနှင့် ထိုးကွင်းမင်ကြောင်

## မင်ကြောင်အစ မင်သေ့က

ထိုးကွင်းမင်ကြောင်ကို မင်သေ့၊ ကော်၊ ကော်ရစ်၊ မင်ကော်ရေစ်ဟူ၍လည်း ခေါ်တွင်ကြပေသေးသည်။

"မင်သေ့" အခေါ်အဝေါ်ကို ဤသို့ တွေ့ရှိရပါသည်။

> "ပုဂံခေတ်တွင် အဆောက်အအုံ နံရံတို့၌ မင်စာများကို ရေးလေ့ရှိသည်ကိုလည်း တွေ့ရပေသေးသည်။ ထိုသို့ မင်စာရေးသောအတတ်ကို ပုဂံခေတ်၌ ပန်သေ့ဟု ခေါ်ခဲ့ဟန်ရှိသည်။ ပန်သေ့ဆိုသောစကားကို ပုဂံကျောက်စာတို့တွင် မကြာခဏတွေ့ရသည်။ ထိုစကားမှာ နောင်ခေတ်တို့တွင် ဆေးမင်ကြောင်ထိုးသည့်အတတ်ကို ခေါ်သည့် 'မှင်သေ့' ဟူသော စကားနှင့် ဆက်သွယ်လျက်ရှိပြီးလျှင်"[၈]

များသောအားဖြင့် ဟထိုးမဖက်ပဲ မင်သေ့ဟူ၍သာအတွေ့များ၏။ မင်သည် ကျပ်ခိုး၊ မှိုင်း၊ မင်ဖြစ်၍ သေ့မှာ ထိုးသွင်း

---

၈။ "ပုဂံခေတ်ယဉ်ကျေးမှု" ဦးဖိုးလတ်၊ စာမျက်နှာ ၅၈၊ ယဉ်ကျေးမှု စာစောင်၊ အတွဲ ၃၊ အမှတ် ၆၊ ဇန်နဝါရီလ ၁၉၆၀။

ခြင်း၊ သွတ်သွင်းခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် မှင်သေ့သို့မဟုတ် မှင်သေ့မှာ လူ့အရေပြားအတွင်းသို့ မှင်ကိုထိုးသွင်းစွဲထင်စေခြင်း၊ တစုံတခုပေါ်တွင် မှင်ဖြင့် ရေးထိုးခြင်းပင် ဖြစ်ပေသည်။

## မှင်သေ့အစ ဝိဝါဒ

မှင်သေ့ထိုးနှံသည့် ဓလေ့ဖြစ်ပေါ်ပုံတွင် အောက်ပါအတိုင်း အယူအဆသုံးမျိုး ကွဲပြားလျက် ဖော်ပြထားကြသည်ကို တွေ့ရပါသည်။ ယင်းတို့မှာ –

(က) ပုဂံခေတ် အရည်းကြီးများက စတင်ခဲ့သည်၊

(ခ) သရေခေတ္တရာ ဥတ္တမသိရိမထေရ်က စတင်သည်၊

(ဂ) ထိုးကွင်းအစ မောင်ကံက

ဟူ၍ ဖြစ်ကြသည်။

## (က) အရည်းကြီးများ စတင်ပုံ

အနော်ရထာမင်းစောလက်ထက် မတိုင်မီ ပုဂံပြည်ကြီးတွင် မင်းဆက်ပေါင်း သုံးဆယ် စိုးစံခဲ့ကြ၏။ ထိုမင်းများ၏ လက်ထက်တွင် အရည်းကြီး ရှင်ယောင်များသည် မင်းနှင့် ပြည်သူတို့အပေါ်တွင် လွှမ်းမိုးခဲ့သည်။ သြဇာညောင်းခဲ့သည်။

သူတို့၏ အကျင့်တရားမှာ သေသောက်ခြင်း၊ လက်ဝှေ့ လက်ပန်း သတ်ခြင်း၊ ဓားခုတ်လှံထိုးအတတ်၊ လေးမြားပစ်ခတ်ခြင်း အတတ်တို့ကိုလေ့ကျင့်ခြင်း၊ ဆေးဝါးကုသခြင်းတို့ဖြစ်၏။ သူတို့ ဖြန့်ဖြူးသော တရားများမှာ အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့

ဂါထာ မန္တန်များကို ကိုးကွယ် ရွတ်ဆို စေခြင်းနှင့် စက်သွင်း အတတ် မှော်အတတ်တို့ကို ယုံကြည်စေခြင်းတို့ ဖြစ်ကြ၏။[၉]

ဆရာကြီးစလေဦးပုညက "ရှေးအတိတ်တောပုဂံပြည်တွင်၊ ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေးဗရပျစ်၊ မည်းညစ်သည့် စိဝရံနှင့်၊ တာတေလံအကျင့်ဆိုးသော၊ရှင်သိုးတကာ့ခေါင်ကြီး၊ ရှင်မထီး"ဟူ၍ နောင်အခါတွင်ရေးသားဖွဲ့ဆိုရလောက်အောင် ဆံရှည်ထားသည်။ ဒေါက်ချာဆောင်းသည်။ မည်းညစ်သော သင်္ကန်းကိုဝတ်ကာ မြင်းစီး၊အရက်သောက်၍နပန်းသတ်သည်။ သို့တစေ ထိုအရည်းသုံးဆယ်တွင် အခြံအရံ ခြောက်သောင်း ရှိသည်။

ထိုးကွင်းမင်ကြောင်သည် ထိုအရည်းကြီးများမှ အစပြု၍ ပေါ်ပေါက်လာသည်ဟု လှေသင်းမင်းရေး "တဇ္ဇတ္တဒီပနီ" တွင် တွေ့မြင်ရသည်ဟု အဆိုရှိပေသည်။[၁၀]

ထိုခေတ် ထိုအခါက လူများသည် ထိုအရည်းကြီး တို့အား သဒ္ဓါတရားထက်သန်စွာ ယုံကြည်ခဲ့ကြပုံမှာ မင်္ဂလာသတို့သမီး အား အရည်းကြီးတို့ထံ ပို့ဆက်ကာ ပန်းဦးလွှတ် ပူဇော်သည် အထိ ဖြစ်ခဲ့ပေသည်။ ထိုမျှယုံကြည်နေသည့်အတွက် အရည်း ကြီးများက ရွတ်ဖတ်စေသော ဂါထာများ၊ မန္တန်များကိုလည်း ယုံကြည် အားကိုးမည်မှာ သေချာလှပေ၏။ ထိုဂါထာများ၊ မန္တန်များ ရေသွင်း ထားသော လက်ဖွဲ့၊ ခါးလှည့် စသော အဆောင်များကိုလည်းယုံကြည်အားထားကြမည်သာဖြစ်၏။

---

၉။ "အရည်းကြီး" မှုန်းခေတ်၊ စာမျက်နှာ ဂ။ သွေးသောက် မဂ္ဂဇင်း၊ အမှတ် ၅၇၊ အောက်တိုဘာလ ၁၉၅၀။

၁၀။ "ထိုးကွင်းမင်ကြောင်" ဒဂုန်နတ်ရှင်၊ စာမျက်နှာ ၁၄၄၊ ယဉ်ကျေးမှု စာစောင်၊ ဖေဖော်ဝါရီလ ၁၉၆၁ ခု။

ထိုဂါထာ မန္တန်များကို နှုတ်မှ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း မပြုမူ၍ ရွှေပြား၊ ငွေပြား၊ ပေရွက်နှင့် ထန်းရွက် စသည်တို့၏ မျက်နှာပြင်ပေါ်တွင် ရေးထိုးပြီး ကိုယ်နှင့်မကွာ ဆောင်ထား ကာမျှဖြင့် အကျိုးရှိလျှင် ကိုယ်နှင့်အမြဲမကွာ ရှိစေနိုင် အရေပြားပေါ်တွင် ထိုးနှံထားပါမူ ပိုပြီးအစွမ်းထက်နိုင်သည် ဟူ၍ တစုံတယောက်က စတင်ကာ အကြံပေါက်လာဖွယ် ရှိပေသည်။ ထိုအခါမှစ၍ လူ၏ အရေခွံပေါ်တွင် အင်းကွက်များ၊ ဂါထာ မန္တရားများ ထိုးနှံခြင်း အလေ့ စတင်ခဲ့ခြင်း ဖြစ်ပေမည်။

ဤသို့ အင်းကွက်များ၊ ဂါထာများကို ကိုယ်တွင် ထိုးနှံရာမှ တဆင့် နတ်ရုပ်၊ သိကြားရုပ်၊ ဘီလူး၊ ဒေါင်းနှင့် ယုန်ရုပ်များ ပါဝင်လာခြင်းဖြစ်၏။ နတ်များမှာ သာသနာတော်စောင့်နတ်ကြီးများ၊ ကမ္ဘာစောင့် နတ်ကြီးများနှင့် သူရဿတီတို့ ဖြစ်ကြပေသည်။ သိကြားမင်းကို အချို့က သောတပန်ဟု ဆိုကြ၏။ မြတ်ဘိုးတော် သိကြားမင်းဟုလည်း အမြတ်တနိုး ခေါ်တွင်ကြ၏။

ယုန်ရုပ်သည် လမင်းဟူသောသဘောဆောင်သည်။ ဒေါင်း ရုပ်ကား နေမင်းဖြစ်၏။ ဘီလူးများကား ဟေမဝန္တ၊ သာတာ ဂီရိတို့ကဲ့သို့ ယဉ်ကျေးသောဘီလူးများနှင့် အာဠဝက ပုဏ္ဏက တို့ကဲ့သို့သော ရိုင်းစိုင်း ကြမ်းကြုတ်သည့် ဘီလူးများကို ရည် ရွယ်ပေသည်။

ထိုအရုပ်များကို အစီရင်ဆေးများတွင် မင်မှိုင်းရောနှော ပြီး ကိုယ်တွင်ထိုးနှံကြ၏။ ထိုသို့ ထိုးနှံပုံကို ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓာက သူ၏ “ဦးသာသနက ညီမောင်ရွှေဝိုင်းထံပေးသည့် မေတ္တာစာ” တွင် ဤသို့ ဖော်ပြထား၏။

**“ဆင်လမ်း မြင်းလမ်း၊ မိုလ်လမ်း ရထားတို့ကြ်၊**

အလိုက်သင့်အနေ၊ ခရုဗွေ ခရုပတ်၊ အနောတတ် ရေလည်ဟန်၊ သတ္တရဘန်တောင်ဆင့်၊ မြင့်မိုတက် မြင့်မိုဆုတ်၊ ကုမုဒ္ဒရာ ကြာချပ်ကော်သွား၊ အင်းနား ကွက်နေ၊ ထောင့်ပြေခိုနန်း၊ အခန်းခန်း အဘွဲ့ဘွဲ့၊ မြည်ရည်များ မှဲ့ကြသည်။ တဆယ့်နှစ်ရပ် အင်မုတ် ဘီလာဆုတ် ကိုးသွယ်၊ အကျယ်မှာ အနန္တ ဇမ္ပုနဝ ကွန်ခြာ၊ ကတ္တရာဆက် အကျိုးကူး၊ ဆီဘူးခေါ် ခြင်္သေ့ခုန်၊ ဇမ္ဗူတုန်ဇမ္ဗူကျော်၊ နေကျော် လကျော်၊ ကျောက်ပေါ် ရွှေသွား၊ တဆယ့်ရှစ်ပါးခရုပတ်၊ မဏိ ဇောတိရယ် ရှစ်ဖြာ၊ ပဥ္စသာခါမူလ၊ အဋ္ဌသာခါ ကိုးသွယ် ၊ နေကွယ်လခံ၊ ဆိတ်တခံစာတခုန်၊ ဂဠုန် တောင် ထောင့်ဖြတ်နဂါး ပတ်ကော်သွား၊ သိကြား တံဆိပ် သိကြား ကျောက်ဘောတိုင်၊ ဂြိုဟ်ပြိုင်အင်း ဂြိုဟ်ဆိုင်အင်း၊ နဝင်းသက် တြင်းသက်၊ အာယု ခက်တဝ၊ အာဋ္ဌာဝက မျက်စောင်းထိုး၊ မိုးမခ နေမခံ၊ ပါပနံ့ သောမနံ၊ စာရံနှင့် ဂဏန်းသွင်း၊ မိတ်ကွင်းနှင့် နော်ကွင်း၊ ပေတကင်း သင်းတပုံ၊ မှော် ရုံကြီး ကွန်ချာ၊ ကေသာနောက်လှန် နံပေါ်နှင့် ဇာတ်ပေါ်၊ ဇော်ဂျီလာ၊ နဖူးဘောမူလ၊ စာမနှင့် ဘူတ၊ ဗောရိသာဒ အထွက်အဝင် ရှင်ထိလတ် စက်ပုံ အင်းကွက်စုံ အသေအချွတ်ငင်၊ ဂဏန်းချေ ဂဏန်းထား အက္ခရာသွား ဂါထာ သွားတိုင်းမသိ အများကိုနှံ့ထားလေ့လာ၍”[၁၁]

---

၁၁။ “ကျည်းကန်ရှင်ကြီး မေတ္တာစာနှင့် ခေါက်ဆစ်အဖြေ” ဂုဏ်ထူးဆောင် ဆရာပွား တည်းဖြတ်၊ စာမျက်နှာ ၉၁၊ ဇူလိုင်လ ၁၉၅၇ ခု။

အထက်တွင် ဆိုခဲ့ပြီးသော အရည်းကြီးများသည် အနော်ရထာမင်းစော၏ အာဏာစက်ကြောင့် မင်းနေပြည်တော်မှ လွင့်ပြေးရသော်ငြားလည်း အခြားနေရာ များတွင် ဆက်လက်ဘုန်းကြီး နေကြကာ ကုန်းဘောင်ခေတ် အထိ ပွဲကျောင်း ဘုန်းကြီးဟူ၍ တည်ရှိနေခဲ့ကြ၏။

ရှေးမြန်မာနိုင်ငံ သမိုင်းကို ပြန်ကြည့်လျှင် သူတပါးက ကျူးကျော်သောစစ်၊ မခန့်မညား ပြုသူအား ကျိုးနွံအောင် ဆုံးမသောစစ်နှင့် အချင်းချင်းတိုက်ခိုက်ရသောစစ်ပွဲများ ထပ်ထပ်ကြမ်း နေခဲ့၏။ သို့ကြောင့် စစ်မက်ထူပြောသော နိုင်ငံတွင် မားခုတ်၊ လှံထိုး၊ ဆင်စီးမြင်းစီးစသော အတိုက်အခိုက် ပညာကျွမ်းကျင်သော အရည်းကြီး များသည် ပွဲကျောင်း ဘုန်းကြီးအမည်ခံကာ ဆက်လက်ရှင်သန်နေနိုင်ခြင်းဖြစ်၏။

အင်းဝဘုရင် မင်းခေါင်လက်ထက်၌ သီပေါ ကုန်းဘောင်စော်ဘွား ဘုရင်မင်းခေါင်၏ တူမတော်ခင်ပွန်း သို့ကြောင်ဘွား ခေါ်ယူလာသော လက်ဝှေ့ကျော်နှင့် တောင်စည်းခုံ သံဃရာဇာ ရှင်ဝရသီလတို့ စကားကျောင်းတော် မော်ကွန်းစိုက် မုခ်ဝင်တံခါး အရှေ့နှစ်တာခြားတွင် အများပရိသတ်ရှေ့၌ သတ်ကြရာ သံဃရာဇာ၏ ပြိုင်ဘက်လက်ဝှေ့ကျော်မှာ ကျောဘက်သို့ မျက်နှာရောက်သွား၏။

ကုန်းဘောင်စော်ဘွားက "သေသော်မြင်ဝံ့၏။ ယခု အမြင်မကောင်း ပါတကား အရှင်ဘုရား"ဟုဆိုလျှင် လက်ဝဲလက်ဖြင့် သပ်လိုက်ပြန်ရာ မျက်နှာရှေ့သို့ ပြန်ရောက်လာ၏။ [၁၂]

ထိုပွဲကျောင်း ဘုန်းကြီးတို့၏ အမူအကျင့်မှာ ထေရဝါဒ

---

၁၂။ "တဇ္ဇတ္ထဒီပနီ" မဟာဇေယျသင်္ခယာဘွဲ့ခံ လေ့သင်း အတွင်းဝန်မင်း စာမျက်နှာ ၁၅၆၊ မြန်မာ့တာရာ သတင်းစာ ပုံနှိပ်တိုက်၊ ၁၉၀၆ ခု။

သာသနာဝင် ရဟန်းတော်များ အမြင်တွင် မည်သို့မျှ မတင့်တယ်ပေ။ ထို့ကြောင့်ပင်လျှင်....

"ထိုတွင်ပင်၊ ဂါမဝါသီ ဗဟုစာရဂိုဏ်း ပုဂ္ဂိုလ်တို့ တပည့်ပဥ္စင်းပျို ရှင်ပျိုတို့သည် ပွဲလမ်းသဘင် လက်ဖွဲ့ လက်ပမ်း ဆေးမန္တရား လက်ဖွဲ့ထိုးကွင်းအနှံ့ကို ဆည်းပူးခြင်း လှုံ့လလွန်ကဲ၍ ပရိယတ် ပဋိပတ် ဖြည့်စွမ်းခြင်းကို အားမထုတ်ပြီ....

"အဝတ်အစားမှာလည်း တမုတ်နုနယ် ပန်းဆိုး တိန်းညက်ဆိုး၊ ပေါက်ပွင့်ဆိုး နန္ဒင်းဆိုးကိုသာ ပဥ္စင်းပျို၊ ရှင်ပျိုတို့ ဝတ်စားသုံးဆောင်လေ့ပြုသည်။ ပွဲကျောင်းသားတို့မှာစာသင်စာအံနည်းသည်။အရက်ထန်းရည်သောက်စားသည်။ ပွဲသဘင်လိုလားသည်။ မီးဖောက်သည်။ စည်တီးသည်။ လက်ဝှေ့ပွဲဝင်သည်။ လက်ဝှေ့သတ်သည်။ ဒန်းကစားသည်။ ဘောင်ဒိန်းအောင် တီးသည်။ ကြေးနင်းတော်သည်။ ခြေနင်းဦးလံစီးသည်။ ဖော့နားဒွှောင်း ဝတ်သည်။ နားပန်းဆံထားသည်။ ဥထုပ်ဖျား၊ မိုးကြိုးသွား၊ မြွေစိမ်းခေါင်း၊ ပတောင်းထိပ်ကြီး စွန်မြီး၊ လင်းနို့တောင်၊ ဆွမ်းကော်ယောင်၊ ဥထုပ် ဒေါက်ချောများကို ဆောင်းကြသည်ဖြစ်၍ တောနေ အရညဝါသီ ကေစာရနှင့် ဂါမဝါသီ ဗဟုစာရ ကွဲပြား၍ ဝိသဘာဂပီပီ ဖြစ်လေသည်....

"ထိုအခါ စည်းခုံ သံဃရာဇာ ရှင်ဝရသီလ အယူအကျင့်ကို မကြိုက်၍ ညီတော်ရင်း ရှင်သာရဒဿီသည် အကြေပြည်မြို့သို့ စုသွားလေ၍ ရောက်လျှင် ပြည်မင်း စောရန်နောင်က အရညကင် တောရကျောင်း ဆောက်၍ ကိုးကွယ်လေသည်"ဟူ၍ သက္ကရာဇ် ၇၀၂ ခု၊ ပင်းယ ဥစ္စနာမင်းကြီး ဆောက်လှူသော စကားရကျောင်းသမိုင်း၊ နာနာဗုဒ္ဓိ ဂါထာ ဦးတတ်သော

သာသနာဝံသ စာတမ်း၊ သာသနာလင်္ကာရ စာတမ်း ၃ စောင်တွင် ဆိုသည်။[၁၃]

အညည်ကြီးတဖြစ်လဲ ပွဲကျောင်းပုဂ္ဂိုလ်များ၏အခြေအနေကို ဟံသာဝတီရောက် မင်းတရားလက်ထက်တွင် ဤသို့ မြင်ရပေမည်။

"ထိုမှတပါး ဟံသာဝတီရောက် မင်းတရား လက်ထက်မြို့တွင်းရွှေစေတီ ဆေးရေးကျောင်းနေ ညာဏသာဂရ အမည်ရှိသော ပိဋကတ်တော်မသည် နန်းတော်သို့ မပြတ်ပင့်၍ အဝင်အထွက်များလျှင် မင်းကေရာဇ် မှူးတော် မတ်တော်တို့နှင့် အကျွမ်းဝင်လေသည်ဖြစ်၍ သေကိုများစွာသောက်လေသည်။ သေယစ်လျှင် ဟစ်ကြွေးကြော်ငြာ ကခုန်၍ မှူးတော်မတ်တော်တို့ကဲ့သို့ နေ့ညဥ့်မပြတ် ဝင်ထွက်သည်။ ဘဝရှင် မင်းတရားကြီးသည် မိမိအားလျော်စွာ အာစာရ ဝိပ္ပတ္တိ ဖြစ်လေသည် ဟူ၍ လူ အမှူး အမတ်တို့ ကဲ့သို့ စေပါး သုံးဆောင်လေသည်။ ရွှေဦးထုပ်၊ ရွှေသင်္ကန်း ပေးတော်မူသည်။ သေအရက် ယစ်မူးလှ၍ နန်းတော်က မထွက်နိုင်လျှင် ရွှေယာဉ်နှင့် ပို့သောအခါ ပို့ရသည်။ ဆင်နှင့် ပို့သောအခါပို့သည်" ဟူ၍ အတွင်းဝန် လက်ဝဲနေဒ်တော စီရင်သော အလောင်းမင်းတရားကြီး အရေးတော်ပုံ တွင် ဆိုသည်။[၁၄]

ထိုကဲ့သို့ အညည်းကြီး တဖြစ်လဲ ပွဲကျောင်း ပုဂ္ဂိုလ်များ တပြည်လုံးသို့ အနှံ့အပြား ရောက်ရှိသွားကာ ရောက်ရာနေရာတွင် သြဇာညောင်းအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် သူ

---

၁၃။ "တဇ္ဇတ္ထဒီပနီ" စာမျက်နှာ ၁၅၇။
၁၄။ "တဇ္ဇတ္ထဒီပနီ" စာမျက်နှာ ၁၆၁။

တို့၏ အင်းအိုင် ခါးလှည့် လက်ဖွဲ့မန္တရားနှင့် မင်သေ့ ထိုးနှံခြင်းသည်လည်း တပြည်လုံးသို့ ပျံ့နှံ့သွားသည်ဟု ယူဆရ၏။

တဖန် ထိုပွဲကျောင်း ပုဂ္ဂိုလ်တို့ထံတွင် ပညာရင်နို့သောက်စို့သူ အများအပြားမှာ အသတ်အပုတ်အတိုက်အခိုက် ကျွမ်းကျင်သူများဖြစ်ကာ ကိုယ်တွင် အင်းတွေ အရုပ်တွေနှင့် ပြည့်နေပေသည်။ ထိုအခါ ထိုကဲ့သို့သော အင်းတွေ အရုပ်တွေရှိမှ ယောကျ်ားပီသသည် ဟူသော သဘောထားသည် လူအများတွင် ဖြစ်ပေါ် နေပေလိမ့်မည်။

သို့ကြောင့် လိုက်လံတုပသောအားဖြင့် မင်သေ့များ ထိုးနှံကြပေလိမ့်မည်။ သို့သော် ထိုမင်သေ့များ ထိုးနှံရာတွင် ခက်ခဲသော ကြိတ်ပေါင်း၊ ဂမုန်းပေါင်း၊ ပန်းပေါင်း စသော အရာများ၊ ရှားပါးသော ဆေးဝါးများလည်း ပါဝင်ရာ ငွေကြေးမတတ်နိုင်သူတို့ မထိုးနှံနိုင်။ ထို့ကြောင့် အစီအရင်များ မပါဝင်သော်ငြားလည်း မသိသူတို့၏ မျက်မြင်တွင်မူ မင်သေ့ရှိသူဖြစ်သည်ဟူ၍သာ မြင်စေထင်စေသော အစီအရင် မပါသည့် “အလှထိုး” မင်သေ့များ တွင်ကျယ်ရာမှ ထိုးကွင်းမင်ကြောင်ထိုးခြင်းဓလေ့ ဖြစ်ပေါ် လာလေသလော။

## (ခ) ဥတ္တမသိရိ မထေရ်က စတင်ခြင်း

သရေခေတ္တရာပြည် မုဋ္ဌမင်းလက်ထက် သက္ကရာဇ် ၅၉၆ခုနှစ်တွင် အရှေ့မဇ္ဈကုန်းရွာသား တောင်သူ ဦးပေါစ-ဒေါ်ညွာတို့၏ သားဖြစ်သော ငယ်မည် မောင်မှတ်ကြီး၊ ရဟန်းဘွဲ့ ဦးဥတ္တမသိရိသည် မိကျောင်း၏ ဝမ်းဗိုက်မှရသော ကြေးပုရပိုက်တွင် ရေးမှတ်ထားသည့် အက္ခရာများကို တွေ့ရှိရာမှ စတင်၍ ထို

အကွက်ရာများကို လူတို့၏ ကိုယ်တွင် ဆေးမင်ကြောင်ဖြင့် ထိုးနှံပေးရာမှ အစပြု၍ ထိုအလေ့အထ ပေါ်ပေါက်လာခဲ့၏။[၁၅]

သို့သော် တရုတ်ပြည် ထန်မင်းဆက် ကေရာဇ်တဲကျုန်၏ နန်းတွင်းရေး အတွင်းဝန် ပေါ်ကျူယိ၏ ကဗျာ တပုဒ်တွင် ခရစ်နှစ် ၇၀၂ ခုနှစ်၌ ဆိုက်ရောက်လာခဲ့ဖူးသော ပျူအနုပညာသည် အဖွဲ့၏ ကခုန်ပုံကို မှတ်တမ်းတင်ရာ၌ ကြေးဖြင့်ပြီးသော စည်ကြီးကို အချက်ပေါင်း များစွာ တီးခတ်လိုက်လေသော် ထိုးကွင်းထိုးထားသည့် ကိုယ်လက်အင်္ဂါက လှုပ်ရှားလာသည်ဟူ၍ ပါရှိ၏။

ဤသို့ဆိုလျှင် ထိုးကွင်းမင်ကြောင်သည် အလွန်စောစီးစွာ ပေါ်ပေါက်နေပြီဟု ယူဆနိုင်ပေ၏။[၁၆]

## (ဂ) ထိုးကွင်းအစ မောင်ကံက

၁–၁၀–၄၀ နေ့ထုတ် ကျောင်းသား သတင်းစာ ဗဟုသုတ ခန်းတွင် ထိုးကွင်းအစ မောင်ကံကဟု သဘောသက်ရောက်သော ဆောင်းပါးတပုဒ် ပါရှိခဲ့၏။ ဆောင်းပါး၏ သဘောမှာ ဤသို့ဖြစ်ပါသည်။

ထိုးကွင်း မင်ကြောင်ကို လက်ဦး ပထမ စတင်ခဲ့သူမှာ ဘိုးတော်ဘုရားလက်ထက် (၁၁၄၃–၁၁၈၁)ထောင်မင်းကြီး၏ သား မောင်ကံဖြစ်ပေ၏။

---

၁၅။ "မြန်မာ့စာပြုစာဆို ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်"ဒဂုန်နတ်ရှင် စာမျက်နှာ ၁၉ နှင့် "ထိုးကွင်းမင်ကြောင်" ဒဂုန်နတ်ရှင်၊ စာမျက်နှာ ၁၄၄၊ ယဉ်ကျေးမှုစာစောင်၊ ဖေဖော်ဝါရီလ ၁၉၆၁ ခု။

၁၆။ "နိုင်ငံသမိုင်း သုတေသနစာစောင် ၃ " ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာနထုတ်၊ စာမျက်နှာ ၅၅၊ ၁၉၇၉ ခု။

မင်ကြောင် ဟူသော ဝေါဟာရမှာ ပေါင်တွင် မင်ဖြင့် ကြောင်ကြောင်ကျားကျား ဖြစ်အောင် ထိုးထားသဖြင့် မင်ကြောင်ဟု ခေါ်ခြင်းဖြစ်သည်။ မင်ကြောင်မှာ မြို့သုံးစကား၊ ထိုးကွင်းမှာ ကျေးတော ကျေးလက်စကားဖြစ်၏။ ရှေးအခါက မြန်မာယောကျ်ား များသည် ပေါင်လုံးပြည့်အောင် မင်ကြောင် မထိုးကြသေးပေ။ ပေါင်နှစ်ဘက်အနက် တဘက်က ကြောင်ရုပ်၊ တဘက်က ကော်ဟုခေါ်သော အမည်းကွက်ကိုသာ ထိုးလေ့ရှိကြ၏။

မောင်ကံကမူ ထိုကဲ့သို့ ကွက်တိကွက်ကျား ထိုးခြင်းသည် ကြည့်၍ မလှဟု အယူရှိပြီးလျှင် သူ့ကိုယ်ကို ခါးကစပြီး ဒူးအထိ ပေါင်နှစ်ဘက်လုံးပြည့်အောင် မင်ကြောင်ရေး၍ ထိုး၏။ ဤသည်ကို အခြားသူများ လိုက်လံတုပရာမှ အစပြု၍ နောင်လာ နောက်သားများပါ ပေါင်ပြည့်ထိုးကြလေသည်။

"ပုတီးသာဆောင်၊ ကြောင်တကောင် ကော်တဘက်နှင့် ထိုးလက်စမသိမ်း"ဟူသော ရှေးစာဟောင်းတပုဒ်အရ မောင်ကံ အရင်က "ကော်"ကိုသာ ထိုးကြကြောင်း ထင်ရှားပေသည်။

ထို ကော် ဟူသော အမည်းကွက်ကိုပင် ရှေးက "ကော်ရစ်" ဟု ခေါ်လေသလောဟုလည်း တွေးစရာ ရှိလေသည်။ ၎င်းပြင် ကော်ရစ်၊ မင်သေ့ခေါ်သော ထိုးကွင်းမှာ ရှေးကျကျအခါက ယခုကဲ့သို့ ရုပ်စုံမျိုးမထိုးကြသေးပဲ ငါးကြင်းပါးဟက်၊ ခနေကွက် မန်ကျည်းရွက်ဖတ်၊ ကန့်စွန်းနွယ် စသော အပြောက်အမျိုးမျိုးကိုသာ ထိုးလေ့ ထိုးထ ရှိသောကြောင့် ထိုးကွင်းကို ရှေးအခါက အပြောက်မျိုးတွင် ထည့်သွင်း ရေတွက်ခဲ့လေသည်။

ဘကြီးတော်လက်ထက်ရေး ပန်းချီကားများ၌ ထိုးကွင်းပုံများသည် ယခုကဲ့သို့အရုပ်အမျိုးမျိုးမဟုတ်သေးပဲ မန်ကျည်းရွက်ဖတ်၊ ကန်စွန်းနွယ် သဏ္ဍာန်များသာ တွေ့ရပေသည်။[၁၇]

အထက်တွင် ဖော်ပြခဲ့ပြီးသော မင်သေ့အစ ဝိဝါဒ သုံးမျိုးအနက် ပထမ အယူအမှတ်မှာ စလယ်ဆုံး ပြည့်စုံ၍ ဒုတိယ အယူအမှတ်မှာ အတွေ့ရနည်းပေသည်။ တတိယအယူအမှတ်မှာမူ စဉ်းစားဆင်ခြင်ဖွယ် သင့်ပေသည်။

မည်သို့ပင်ဖြစ်စေ "ဟထိုး"မပါသော မင်သေ့နှင့် ဟထိုးပါသော မှင်သေ့ကို အင်းဝခေတ်လယ်နှင့် ခေတ်နှောင်းတွင်လည်း တွေ့နေရပေသေးသည်။

ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို ပုဒ်ရေ ၈၂၊ ကဋ္ဌနဝိမာနခန်းအဆုံး၌ –

> "အမျိုးသားတို့၊ ရှည်လျှားမပျက်၊ အဆက်ဆက်လျှင်၊ ကွက်ကွက်ကွင်းကွင်း၊ ကျောက်ကိုထွင်းလည်း၊ မိုးနှင် မှုမြေး၊ ပင့်ကူထွေးအုံ၊ ကြေးပရပိုက် သိုက်သိုက်ချုပ်ချုပ်၊ အုပ်အုပ်ဖုံးဖုံး စာလုံးကြွေကြွေ မင်သေ့လှလှ ပိသအက္ခရာ မင်းဥစ္စာသို့ သာသနာ ငါးထောင်တည်စေအောင်ဟု စာစောင် နိဿရည်း ဆိုနှုတ်တည်းက ကမ္ပည်းမကျေ မတိမ်တည်း"

ဟု ဖွဲ့ဆိုထား သုံးနှုန်းထားပါသည်။[၁၈]

---

၁၇။ "ဆင်ယင်ထုံးဖွဲ့မှု" ရွှေကိုင်းသား၊ စာမျက်နှာ ၅၂၊ ကြီးပွားရေးပုံနှိပ်တိုက်၊ လက်ဆည်ကန်၊ မန္တလေး၊ မေလ ၁၉၅၁ ခု နှင့် "အင်းလေးမှ ထိုးကွင်းမင်ကြောင်" သာဦး(ရှမ်းပြည်)၁-၄-၆၉ နေ့ထုတ် ဗိုလ်တထောင်သတင်းစာ။

၁၈။ "နေမိဘုံခန်းပျို" စာမျက်နှာ ၁၂၃၊ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၇၁ ခု။

ရှင်ကုမာရကဿပ (၉၄၃-၉၉၈)၏ "ဓမ္မရာသီပျို့"တွင်မူ ဤသို့ပါရှိပေ၏။

"ဆင်းရှယ်ပြုပြင် မိန်းမလှင်နှင့်
ဆံပင်မှဆိတ် အမြိတ်ပြင်လစ်
လက်သဉ်းမြစ်သား ကျစ်လစ်ထူးလဉ်
ဆတ္တာသည်က မဲနဉ်သွားဆိုး
မှင်သေ့ထိုးနှင့် ခေါက်ခြူးကောင်းမှံ
စမ္ပခံကို တတ်ပွန်မွေထွား
လုပ်သူများက"[၁၉]

အသက်မွေးဝမ်းကျောင်းအတတ်ပညာ များစွာတို့အနက် မင်သေ့ထိုးခြင်းကိုလည်း အတတ်ပညာ တပါးအဖြစ် ဖော်ပြထားသည့်အတွက် မင်သေ့ထိုးသောအလေ့ များစွာတွင်ကျယ်နေပြီဟု မှတ်ယူနိုင်ပေသည်။

## ပြည်ထောင်စုသားတို့၏ ထိုးကွင်းမင်ကြောင်

မြန်မာနိုင်ငံတွင် ထိုးကွင်းမင်ကြောင် (မင်သေ့) ထိုးနှံခြင်း ဓလေ့ကို ပုဂံခေတ်က စတင်ခဲ့သည်ဟူသော အယူအဆကို လက်ခံကြရအံ့။ ထိုဓလေ့သည် နှစ်ပေါင်းထောင်ချီပြီး မြန်မာနိုင်ငံတွင် တည်ရှိနေပြီ ဆိုရပေမည်။ ထိုမျှကြာညောင်းသော ကာလအတွင်း၌ မည်သည့်မင်းဆက်တွင်မျှ ထိုဓလေ့ကို ပိတ်ပင်တားမြစ်မှု မပြုရုံသာမက နိုင်ငံအကြီးအကဲ ပြည့်ရှင်မင်းများကပါ လေ့လာလိုက်စားကာ အားပေးသမှု ပြုခဲ့ကြသည်။

---

၁၉။ "ဓမ္မရာသီပျို့" ရှင်ကုမာရကဿပ၊ "ဇ" ချပ်၊ ကြောင်းရေ ၉၊ ကျမ်းပြီးနှစ် ၉၇၇ ခု၊ နယုန်လဆန်း ၁၄ ရက်။

ပြည်သူပြည်သား တိုင်းရင်းသားများလည်း ထိုးကွင်း မင်ကြောင်ကို မြတ်မြတ်နိုးနိုး ထိုးနှံခဲ့ကြသည်ကို တွေ့ရ၏။

အင်းဝခေတ် ဆင်ဖြူရှင်သီဟသူ (၇၇၃–၇၇၇) သည်လည်း မင်သေ့ထိုးခြင်းကို မြတ်နိုးပုံကို မဏိရတနာပုံကျမ်း၌

"ဆင်ဖြူရှင်ကား အလွန်တင့်တယ်လှပစွာ၏။ ခွင်ရေးလွှားကာလည်း တတ်စွာ၏။ ဆင်ဖြူရှင် မျက်သုတ်နီ စွန်တော်ဝယ် ပေါက်စံကာ ကတော်မူသည်ကို ထိုအခါဝယ် လူအများတို့သည် တင့်လှနိုး၍ မိမိတို့၏လက်တွင် ကာကဟန် မင်သေ့ထိုးကြကုန်သောဟူ၏" ဟု ဖော်ပြထားသည်ကို တွေ့ရပေ၏။[၂၀]

ထို့မှတဖန် ဟံသာဝတီ ရှင်ဖြူရှင်မင်းတရား (၉၁၂–၉၄၃) လက်ထက်တွင် သံကြီး၊ တမန်ကြီးများပင် မင်သေ့ကို အဘယ်မျှ မြတ်နိုးဂုဏ်ယူကြောင်းကို

"မြန်မာ ရာဇဝင်များအရ ဟံသာဝတီ ဆင်ဖြူများရှင် လက်ထပ် အကျပတ်သို့ သံစေသည့်အနေးတွင် ခေါင်းလင်းစားလည်း ကောင်းမွန်စွာ အဂတ်တန်ဆာတို့ကို ဝတ်၍ ပန်းဆိုးခေါင်းထုပ်နှင့် ပန်းမန်ထူထပ်စွာ ပန်၍ အင်္ကျီမဝတ်ပဲ "မင်သေ့" ခါးပြက်ပြက်နှင့် အမွေးအထုံလိမ်း၍ တက်၏" ဟု ဆိုသည် ဟူသော အမှတ်အသားကို တွေ့ရပေသည်။[၂၁]

သံလျင်ရောက် မင်းတရား (၉၇၁–၉၇၄) မှာမူ မင်သေ့ကို ကိုယ်တိုင် ထိုးနှံရှိသာမက သူတပါးကိုလည်း သွန်သင်းတူ အပြည့်ထိုးနှံစေနေ် သူ၏ "တမျှသက်ကြည် စုနှင်းမည်ကို" ချီရတုတွင်

"ဖြိုးမောက်မသင့်၊ ပတ်မမြင့်တည့်၊ ရွှေနှင့်နောက်

---

၂၀။ "မဏိရတနာပုံကျမ်း" ပထမတွဲ၊ ရှင်စန္ဒာလင်္ကာရ၊ စာမျက်နှာ ၂၉၉။
၂၁။ "ဆင်ယင်ထုံးဖွဲ့မှု" ရွှေကိုင်းသား၊ စာမျက်နှာ ၅၂။

သာ၊ နှံမှာဖြူရောင်၊ သလင်း တောင်ကို၊ မည်း
အောင်ဖြည့်လေ၊ ပြည့်မှစေလော့။ မြင်ချေသည်မူ၊
ခြောက်ပြည်သခင်၊ နေလုလင်လည်း၊ သို့င်လွန်ကဲ၊
တင့်မည်ခဲစွ။ မင်းရဲကျော်စွာ၊ မည်သာလွှပေါ်၊
မင်သေ့သော်မူ၊ နှံတော်နှစ်ဘက်၊ စွန်းမစက်သည်၊
မယှက်ပတ်လည် ဝေးသေးသည်။"

စသည်ဖြင့် ညီတော် မင်းရဲကျော်စွာတွင် မင်သေ့ အပြည့် မရှိသဖြင့် မင်သေ့အပြည့်ရှိသော အခါကျမှသာ ကျေးစေသဝန်ကို လက်ခံရန် တိုက်တွန်းဟန် ရေးဖွဲ့ခဲ့၏။

ဟံသာဝတီရောက်မင်းတရားမဟာဓမ္မရာဇာဓိပတိ(၁၀၉၅–၁၁၀၃) လက်ထက်တွင် ဘုရင်မင်းမြတ် အလွန် မြတ်နိုးသဖြင့် မြှောက်စားခံရသော စာဆိုဝန်ကြီး ပဒေသရာဇာကလည်း "ခါးဝန်းပေါ်စ၊ မင်သေ့မြန်ငှ၊ သူမျှော့ထက်ထူး၊ အကြူးပင်ကို၊ ဗောင်းနောက်မှိန်ငှ၊ ရှန်းပျိုဖတ် ရှင်၊ သည်ထိပ်တင်ကို၊သိချင်ကျွန်မ၊ မေးသည်တည့်လေး" စသည်ဖြင့် ရေလားလူးတားတပုဒ်တွင် မင်သေ့ရှိသူ၏ အလှကို ဖွဲ့စပ်ဆိုခဲ့ပေ၏။

ကုန်းဘောင်ခေတ်တွင်ကား အခေါ်အဝေါ် များလည်း ရှုပ်ထွေးလာသည်။ အမှတ်အသား အထောက်အထားလည်း များပြားလာသည်။ နောင်တွင် လယ်ကိုင်းဝန် သေနတ်ဝန် ဖြစ်လာမည့် ကင်းဝန်မင်းကြီး အလောင်းအလျာ စာရေးတော်ကြီး ဦးကောင်းသည် ၁၂၂၃ ခုနှစ်တွင် ရွှေမြို့တော်ဝန် ဦးသာအိုးအား "ပါးပြင်မှာ မင်ဆေးနှင့် ယဉ်ကျေးတဲ့ပုံမှု။ ဓားပြရန်ပယ်ကို နှံလွယ်ကာ ကြိုးကြိမ်ပိုက်လို့" အစချီသော လေးချိုးသဖြန်ဖြင့် သရုပ်ဖော်လိုက်ပေသည်။

တဖန် စလေဦးပုညကလည်း "မုတ်ဆိတ်ဖြူစင် ကြင်ငယ်ငုတ်

နှင့်” အစချီသော ဇီဝက ဒိုးချင်းတွင် “သုံးရာ့နှစ်ဆယ် ကျွဲအူစင်းနှင့် ဘဲတောင်နိမ့်နှင့် ခါးပုံဖွဲ့လို မင်းတဲ့ကော် ရစ်ကျော် နှစ်ပေါင်၊ လူပုံအယ်ဲ့အောင် ကောင်းတဲ့သက်ကြား” ဟု လည်းကောင်း[၂၂]၊ စာဆိုတော် ဦးအင်းကလည်း အဘိုး အိုရုပ် ဒိုးချင်းတွင် “ရွှေဘိုကုန်းဘောင် တည်ထောင်စက ဖေးလောင်းဖုရာ့ငယ် ကျွန်ယုံ၊ ဂုဏ်ပြိုင် ရပ်ပြိုင် မဝါကြနှင့်မျိုး ဦးသာ စွရပ်များနောင်၊ ကော်ပစ်ခါးကြောင် ဆောင်ပုတီးနဲ့ တံတိုကြီးနှင့် ကာလပေါ်” ဟူ၍ လည်းကောင်း စပ်ဆိုခဲ့ ကြ၏။[၂၃]

ထိုး ကွင်း မင် ကြောင် သည် မင်း ပိုင်း စိုး ပိုင်း တွင် သာ တာစားသည် မဟုတ်ပေ။ ပြည်သူ ပြည်သားအတွင်း ကျေး လက်အထိ ပျံ့နှံ့လာခဲ့လေသည်။

တောသူ တောင်သား ဆင်းရဲသား တို့၏ နယ်မြေသို့ မင်ကြောင်ရောက်ရှိနေပုံကို “ဇာတိချက်ကြွေ တည်နေရင်းက ချင်းတွင်းမြစ်စ ညာအခေါင်”အစချီသော ဒိုးချင်းတွင်

“လွတ်ရိုးလုလင် အမှန်သိ၊ ဇာတိမင်းနေ ပျော်ပိုက်ချင်။
မှင်စစစ်ပြင် မှင်ကြောင်ထိုး၊ မိရိုးဖလာ သည်ဓားမကို မချ
ရက်လို့ ခုထက်တိုင်”[၂၄] ဟူ၍ အမည်မသိ စာဆိုတဦးက ရေးဖွဲ့ သည့်နည်းတူ သာဝတ္ထိရွာ သိမ့်တကာ “ဦးကြီး” ကလည်း သူ၏ ကိုတောင်သူ လွမ်းချင်းတွင်

“မင်ကော်ရစ်ကယ်နှင့်၊ ကြင်သစ်ကဲ့ပျိုလူ။ ထွန်ရေးငယ်

---

၂၂။ “စလေဦးပုည” စာမျက်နှာ ၉၆။
၂၃။ “သီချင်းပဒေသာ” ဒုတိယအုပ်၊ ဦးဖိုးလတ်၊ စာမျက်နှာ ၃၆။
၂၄။ “ကျေးလက်တောရွာ ဓားကဗျာ” ဦးသော်ဇင်၊ ၆၆ ဒီ၊ မန်း- ရဲရင့်၊ စာမျက်နှာ ၁၉၂။

ပူ ကိုတောင်သူ မနက်စော ကြက်ရောပြင်ဆင်လို့ ထွန်နှင်မောင်းတဲ့ ဘောကိုလေး”ဟု ဖော်ပြထားပေသည်။

ရှေးရေး ဘောလယ်တပုဒ်တွင်လည်း

(အကျွန်မျှော် ကော်တပိုင်းငယ်နှင့်၊ လူပျိုဟိုင်း ပါတဲ့ လာလိမ့်မယ်)၊ (နွားနီရွှေဝါ)၊ ခွာသံပြင်းတယ်၊ မင်းလာလိမ့်မယ်။

(ညနေကြီးငယ်က မျှော်မိတယ်)၊ တောလည်ရာမှာတဲ့ ကြာထင့်လေး။ (ချုံနွယ်တန်းပါလို့ လမ်းမမြင်)၊ အကျွန်ကြင် ပါတဲ့ မင်ကော်ရစ်ကယ်၊ တောဆစ်လို့ဝေး ဟူ၍ တွေ့ရပြန်ပါသည်။[၂၅]

“ကြေးထမ်းကြီးတဲ့ ပြည်စိုးမင်းတူ” လွမ်းချင်းတွင်လည်း

“အမယ်လေးနှင့် ဒွေးလေးတို့ စိတ်မတူ။ စွပ်ဘီပေါင်းခါးတောင်း မင် ကော် ရစ် ကယ် နှင့် ငယ် ချစ် ကယ် သည်လူကြောင့် ပျိုပူတယ်ဟဲ့နော်လေး”ဟု အမည်မသိ စာဆိုတဦးက ရေးသီထားပေသည်။[၂၆]

ထို့ကြောင့် ကော်နှင့်မင်ကော်ရစ် အသုံးသည် ကုန်းဘောင်ခေတ်တွင် တွင်တွင်ကြီး သုံးနေပြီဟု သိသာနိုင် ပေသည်။ “ကွမ်းအစ်ကြီး နီတာရဲနှင့် ကြမ်းပြဲသူပျော် သာပေါ်တို့ တူဝရီး၊ ထိုးကွင်းမင်ကြောင်နှင့် တွေ့မရှောင် လွန်အောင်စားဖျားတဲ့ခင်ကြီး”[၂၇] ဆိုသော နှစ်ဆစ်ချိုးအရဆိုလျှင် ကော်နှင့် ကော်ရစ်တို့အပြင် ထိုးကွင်းအသုံးလည်း တွင်နေပြီဟု ဆိုရပေမည်။

---

၂၅။ “ဓလေ့ဘာသာ တေးကဗျာများ” စာမျက်နှာ ၁၃။
၂၆။ “ဓလေ့ဘာသာ တေးကဗျာများ” စာမျက်နှာ ၄၂။
၂၇။ “ဆောဘစိတ” ဦးဆော်ဇင်၊ စာမျက်နှာ ၁၉၃။

ထိုသို့ လုပ်သားပြည်သူတို့၏ နယ်ပယ်သို့ ပျံ့နှံ့လာခဲ့ပြီဖြစ်သော ထိုးကွင်းမင်ကြောင် ဓလေ့သည် ဗမာလူမျိုးများအတွင်းမှာသာ မဟုတ်မူ၍ မြန်မာတနိုင်ငံလုံးရှိ ပြည်ထောင်စုသား အများစုထံသို့ပါ ယဉ်ကျေးမှုဓလေ့တခုအဖြစ် ရောက်ရှိနေခဲ့ပေသည်။

အင်းလေး နမ့်သဲရွာမှ ဆေးဆရာကြီး ဦးဉာဏ်ဗိုလ်၏ မှတ်တမ်းအရမူ အင်းလေးဒေသ အင်းသားတို့၏ ထိုးကွင်းအစမှာ လင်းကင်းရွာ လင်းကင်းကျောင်းမှ ဘုန်းကြီးပုလက်ထက်တွင် စတင်သည် ဆိုပေ၏။ ထိုကာလမှာ ပုဂံမင်းလက်ထက် (၁၂၀၈–၁၂၁၄) ဖြစ်ပေသည်။

ပအိုဝ်းလူမျိုး ယောကျ်ားများလည်း ထိုးကွင်းမင်ကြောင်ထိုးကြရာတွင် ရင်ဘတ်နှင့် လည်ပင်းတွင်ပါ ဆေးနီပါမှ ယောကျ်ားပီသသည် ယူဆခဲ့ကြ၏။[၂၈]

မွန်လူမျိုး များသည် ထိုးကွင်းမင်ကြောင် အတတ်ကို မြန်မာလူမျိုးများ ထံမှ ရရှိကာ ယောကျ်ား များသာမက မိန်းမများပါ ထိုးနှံကြသည်။

ရှေးက မွန်ယောကျ်ားများသည် သူ၏ ပေါင်နှစ်ဘက်တွင် ဇော်ရုပ်၊ ဒေါင်းရုပ်၊ ဟင်္သာရုပ် များဖြင့် အကွက်ကျကျ ဆေးမင်ကြောင် မထိုးရသေးသမျှ ယောကျ်ား မပီသသေးဟု ယူဆကြသည်။ အထိုးများသော ထိုးကွင်းများမှာ "ထိုးကွင်းမြေစိုက်" နှင့် ခါးမှ ဒူးခေါင်းအထိ ထိုးသော "ထိုးကွင်းဘောင်းဘီစွပ်" ဟူ၍ နှစ်မျိုးရှိသည့်အနက် ထိုးကွင်းဘောင်းဘီစွပ်ကို အထိုးများကြ၏။

---

၂၈။ "ပအိုဝ်းတို့ဌာနီ သထုံပြည်" သုဝဏ္ဏကောသီ၊ စာမျက်နှာ ၂၉၊ စာပန်းချီ မဂ္ဂဇင်း။

မွန်မိန်းမ အချို့လည်း ထိုးကွင်းထိုးကြရာတွင် ပေါင်နှင့် လက်တွင် ဒေါင်းရုပ်၊ ငှက်ရုပ်များ ထိုးလေ့ရှိကြ၏။ အခြား သိဒ္ဓိဆေး၊ အကာအကွယ်ဆေးများ ထိုးနှံကြသည့်အပြင် ထူး ခြားချက်မှာ ယောကျ်ားများရော မိန်းမများပါ မိမိတို့၏ မွေးသက္ကရာဇ်ကို လက်ကောက်ဝတ်တွင် ထိုးနှံထားကြခြင်း ဖြစ်၏။[၂၉]

ယောဒေသမှ "ယောသား" များသည် မြွေဆေးစသည့် ဆေးများနှင့် ကာယသိဒ္ဓိ ပြီးဆေးအဖြစ် ကြောင်ရုပ်၊ ကျား ရုပ်တို့ကို ပေါင်နှင့် ခြေသလုံးတွင် ထိုးနှံခြင်း အပါအဝင် ထိုးကွင်း မင်ကြောင် ထိုးနှံသည့် ဓလေ့ကို ခိုင်မြဲမြတ်နိုးစွာ ဆောင်ရွက်ကြသည်။[၃၀]

ကယား၊ ကရင်၊ ချင်း၊ ဓနု၊ တောင်ရိုး၊ မြန်မာ၊ ရခိုင်၊ ရှမ်းစသော မြန်မာလူမျိုး ယောကျ်ားများလည်း ဖော်ပြခဲ့ သော လူမျိုးများနည်းတူ ထိုးကွင်းမင်ကြောင် ထိုးသော ဓလေ့ ရှိကြသည်သာ ဖြစ်၏။ ရှေးရိုး မြန်မာနည်းဖြင့် ထိုးနှံ သော အတတ်ကို ကရင်၊ မွန်နှင့် ရှမ်းလူမျိုးတို့သည် ယနေ့ ထက်တိုင် ထိန်းသိမ်းထားကြပေ၏။

## ထိုးကွင်းမင်ကြောင်သည် ပန်းချီလော

ပန်းချီ လက်ရာများကို ပုဂံခေတ်မှ စတင်၍ ဘုရားပုထိုး လိုဏ်နံရံများ၊ မျက်နှာကြက်များတွင် တွေ့ရှိခဲ့ကြရပါသည်။

---

၂၉။ "မွန်ဘဝဓလေ့နိဒါန်း" ကြည်မြလွင်၊ စာမျက်နှာ ၁၁၂၊ ၇၆ ဓိ၊ မြို့လယ် ပုံနှိပ်တိုက်၊ မော်လမြိုင်မြို့။

၃၀။ "ယော" ဦးကြာထွန်း၊ စာမျက်နှာ ၂၀၁။

ဤပန်းချီပုံများကို နံရံပန်းချီ၊ ယွန်းထည်ပစ္စည်း များတွင် တွေ့ရပြီး ထိုပုံများကို ယွန်းပန်းချီဟု ခေါ်ကြ၏။ ထို့နည်းတူ လူ၏ ကိုယ်ခန္ဓာ အရည်ပြားပေါ်တွင် တွေ့ရှိရသော ထိုးကွင်း မင်ကြောင်ကိုလည်း ပန်းချီဟု သတ်မှတ်ကာ "လူပန်းချီ"ဟု ခေါ်နိုင်ပါသလော။

ဤသို့ဖြစ်လျှင် ပန်းချီဟူသည် အဘယ်နည်းဟု သုံးသပ်သင့်သည် ထင်ပါသည်။ ဦးစု၏ "မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဗိသုကာကျမ်း"တွင် ဤသို့ ဖော်ပြထား၏။

> ပန်းချီ ဆိုသည်မှာလည်း အထက်က နည်းတူပင် "ပန်း" သဒ္ဒါမှာ တင့်တယ်ခြင်း ဖြစ်ပေ၏။ "ချီ" ဟူသော စကားမှာကား အပြုအမူ အနေအထား "ဟန်"ကို ဖော်ပြခြင်း အဓိပ္ပာယ်ရ၏။ ဥပမာ လက်ဟန်ချီသည်၊ ကိုယ်ဟန်ချီသည် ဟူသော ဝေါဟာရဖြစ်ပေသည်။ ဤတွင် ပန်းဆိုသော စကားနှင့် ချီဆိုသော စကားနှစ်ရပ်တို့ ပေါင်းစပ်အဓိပ္ပာယ်ယူလျှင် ကြည့်ရှုဖွယ် ကောင်းသည့် ဟန်အမူအရာ ပုံသဏ္ဌာန်တို့ဖြင့် ပြုလုပ်ရေးဆွဲရသော အတတ်ဟူ၍ ကောက်ယူရာ၏။[၃၈]

မြန်မာ လူမျိုးတို့၏ ကိုယ်အထက် ပိုင်းတွင် ထိုးသော မင်ကြောင်ရုပ်များနှင့် ခါးအောက်ပိုင်းတွင် ထိုးနှံသော ထိုးကွင်းရုပ်များမှာ အထက်ပါအဆိုနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။ ရှစ်ခွမှ ၁၂ ခွအထိ ရှိသော စုတ်များဖြင့် ထိုးနှံထားသော မင်ကြောင်များ ထိုးကွင်းများမှာ စကတည်းက ထူပိန်းနေခဲ့သည်။ ပုံပန်းလည်းမကျ၊ လှလည်းမလှပ၊ ပီလည်းမပီသပေ။

---

၃၈။ "ဗိသုကာကျမ်း" ဦးစု၊ စာမျက်နှာ ၅၆။

တဖန် ပုဂံခေတ် ပန်းချီဆရာများ လိုက်နာခဲ့သည့်“အတ္တက် ကျမ်း”က ဝေဖန် ညွှန်ပြထားသော ပန်းချီအင်္ဂါ ခြောက် ချက်ဖြင့် ချိန်ထိုးကြည့်ကြပါဦးစို့။

ယင်းခြောက်ချက်မှာ

(၁) ရူပဗေဒ။ ။သဏ္ဌာန်တို့ သဘောကို ခွဲခြား သိမြင်တတ်ခြင်း။

(၂) ပမာဏ။ ။အရုပ်သဏ္ဌာန်တို့၏ အချိုး အစား အဆစ်အပိုင်းကို သိမြင် တတ်ခြင်း။

(၃) သဘာဝ။ ။စိတ်၌ ခံစားမှုရှိခြင်း။

(၄) ဝလာညယောဇနံ။ ။တင့်တယ်ဖွယ်ရာ ဖြစ် အောင် တန်ဆာဆင် တတ်ခြင်း။

(၅) သဒိသ။ ။တူအောင်ပြုလုပ်တတ်ခြင်း။

(၆) ဝဏ္ဏိကဘင်္ဂ။ ။စုတ် ဆေး တို့ကို သုံး တတ် ခြင်း[၃၂] တို့ဖြစ်ကြ၏။

မြန်မာတို့၏ ထိုးကွင်း မင်ကြောင် ရုပ်များမှာ အဆိုပါ ခြောက်ချက်အနက် ငါးချက်နှင့်ကား အကျုံးမဝင်ကြောင်း ထင်ရှား ပေါ်လွင်လှသည်။

ထိုးကွင်းမင်ကြောင်ကို လေ့လာလိုက်စားသူ မဟုတ်လျှင် မည်သည့် အရုပ်ဟု ချက်ကနဲ သိရန် မလွယ်ပေ။ သမ်း ကြောင်လော၊ ဇော်ဂျီလော ခွဲမရသည့်နည်းတူ ပိုးဟပ်လော ပင့်ကူလောလည်း မကွဲပြားတတ်ပေ။

---

၃၂။ “ပုဂံဆေးရေးပန်းချီ” ရွှေကိုင်းသား၊ စာမျက်နှာ ၁၀၇၊ ပန်းချီမဂ္ဂဇင်း။

အရုပ်သဏ္ဍာန်တို့၏ အဆစ်အပိုင်းမှာလည်း မပြေပြစ်ချေ။ ပေါင်တွင် ထိုးသော အရုပ်များ မပြေပြစ်ခြင်းထက် ကျောင်း၊ ရင်ဘတ် စသည်တို့တွင် ထိုးနှံထားသော နတ်ရုပ်များ၊ ဘီလူးရုပ်များ မပြေပြစ်ပုံမှာ သိသာလှ၏။

စိတ်၌ခံစားခြင်းမှာလည်း ပန်းချီကားတချပ်ကို ကြည့်ပြီး ဖြစ်ပေါ်လာသော ခံစားရမှုမျိုးသည် ထိုးကွင်း မင်းကြောင် ရုပ်ကိုကြည့်ပြီး ဖြစ်ပေါ်သော ခံစားမှုမျိုး မဟုတ်ချေ။

တဖန် ထိုးကွင်းမင်းကြောင်ရုပ်များသည် တင့်တယ်ဖွယ်ရာ ဖြစ်သည်၊ တူသည် ဆိုရမည့် အချက်များနှင့်လည်း လုံးဝ ကိုက်ညီခြင်းမရှိချေ။

နောက်ဆုံး အချက်ဖြစ်သည့် စုတ်ဆေးကို သုံးစွဲခြင်းမှာလည်း ရေးဆွဲရသော ပန်းချီစုတ်မျိုးမဟုတ်သဖြင့် အကျုံးဝင်သည်ဟု မဆိုသာပေ။

ထို့ပြင် မြန်မာတို့၏ ပန်းချီသည် "ကနုတ်၊ နရီ၊ ကပီ၊ ဂဇာ" တွင် အခြေခံသော်လည်း ထိုးကွင်းမင်းကြောင် ရုပ်များတွင် မိန်းရုပ် မရှိသလောက်နီးပါး ရှားပါးသည်။ ဂဇာဟူသော ဆင်မှာလည်း နရီနည်းတူပင် ဖြစ်ကာ ကနုတ်နှင့် ကပီတို့သာ ထိုးနှံလေ့ ရှိကြ၏။ ထို့ကြောင့် ထိုးကွင်း မင်းကြောင်သည် ပန်းချီမဟုတ်ဟု ဆိုရပေလိမ့်မည်။

အခန်း ၃

# ထိုးကွင်းမင်ကြောင်ဆေးများ

## အထက်ဆေးနှင့် အောက်ဆေး

ထိုးကွင်းမင်ကြောင်၏ အစသည် မင်နှင့် ဆေးဝါး အစီအရင် ရောစပ်ကာ ဂါထာမန္တန်များ၊ အင်းများ၊ တစုံတရာ ရည်ရွယ်ချက် ရှိသော အရုပ်များကို ထိုးနှံခြင်းမှ စတင်ခဲ့ပေသည်။

ဦးကြင်ဥ၏ ပါပဟိန် ပြဇာတ်တွင် ပါပဟိန် မင်းသား၏ ပတ်ညွန်းကို ကြည့်လျှင် တွေ့ရပါလိမ့်မည်။

"ဂဝံပုံပုတီး၊ နတ်ကြိုးလေးပါး၊ဆေးကျားကြောင်ဝက်၊အိုင်အင်းဇက်လဲ၊ တကွက်မကျန်၊ ကိုယ်လုံးပြည့်နှံမိပြီ။ ဘယ်ဘေးရန်မစိုး ရှိန်းအဟန့်ဆာယာနှင့် ဂါထာကိုနှိုးပြီးလျှင် မြို့ရိုးကိုသာ ခုန်ရဦးတော့မည်ဗျား....

"ရော သည်တခါ၊ ဂါထာဇက်အင်း၊ ထိုးကွင်း လက်ဖွဲ့၊ ခါးလှည့် ကျားကြောင်၊ ဆေးမြားမြောင်နှင့်၊ အာစရိယ ခေါင်ချုပ်က ခုနစ်အုပ် ဦးဖွနှင့်၊ ထကြွအောင် တင်ပါးကိုလက်ပါးပုတ် လွှဲဆော်၍ မြို့ရိုးကျော်အလွှားကို ပတ်ကြောင်ကျားနိုး ....

"ရော သည့်တခါ၊ ခိုင်မာစေဖို့၊ မြို့သစ်တပ်ကို၊ ကြပ်ကြပ်ခြေစုံ၊ ရပ်တည်လို့ ခုန်တော့မည်။ စက်စုံအပ်မြှုပ်၊ လည်ကုပ်ကင်ုံး၊ ပခုံးဆံစပ်၊ ပိုးဟပ်တသွယ်၊ ဒေါင်းလည်ပြန်ပေါင်၊ ကြောင်ရင်း ဒါလီ၊ ဇော်ဂျီ လက်ယာ၊ ဝိဇ္ဇာ လက်ဝဲ၊ ဖရုံဆွဲကျား၊ တင်ပါးကမျောက်၊ ခါးကောက်ဘီလူး၊ နဖူးပင့်ကူ၊ တက်တူလက်ညှိုး၊ ပါးရိုးအိမ်မြှောင်၊ ဆိုခဲ့ပြီး ဂုဏ်ဟိတ်၊ ဆေးကျားကြောင်အအိပ်နှင့်၊ ရိုးရိပ်မျှမမြင်အောင်"

ဂါထာမန္တန်ဖြင့် စီရင်ထားသော အပ်ကို အရေခွံအောက်တွင် မြှုပ်နှံထားသည်။ ဇွဲကောင်းစေရန် ငုံးရုပ်၊ ပြေးလွှားပုန်းလျှိုးတတ်စေရန် ပိုးဟပ်ရုပ်၊ ရန်မာန် အန္တရာယ်ကို ချင့်ချိန်ရှောင်ကွင်းတတ်စေရန် ဒေါင်းလည်ပြန်ရုပ်၊ အတက်ကောင်းအကျကောင်းစေရန် ကြောင်ရုပ်၊ မြေလျှို မိုးပျံနိုင်စေရန် ဝိဇ္ဇာဇော်ဂျီရုပ်၊ ခုန်လွှားတိုက်ခိုက်ရာတွင် အောင်မြင်စေရန် ကျားရုပ်၊ အမြင့်တက်တွင် ကျွမ်းကျင်စေရန် မျောက်ရုပ်၊ သူတပါးကြောက်ရွံ့စေရန် ဘီလူးရုပ်၊ ပေါ့ပါး ညင်သာစေရန် ပင့်ကူရုပ်၊ ရန်သူ ရှာမတွေ့စေရန်၊ တေတေပေပေ နေတတ်စေရန် တက်တူရုပ်၊ မျက်နှာ ကြက် ကိုပင် ကပ်နေ နိုင် သည် အထိ အတွယ်အကပ် ကောင်းစေရန် အိမ်မြှောင်ရုပ် စသည်တို့ကို ထိုးနှံထားရာတွင် ဟသ်ပြဒါးချည်းဖြစ်စေ၊ မင်ချည်းဖြစ်စေ ထိုး၍မရပါ။

ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓ၏ ပဏ္ဍာမ ပတ္တနာ (ရွှေတိဂုံမြို့ဘွဲ့နှင့် ဆုတောင်း)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"ပန်းပေါင်းမင်းပေါင်း၊ ဂမုန်းပေါင်း၊ ကြိုတ်ပေါင်း၊ အိပ်ပေါင်း၊ အမြုတေပေါင်း၊ ပြန်ပေါင်း ကျီးပေါင်း၊ သည်းခြေ

ပေါင်း၊ စွယ်ပေါင်း၊ နက်ပေါင်း ခွက်ပေါင်းအစုံ၊ ကုံကုမံဂေါရော ဇဉ်း၊ ကက္ကုက မျဉ်းဆေးအကျော်၊ သနထော် အနံ ဘတ်၊ အရပ်ရပ်ဆေးရိုးအနေတွင်၊ သည်းခြေစုံရာစုံရာဖက်၍၊ မင်နက် မင်နီ မဟာဆီတို့ဖြင့်"၃၃

ပါပဟိန်မင်းသား၏ ပတ်ညွှန်းတွင် ဖော်ပြသော အရှုပ် များကို အထက်တွင် ဖော်ပြခဲ့သော "ပေါင်း" များအပြင် ရှားပါးခက်ခဲသော ဆေးဝါးများ ထည့်သွင်း ဖော် စပ်ကာ ဂါထာ မန္တန်များ စုတ်၍ နက္ခတ်သင့်သော အချိန်တွင် ထိုးနှံ ရရာ လူတိုင်း မထိုးနိုင်ပေ။ ငွေရှိသော်လည်း ဆေးဝါးမစုံ၊ ဆေးဝါးစုံငြားလည်း ငွေမပေးနိုင်။ ဆေးဝါးငွေကြေး ပြည့်စုံ စေကာမူ နက္ခတ်မကြုံ စသည်တို့ကြောင့် အလွယ်တကူမထိုး နိုင်ကြပေ။

ထိုကဲ့သို့ အစီအရင်ပြုလုပ်သော ဆေးများကို အထက်ဆေး အောက်ဆေးဟူ၍ ခွဲခြားထားပေသည်။

## အထက်ဆေးသုံးမျိုး

အထက်ဆေး အောက်ဆေး ခွဲခြားထားရာ၌ အထက်ဆေး သုံးပါး၊ အောက်ဆေး နှစ်ပါးဟူ၍ ရှိပါသည်။

အထက်ဆေး သုံးပါးတွင် ဘုရားဆေး၊ သကြားနတ်ဗြဟ္မာ ဆေးနှင့် ဝိဇ္ဇာစသော အထက်လမ်း မှော်အတတ်ပညာ ဆိုင်ရာ ဆေးများပါဝင်ပေသည်။

---

၃၃။ "ကျည်းကန်ရှင်ကြီး မေတ္တာစာစု" စာမျက်နှာ ၄၂။

## (၁) ဘုရားဆေး

ဘုရားဆေးအမျိုးအစားတွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားဆေး၊ ဘုရားငါးဆူဆေး၊ ဘုရားလေးဆူဆေး၊ ရှင်သီဝလိ ဆေးနှင့် ရှင်ဥပဂုတ္တဆေး ဟူ၍ ပါဝင်ပေသည်။

ဘုရားဆေး ဖော်စပ်ရန် ဗိန္ဓောဆေးဖက်များဖြစ်ကြသော ဇာတိပ္ဖိုလ်၊ လေးညှင်း နံ့သာမျိုး၊ ပန်းမျိုး စသည်တို့ကို မြတ်စွာဘုရား၏ဂါထာတော်များ၊ နှုတ်ကမ္ပတ်တော်များကျူး ရင့်၍ လည်းကောင်း၊ မန်းမှုတ်၍ လည်းကောင်း၊ ဖော်စပ် သည်။

## (၂) နတ်မှော်ဆေး

နတ်မှော်ဆေး အမျိုးအစားတွင် သိကြား ဦးသျှောင်ဆေး၊ အသူရိန်ဆေး၊ နတ်ကြီးလေးပါးဆေး၊ ငါးပါးဆေး၊ သူရဿတီ နတ်ဆေးနှင့် ဒေဝီခုနစ်ပါးဆေးတို့ ပါဝင်ကြပေသည်။

ယင်းဆေးတို့ကို ဖော်စပ်ရာတွင်လည်း ဘုရားဆေး ကဏ္ဍ တွင် ဖော်ပြခဲ့ပြီးဖြစ်သော ဗိန္ဓောဆေးမယ်များ စုဆောင်း ထုတေကာ သက်ဆိုင်ရာ နတ်ဂါထာများ မန်းမှုတ်ရသည်။

## (၃) ဝိဇ္ဇာမှော်ဆေး

ဝိဇ္ဇာမှော်ဆေး အမျိုးအစား၌ ရသေ့လေးပါးဆေး၊ ဝိဇ္ဇာ လေးပါးဆေးနှင့် ဇော်ဂျီ ဆေးတို့ပါဝင်ကြပေသည်။

ဆေးဖော်စပ်သောအခါ အထက်တွင် ဖော်ပြခဲ့ ပြီးသော ဗိန္ဓောဆေးများဖြင့် ဝိဇ္ဇာယမ မန္တန်များ ကျူးရင့်ကာ ဖော် စပ် စီရင်ရပေ၏။ ဤသည်တို့ကား အထက်ဆေး သုံးပါး ပေတည်း။

## အောက်ဆေးနှစ်မျိုး

အောက်ဆေး နှစ်ပါးတွင် ကာယသိဒ္ဓိ ကိုယ်ခံဆေး အမျိုးအစားနှင့် ပီယသိဒ္ဓိ သူချစ်ဆေးအမျိုးအစားဟူ၍ ခွဲခြားထားပါသည်။ ခေနသိဒ္ဓိ လာဘ်လာဘ ရှင်လန်းစေသောဆေးကား ကိုယ်ပေါ်တွင် အထိုးအနှံမရှိသောကြောင့် မပါဝင်ပေ။

## ကာယသိဒ္ဓိ ကိုယ်ခံဆေး

ကိုယ်ခံဆေးအမျိုးအစားတွင် ပေါရိသာဒဆေး၊ အာဋ္ဌာဝကဆေး၊ အပါးသုံးဆယ်ဆေး၊ အပါးတစ်ရာဆေး၊ မြောက်ဘက်ရှင်မဆေး၊ အနောက်ဘက်ရှင်မဆေး စသည်ဖြင့် အမည်အမျိုးမျိုးကွဲပြားသော်ငြားလည်း ချုပ်လိုက်သော်အောက်ပါခြောက်မျိုးသာရှိပေ၏။

ယင်းတို့မှာ –

(၁) အမြုတေများကို စု ပေါင်း ဖော် စပ် ထား သော "မတေပေါင်း"။
(၂) အစွယ်မျိုးစုံကို စုပေါင်းထားသော စွယ်ပေါင်း။
(၃) ဆေးရိုးကြီး ၆ါး။
(၄) ပ၊ ဒု၊ တ၊ စ နှင့် ပဥ္စမ ဆေးရိုးကြီး။
(၅) ဂမ္ဘီရ ဆေးရိုးကြီး။
(၆) သြဒိန္န ဆေးရိုးကြီးဟူ၍ ဖြစ်ကြပေသည်။

ပထမ ဆေးရိုးကြီး၊ ဒုတိယ ဆေးရိုးကြီး၊ တတိယဆေးရိုးကြီး၊ စတုတ္ထဆေးရိုးကြီး၊ ပဥ္စမ ဆေးရိုးကြီးဟု ခေါ်သော

ငါးမည်ရ ဆေးရိုးကြီးကို "ပုဂံဆေးရိုးကြီး" ဟူ၍လည်း ခေါ်တွင်ပေသေး၏။

ဩဒိန္န ဆေးရိုးကြီးကိုလည်း "အန္တိမဆေးရိုးကြီး"ဟုခေါ်သေး၏။ ယင်းတို့ကို ဗိန္ဒောဆေးဖက်ဝင် ပစ္စည်းများနှင့် ပေါင်းကာ သက်ဆိုင်ရာ ဂါထာများ မန်းမှုတ်ရပေသည်။

**ပိယသိဒ္ဓိဆေး**

ပိယသိဒ္ဓိ (သူတပါးက မိမိအား ချစ်ခင်စေသော) ဆေးများတွင် ငါးမျိုးခွဲခြားထား၏။

ယင်းတို့မှာ –

(၁) ပန်းမျိုးစုံကို စုပေါင်းထားသော ပန်းပေါင်း။
(၂) ဂမုန်းမျိုးစုံကို စုပေါင်းထားသည့် ဂမုန်းပေါင်း။
(၃) မဟာမြိုင် အချစ်တော်ဆေး။
(၄) စူလမုဏိ အချစ်တော်ဆေး။
(၅) သမားအချစ်တော်ဆေး ဟူ၍ ဖြစ်ကြပေသည်။

ဆေးဖော်စပ်လျှင် ဗိန္ဒောဆေးများတွင် အလိုရှိရာ တပါးပါးကို ထည့်သွင်းရပေသည်။ အထူးအားဖြင့် နတ်မော်ဆေးကဏ္ဍာ၌ ပါဝင်ခဲ့သော သူရဿတီဆေး၊ ဒေဝီ ၇ ပါးဆေးများကို ပိယဆေး (မျက်နှာပွင့်ဆေး၊ သူချစ်ဆေး) ဖော်စပ်ရာတွင် ထည့်သွင်း အသုံးပြုတတ်ကြသေးသည်။ [၃၄]

ထိုဆေးများကို လူ၏ ကိုယ်ခန္ဓာတွင် ထိုးနှံသောအခါ ဟသ်ပြဒါးဖြစ်စေ၊ မှိုင်းဖြစ်စေ ရောစပ်ပြီး ရှစ်ခွစုတ်၊ ၁၂ ခွ

---

၃၄။ နှံသဲ-အင်းလေး၏ မှတ်စုမှ ကောက်နုတ်ချက်၊ ဆေးဆရာ ဦးဥာဏ်ဗိုလ်။

စုတ်တို့ဖြင့် ထိုးနှံကြပါသည်။ ဟာသ်ပြဒါးသည် အနီရောင်ရ၍ မှိုင်းသည် အမည်းရောင် ရရှိ၏။

ဆေးနီသည် အသားဖြူသော တောင်ပေါ်သား အအေးပိုင်းသားတို့တွင် ကြာရှည်ထင်ရှား တည်ရှိနေသည်။ လှပတင့်တယ်သည်။ အသားမည်းသူ ညိုသူတို့တွင်မူ ဆေးနီသည် ကြာရှည် မပေါ်လွင်သည့် အတွက် မှိုင်း(မင်)ဖြင့်သာ အထိုးများကြပေ၏။

ဤမှတပါး ယုတ်နိမ့်သော အနေအထိုင်၊ ယုတ်ညံ့သော အပြုအမူနှင့် ရည်ရွယ်ချက်များသာ ပြည့်လျှမ်း နေသည်ဟု ယူဆခြင်းခံရသော အောက်လမ်း ဆရာများ အသုံးပြုသော ဆေးများရှိသေးသော်လည်း အကျိုးရှိဖွယ်မမြင်သောကြောင့် ချန်လှပ်ခဲ့ပါသည်။

## သိဒ္ဓိဆေးများ၏ အာနိသင်

အထက်ပါဆေးများ စုဆောင်းပုံ စီရင်ပုံများကို တင်ပြပါဦးမည်။ သစ်ပင်များပေါ်တွင်သာ ပေါက်ရောက် ကြီးပွားသော "ကြီးပေါင်း"ပင် တမျိုးသည် မြန်မာနိုင်ငံ အနှံ့အပြားတွင် ရှိ၏။ အပင်ကြီးတိုင်းကို မှီခို ရှင်သန်လေ့ ရှိသည်။ ထို့ကြောင့် သရက်ပင်တွင် ပေါက်သော ကြီးပေါင်း၊ ကုက္ကိုပင်တွင် ပေါက်သော ကြီးပေါင်း၊ ဖျောက်ဆိပ်ပင်တွင် ပေါက်သော ကြီးပေါင်း စသည်ဖြင့် မှီတင်းရာအပင်ကိုစွဲ၍ အမည်တွင်လေ့ရှိ၏။

ထိုကြီးပေါင်းတရာ စုဆောင်း၍ ဆေးဝါး ဖော်စပ်ရန် စီစဉ်ထား သူသည် ကြီးပေါင်းရှာရန် ထွက်တိုင်း သတ်မှတ်

ထားသော ဂါထာကို ရွတ်ဖတ်သွားရသည်။ ထိုနည်းတူပင် အခြား ဆေးများအတွက် အခြားဆေးမယ်များ ရှာဖွေရန် သွားသူများအတွက်လည်း သက်ဆိုင်ရာ ဂါထာများရှိ၏။

ပုံစံအားဖြင့် ကျီးပေါင်းတရာပါသောဆေး ဖော်စပ်သည် ဆိုပါစို့။ ကျီးပေါင်းတရာကို စုပေါင်းအမှုန့်ကြိတ်သည်ဖြစ်စေ၊ အတောင့်ပြုသည် ဖြစ်စေ ထိုသို့ ဆောင်ရွက်ချိန်တွင် သက်ဆိုင်ရာ မန္တန်ကို ဦး ခံကာ ရွတ်ရသည်။ ထိုဆေးများကို သိဒ္ဓိ တင်မည် ရှိသောအခါတွင် ပွင့်တော်မူပြီးသော မြတ်စွာဘုရား တို့၏ အမိန့်တော်ဟုဆိုကာ ဆေးစောင့်နတ်ကို ခေါ်၍ ဆေး အပ်သည်။ ရတနာသုံးပါး၏ ဂုဏ်တော်ဖြင့် သိဒ္ဓိတင်သည့် အခါ တင်သည်။

သိဒ္ဓိတင်ပြီးသော ဆေးများကို အခါသင့်၊ နက္ခတ်သင့်ဖြင့် ဟသ်ပြဒါးဖြစ်စေ၊ မင်ဖြစ်စေ ရောနှောကာ ဆေးကြူးသည် ဟူ၍ ရှိသေး၏။ သမ္မာဒေဝ နတ်ကောင်းများ အမိန့်ပါသည့်အခါ ပါ၏။ သက်ဆိုင်ရာ ဆေးစောင့်နတ်၏ အမည် ပါသည့်အခါ ပါ၏။ ဆေး၏အစွမ်းသတ္တိလည်း ပါဝင်၏။

ထိုးနှံချိန်တွင်လည်း ထိုးနှံပေးသော ဆရာက ရွတ်ဆိုရမည့် ဂါထာ မန္တန်များတွင် နတ်များ၊ ဘီလူးများ၏ အမည်များ ပါဝင်ပေသည်။ တခါတရံတွင် ဆေးထိုး ခံရသူပါ ရွတ်ဆိုရ တတ်၏။

မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းဓလေ့တွင် တစ္ဆေသရဲများ၊ စုန်းကဝေ ဇော်ဂနီများ ပြိတ္တာအဆင့်ရှိ နတ်များနှင့် သမ္မာ ဒေဝ နတ်များသည် ကျယ်ကျယ်ပြန့်ပြန့် နေရာယူခဲ့ကြဖူးပေ သည်။ ထိုကြောင့် နတ်အစောင့်အရှောက်ဖြင့် စီရင်သည် ဆိုသော ဆေးများကို အမှန်ပင် နတ်များ ဘီလူးများစသော

သက်ဆိုင်ရာ ဆေးစောင့်များက စောင့်ရှောက်လျက်ရှိသည်ဟု ယုံကြည်သူများ ရှိခဲ့ဖူးပါသည်။

ထိုသို့ ယုံကြည်စေရန်ကြီးကျယ်သော အခင်းအကျင်းများ စီမံသည်။ ခမ်းနားသော အဆောင်အယောင်များ ထည့်သွင်းထားသည်။ ထို့ကြောင့် ယုံကြည်သည့်အလျောက် ဆေးစွမ်းမပြယ်စေရန် မီးနေအိမ်သို့ မလာသူများ၊ မီးနေအိမ်မှ အစာ၊ အသုဘ အိမ်မှ အစာကို ရှောင်သူများ၊ အသုဘ ယာယီ မထမ်းသူများ၊ အသုဘ မပို့သူများ များစွာရှိပေသည်။

အခြားနည်းဖြင့် ယုံကြည်သူများ ရှိခဲ့ဖူးပုံကိုလည်း ဆရာကြီး ဦးကြာထွန်း၏ "ယော" စာအုပ်တွင်

"ဂမုန်းဂိုဏ်း ဟူ၍လည်း ရှိသေး၏။ အထက်နတ်များ စောင့်ရှောက်သည်ဆိုသော ဂမုန်းဥ အမျိုးမျိုးကို ရှာဖွေ စုဆောင်း၍ နတ်ပွဲများ (ငှက်ပျောပွဲ၊ အုန်းပွဲ) အကြီးအကျယ် ခင်းကျင်း စီစဉ်ကာ ဂမုန်းဆေးများကို ကိုယ်ခန္ဓာ၏ အရေးကြီးသော အစိတ်အပိုင်းများတွင် ထိုးကြသည်။ ဂမုန်းဂိုဏ်း၏ ဆေးရောင်မှာ ဟင်္သပြဒါး အနီရောင်နှင့် ရောစပ် ဖျော်ထားသောကြောင့် ထိုးထားသော ဆေးများမှာ နီရဲလျက်ရှိ၏....

"အနည်းဆုံး သုံးဂိုဏ်း ထိုးနှံထားလျှင် ကိုယ်လုံးသည် ပယောဂများ မနှောင့်ယှက်နိုင်ဟု ဆိုသည်။ ငါးဂိုဏ်း၊ ခုနစ်ဂိုဏ်း၊ ကိုးဂိုဏ်း၊ ၁၂ ဂိုဏ်း စသည်ဖြင့် အဆင့်ဆင့် မြင့်တက်သွား၏။ ဂိုဏ်းများများ ထိုးနှံထားလေလေ သြဇာတန်ခိုး ပို၍ ထက်မြက်လေလေ ဖြစ်သည် ဆို၏။"

ဟူ၍ ရှေးက ယောဒေသတွင် ထိုးကွင်းမင်ကြောင်နှင့်ဆက်နွှယ် ဆေးများအပေါ် စွဲလမ်းခဲ့ကြဖူးပုံကို ဖော်ပြထား၏။

ထိုစာအုပ်မှာပင် ဆေးတမျိုးအကြောင်းကို ဤသို့ဖော်ပြ ထားပါသည်။

"အခုန်အပျံ ပေါ့ပါးရေးအတွက် မြောက်ဘက်ရှင်မ ဆေးကို ထိုးနှံတတ်ကြ၏။ သို့ရာတွင် ယင်းဆေးသည် ခိုးဝှက် စေတတ်သော သူခိုးဆေးဖြစ်၍ လူမသုံးကြ တော့သောကြောင့် ကွယ်ပျောက်သွားပြီ အပြော ရှိ၏" ၃၅

ဗုံတိုသီချင်း တပုဒ်တွင်ကား ခိုးတတ်သော ဆေးကို ကြောင်ဆေးဟု အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ဖူးသည်။

သျှောင်ကြီးမွှေ ပျို့နဲ့ညား၊
လားလားမှ မကြာခင်၊
မွေးမယ်ရှင် "ငါ့အိမ်တွင်းက၊
ဆင်းကွယ်"တဲ့နှင်လေ့။
ဘယ့်တွက်ကြောင့် မွေးမယ်ရှင်၊
ဆင်းကွယ်တဲ့နှင်။
ဖြစ်ရှိယင် ရွှေသျှောင်ထုံးကို ဆုံးမပါလေး။
နှင့်လူမှာ ကာလသားဟာမို့
သောက်စားမှု တတန်ပို၊
ဓားမြှောင်ကို ခါးမှာညှပ်
ခိုးတတ်တယ်ဆိုလေ့။
ဆင်းကြပါဆို ငါတို့မှာ လူအိုမို့

၃၅။ "ယော" ဦးကြာထွန်း၊ စာမျက်နှာ ၂၀၀။

အမှုကို ရှိသေရတယ်၊ ဆင်းကြပါလေး။
မွေးမယ်ရှင် ကျွန်ုပ်ပြောမယ်၊
သဘောကျ နားထောင်၊
လက်ညှိုးမှာ ကြောင်ညီနောင်ကြောင့်၊
သန်းခေါင်ကျော် လေပြေထ၊ ခိုးရသလေး။
ငါဆိုယင် စိတ်မဆိုးနဲ့၊
ခိုးတတ်တဲ့ ကြောင်ညီနောင်၊
မကြွအောင် အမေပြောမယ်၊
ဘောနှင့် နားထောင်လေ့။
မကြွအောင် လက်ညှိုးကို ရွှေဆောင်လို့
ကြောင်နှစ်ကောင် သည့်မျက်လုံးကို၊
စုံးဖောက်စို့လေး။
တိုက်တွင်းလှောင် ခတ်ခြေချင်း၊
ထိုးကွင်းကျွတ် ဆိုတဲ့ကြောင်
ရွှေတထောင် ပျှိမောင်ပေးလို့ ထိုးရသလေး။
မှိုင်းညီနောင် ကြောင်တန်ခိုး၊
နှိုးလိုက်ယင် ရှိန်းဆာယာ၊
ရွှေဖြစ်ယင် ကျော်တစောပေါ့
အောချထိုက်စွာလေ့ ။
မွေးမာတာ
သေးသေးရယ် မထင်ပါနှင့်၊
ဆယ့်ငါးတာ တပ်တိုင်များကို၊
လွှားထွက်တဲ့ဆေး။ [၃၉]

မအေနှင့် သမီး အချီအချ ပြောကြရာ၌ ကြောင်ဆေး

၃၉။ "ကမ္ဘာ့ဥယျာဉ်" ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးဆာ၊ စာမျက်နှာ ၅၅။

အပေါ်တွင် အဘယ်မျှ အမွှမ်းတင်ထားပုံကို ပေါ်လွင် စေချင်သောကြောင့် အစအဆုံးဖော်ပြပေးခြင်းဖြစ်ပါသည်။

ရွှေဘိုဆိပ်ခွန်ရွာ ကောက်စိုက် သီချင်း များတွင်လည်း အလားတူ တေးတပုဒ်ကို တွေ့ရပါသေးသည်။

ဟိုက်ဆိုလို့ ပေါင်ကို ပုတ်တယ်၊
တိုးထုတ် ပြေးခုန်လေ့။
ကြောင်ကိုယုံလို့ ခုန်လိုက်စမ်းကွယ်
ကိုးတောင်မြေ (ပြည့်) ခန်း။[၃၇]

ထို့မှတပါး သူရဲအစု ဟန်ချင်းတပုဒ်ကို တွေ့ရပါသေးသည်။ အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့မန္တရား၊ ဆေးဝါး အစီရင်များကို အားမကိုးကြောင်း ဖော်ပြထားသော်လည်း ယင်းတို့ကို ယုံကြည် အားထားသူများ ရှိကြောင်း သွယ်ဝိုက် ဖော်ပြရာ ရောက်ပေသည်။

"ထားလှံမီးပေါက် ဗုံးအမြောက်၊ ရုပ်နာမ် ကိုယ်ပျောက် အတင်တင်၊ ငါတို့ကိုယ်တွင် ဆန့်တချိုးမျှ မြုပ်နှံမထိုး သိဒ္ဓိလုံ။ ရွှေဘုန်းတော် ဟုန်ကိုးတဲ့ ကျွန်ရင်း။ ဒါနေ့ဘယက္ခ ပုဏ္ဏက မြေပြင်အမျှ ဝိုင်းလာစေ။ ထောင်းထောင်းကြေအောင်ချေကာဖြတ်လို့...."[၃၈]

ထို့မှတဖန် ကျည်းကန်ရှင်ကြီး ရှင်နန္ဒဓဇ၏ မေတ္တာစာ စာစုမှာပင် မင်ကြောင်ရုပ် အမျိုးမျိုးကိုဖော်ပြယင်း တကာယ် စွမ်းလေဟန် ရေးဖွဲ့သွားပြန်ပါသေးသည်။

"သာမဏေကျော် သီရိစကာ၊ ကပတ်ကွက် သရေကြာ၊

---

၃၇။ "စလေ့အာသာ ရေးတကဗျာများ" ဦးဖေမော်မောင်ထင် (မဟာဝိဇ္ဇာ)၊ စာမျက်နှာ ၂၇။
၃၈။ "သီချင်းသစ်ဓလေ့" ဒုတိယအုပ်၊ ဦးဖိုးလတ်၊ စာမျက်နှာ ၄၉။

ကတ္တရာနှင့် စမ္ပာနဝ ဘီလူးခေါက်၊ အက္ခရာလေးလုံး ဝါကြိုတ်လိမ်အမျက်၊ ဂဏန်းတွေ အဆင်းအတက်၊ ဂါထာမန္တန် တွဲရုံလျက်၊ အင်းကွက်ပုံ အသေအချွေတွင် ဆင်သွား မြင်းသွား ဗိုလ်သွားရထားတိုက်၊ အလိုက်သင့် အနေစုံတွင် ဖက်လက်၍ လက်ဝဲဘက်ကား ကျားညီနောင်၊ လကျာ်ပေါင်မှာ အိမ်မြှောင်တွေအဆင်းအတက်၊ နားရွက်မှာ လိပ်ပြာတောင်၊ ထိပ်ပြောင်မှာ ကြက်ခြေ ရစ်၊ အ ဆစ် ဟူသမျှမှာ သု ည တွေ အလုံးလုံးပခုံးနှင့် လည်ကုပ်မှာ အင်္ဂမုခ် ဆယ့်နှစ်ခွင်၊ ကျောပြင်မှာစမ္ပာနဝပြာသာဒ်၊ အာဇပ်နှင့် နူတ် ရေး မှာ သောဥတ္တိ။ အပြန်အလှန် ဆံစပ်မှာ တိလောမာလေးဇော၊ မြင်ကောင်းရာဟူသမျှ တခွင်မှာ အင်းစီးကျား၊ တဟုန်းဟုန်း သလုံးသား နှစ်ဘက်ကတက်ကြဟန်၊ ဆင်းကြဟန် မျောက်ကလေးတွေ စီရရီ၊ လက်ဖျံအိမ်မှာ ဆေးနီနှင့် စာကြောင်းတွေ၊ နေဝင်ကြောင် မှိုင်းကြောင်၊ ခိုးကြောင်၊ တိုးကြောင်၊ သဲကြောင်၊ ဗားနွဲ့ကြောင်၊ ခါးပတ် ကြောင်၊ ခါးပြတ် ကြောင်၊ မိုး မှောင် ကျ ကြောင်ပက်လက်၊ စားခွက်နှိုက် သံလျက်ကိုက်၊ မြီးချင်းဆိုက် ခေါင်းချင်းတိုက်၊ အရွေလိုက် ကြောင်အလွန်၊ ဂဝံပုံ ပုတီး၊ ကျားဘီလူးကြီးအင်းစီးပြည်လုံးမွေ့၊ကေသရာဇာ တံခွန်စိုက်၊ ထိုက်ဖလို့ကြောင်၊ သူကောင်ချီ ကြောင်ဒါလီ၊ ညောင်ဘီလာယဝ၊ ကိုးလုံးဝ အထွေထွေ၊ အခြေအကွင်းတို့ကို ကိုယ်တွင်းပြည့် အထပ်ထပ်၊ တရစပ် တင်းကြမ်း အလျှမ်းသား စိတ်ရှိန့်၍ ရှိန်းအုံ့ဆာယာ အစုံပါနှင့် လာရော့ ယောကျာ်းကောင်း၊ အလောင်းမင်း တရားကြီး၏ ကျွန်သေနတ်ဝန် တွန်တို့ထက်ဆုထက်ထောင်ရာဝင်၊ ထိုးမဝင် ခုတ်မရှ ပြီးစီးလှသော”[၄၉]

၄၉။ “ဈေးကန်ရှင်ကြီးမေတ္တာစာနှင့်ခက်ဆစ်အဖြေ” ဆရာပွား၊ စာမျက်နှာ ၄၃။

ထိုဆေးများသည် ဆိုခဲ့သည့်အတိုင်း အမှန်ပင် စွမ်းပါသလော။ ဓားနှင့်ထိုး ဓားကျိုး၍ လှံခွေပါသလော။

ပုံစံတခုပြပါမည်။ အပါးသုံးဆယ်ဆေး ဟူသည် ဓားလှံသေနတ်၊ ဒူးလေး၊ တံတောင်၊ တင်းပုတ်၊ ဖနောင့်၊ ဒူးစသည်ဖြင့် လူကို ကျိုးပဲ့ သေကြေစေနိုင်သော လက်နက် အပါးသုံးဆယ် "ပိး" သည်ဟူ၏။ ဓားဖြင့်ခုတ်လျှင် မပြတ်မရှ။ လှံဖြင့် ထိုးလျှင် မစူးမပေါက်။ အုတ်ကျောက်ဖြင့် ပစ်ပေါက်လျှင် မကွဲမပြဲ။ ထိုကဲ့သို့ အယူရှိကာ အစီအရင်များဖြင့် ထိုးနှံကြ၏။ အမှန်ပင် "ပိး" (ပြိး)ပါသလော။ အဖြေမှာ မပြိးပါဟူ၏။

ပါးစပ်ပြောဒဏ္ဍာရီတွင် ဗျတ်ဝိဗျတ္တတို့ ဇော်ဂျီဖိုလ်ဝင်သားစားသောကြောင့် ရှိန်းဆာယာ ပိုမောက်ကာ ကိုယ်ပျောက်သည်၊ စွမ်းအင်ဗလကြီးမားသည်၊ ပိးသည်ဟု ဆို၏။ ဗျတ္တနှင့်မယ်ဝဏ္ဏ၏ သားများမှာလည်း လူစွမ်းကောင်းနှင့် ဘီလူးမ၏ သားများမို့ စွမ်းသည် ဆိုပြန်၏။ သို့သော် လူနှင့်ဘီလူးမတို့ သင့်မြတ်ပြီး ဖွားသော ပဒကုသလမှာ မိခင်ဘီလူးမကြောင့် စွမ်းသည်၊ ရှိန်းပြိးသည်ဟု မတွေ့ဖူးပေ။

ထို့ပြင် ဗားမဲ့ဆရာတော် ကိုယ်ပျောက်အင်းကို ကျောင်းသား၏ နဖူးတွင် "မှန်ကူ"စေပြီး ဘုရင့် စားတော်ပွဲကို ဝင်စားခိုင်းကြောင်း ယုံတမ်းစကားအဖြစ်သာ ဖတ်ရဖူးပေသည်။

သို့ဖြစ်လျှင် အဘယ်ကဲ့သို့ စွမ်းသည် ပိးသည် ဟူသော အယူအစွဲများ ပေါ်ပေါက်လာရသနည်း မေးစရာရှိပေ၏။

ရေတ်သီးကိုစားလျှင် စပ်၏၊ ပူ၏။ နမ်းကြည့်လျှင် မွှန်၏။ **ကိုင်သော် ပူ၏။ ဘီလူးသည် ကြမ်းတမ်း ကြွံခိုင်၏။ ရဲရင့်၏။ သာမန် ထိုးခုတ်တိုက်ခိုက်သော် အလွယ်ဖြင့်မရ။ ထိုဘီလူး၏**

အရုပ်ကို ရေးထိုးရသော် ယင်း၏ စွမ်းအင်ကို အငွေ့အသက်မျှ ဖြစ်စေရရာ၏ဟု ယူဆကာ ဘီလူးရုပ်ထိုးခြင်းဖြစ်နိုင်ပေသည်။

ထိုနည်းတူပင် အခြားပိုးမွှား တိရစ္ဆာန်နှင့် အကောင်များ၏ ပုံကို ထိုးနှံခြင်းမှာလည်း ယင်းတို့၏ စွမ်းအားကို ရည်ညွှန်းခြင်း ဖြစ်ပေသည်။

အထက်တွင် အရည်းကြီးတို့ အကြောင်းကို ဖော်ပြခဲ့ပြီးပါပြီ။ ထိုသူတို့သည် အတိုက်အခိုက် အသတ်အပုတ်၌သာ လေ့ကျက်နေရာ ကြံ့ခိုင်သန်စွမ်း၏။ ကျွမ်းကျင်၏။ တော်ရုံတန်ရုံ စွမ်းပကားဖြင့် အရည်းကြီးများကို သတ်ပုတ် တိုက်ခိုက်၍ မနိုင်နိုင်ပေ။

နိုင်ငံအနှံ့ရောက်ရှိသွားသော ထိုအရည်းကြီးများ၏ကြံ့ခိုင်သန်စွမ်းခြင်း၊ သတ်ပုတ်တိုက်ခိုက်မှု ကျွမ်းကျင်ခြင်း၊ အရှောင်အတိမ်း လျင်မြန် ဖြတ်လတ် ခြင်းတို့ကို မြင်ရသော လူပြိန်းများသည် အရည်းကြီးတို့၏ တတ်ပွန်လိမ္မာခြင်း၊ ထက်မြက်ခြင်းကား နိစ္စဓူဝ လေ့ကျင့် ဆည်းပူး နေသောကြောင့်သာဟု မတွေး။ ယင်းတို့၏ ကိုယ်တွင် ထိုးနှံထားသော အရုပ်များ၊ အင်းများ၏ အစွမ်းကြောင့်ဟု ထင်မြင်ကာ လိုက်လံတုပ ထိုးနှံခြင်းလည်း တကြောင်းပါဝင်သည်။

အရည်းကြီးများ ကိုယ်တိုင်က စားပေါက်ထွင်ခြင်းလည်း ပါမည်။ မြင်သူတို့ အထင်ကြီး ကြောက်လန့်စေသောကြောင့်လည်း အချို့ လိုက်လံထိုးနှံကြခြင်းလည်း ပါဝင်ပေမည်။

အင်းဝသိုဟန်ဘွားသည် တောင်ပလူ လယ်ပြင်သို့ သံဃာတော်များကို ဆွမ်းကပ်မည့်ဟန် ပင့်ဖိတ်ပြီး လုပ်ကြံပစ်ခြင်းမှာ တိုက်ရေး ခိုက်ရေး ကျွမ်းကျင် ထက်မြက်သော အရည်းကြီးများကို ကြောက်သောကြောင့် ရှင်းပစ်ခြင်း ဖြစ်ပေမည်။

ထိုသိဒ္ဓိဆေးများ အမှန် စွမ်းသည် ဆိုလျှင် ထိုဆေးများကို ဦးဆောင် စီရင်ပြီး ထိုးနှံပေးသော အရည်းကြီးများ သေဆုံး မကုန်တန်ရာ။

လာဘ်လာဘ ပေါ်များ စေလိုသောကြောင့် ရှင်သီဝလိ ဆေးကို ထိုး၏။ ထိုဆေးကလေး ထိုးကာမျှဖြင့် လာဘ်လာဘ ပေါ်များသည် ဆိုလျှင် ရှင်သီဝလိ မဖြစ်မီက ကောင်းမှုမျိုး ပါရမီမျိုးကို ရှင်သီဝလိကဲ့သို့ မည်သူမျှ ကြိုးစားဖြည့်ဆည်း မနေကြတော့ပဲ ဆေးချည်း ထိုးနေကြမည်သာ ဖြစ်၏။

ထို့ကြောင့် အရုပ်များ၊ အင်းများ၊ စမများနှင့် ယင်းတို့ အတွက် စီရင်သော ဆေးများ စွမ်းသည်ဆိုခြင်းမှာ စွဲလမ်း မှုသာ ဖြစ်ဖွယ်ရှိပါသည်။

တုတ်ပြီးဆေး ထိုးထားသောကြောင့် တုတ်ပြီးသည် ထင် နေသူသည် ဆေးအားကိုးဖြင့် ရဲရင့်နေ၏။ လုပ်ရဲ၊ ကိုင်ရဲ၊ ပြောရဲ၊ ဆိုရဲ ဖြစ်နေ၏။ အခြား ကာယသိဒ္ဓိဆေးများလည်း ထို့အတူပင်။

ပိယသိဒ္ဓိဆေး ထိုးနှံထားသူကလည်း ဆေးမထိုးမီက မဝံ့ မရဲ ဖြစ်နေခဲ့ငြားသော်လည်း ဆေးထိုးအပြီးတွင် ပြောရဲဆိုရဲ ရှိလာသည်။ ထိုအခါ အာစ၊ လျှာစ ကောင်းလာသည်။ ဤသို့ဖြင့် အဆင်ပြေသောအခါ ဆေးကြောင့်ဟု ပြောမည်။ အဆင်မပြေသောအခါ ဆေးညံ့သည် မပြောပဲ မြုံနေ၏။

သို့ရာတွင် ထိုခေတ်ထိုအချိန်အခါက လူများ၏ စိတ်နေ သဘောထား၊ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို ယနေ့အမြင် ယနေ့ မျက်စိဖြင့် ပြန်ကြည့်လျှင် နားလည် သဘောပေါက်ရန် အလွန်ခဲယဉ်းပါလိမ့်မည်။ ထို့ကြောင့် စာတတ်သူနည်းပါးသေး သောအခြေအနေ၊ အရည်းကြီးတို့၏ အလှည့်အပတ် အသိမ်း

အသွင်းကောင်းသော အရည်အချင်းတို့နှင့်ပေါင်းခြုံသောအခါ အင်းအိုင် ခါးလှည့် လက်ဖွဲ့မန္တယားနှင့် ဆေးဝါး အဆောင် အယောင်များကို လက်ခံယုံကြည်ခြင်းမှာ ထိုခေတ် ထိုအခြေ အနေအရ ဖြစ်ကောင်းသည်ဟု ယူဆနိုင်ပေသည်။

နောက်တကြောင်းမှာကား ဆေးဝါးအစီအရင်ကို မစောင့် နိုင်သောကြောင့် အရုပ်ဆိုလျှင် ပြီးရောဟု ထိုးနှံသူများ ပေါ် လာခြင်း ဖြစ်၏။ သို့သော် အချည်းအနှီး မဖြစ်ချေ။ အစီ အရင်ဖြင့် ထိုးနှံသူနှယ် အမြင်ခန့်ညား သည်သာ ဖြစ်သည်။ ဤသို့ဖြင့် မြန်မာတို့၏ လူမှုရေး နယ်ပယ်တွင် ထိုးကွင်းမင် ကြောင် သြဇာသည် အင်အားကြီးစွာ ဝင်ရောက် လွှမ်းမိုး လာခဲ့လေ၏။

## အခန်း ၄

# ထိုးကွင်းမင်ကြောင်အမျိုးမျိုး

### မင်ကြောင်သုံးမျိုး

မြန်မာတို့တွင် လူ၏ ကိုယ်ခန္ဓာအနှံ့ ဆေးမင်ကြောင်ထိုးကြရာ၌ အဓိကအားဖြင့် သုံးမျိုးခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ မျက်နှာတွင် ထိုးနှံခြင်း၊ ခါးအထက်တွင် ထိုးနှံခြင်းနှင့် ခါးအောက်တွင် ထိုးနှံခြင်းဟူ၍ ဖြစ်ကြပေသည်။

### မျက်နှာတွင် ထိုးနှံခြင်း

မြန်မာတို့တွင် မျက်နှာတနေရာမှာသာ ဆေးမင်ကြောင်ထိုးနှံသူများ ရှိပေသည်။ ယင်းတို့ကိုချင်းအမျိုးသမီးများဟူ၍ လူသိများသည်။

ယင်းတို့ မျက်နှာတွင် ဆေးမင်ကြောင်ထိုးခြင်းကို "ပါးရဲထိုးသည်"ဟု ခေါ်၍ ပါးရဲထိုးသော ဒေသများကမူ "ပါးမည်းထိုးသည်၊ ပါးထိုးသည်"ဟု ခေါ်ကြ၏။ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မွန်၊ တောင်ရိုး၊ ယောသား၊ မြန်မာ၊ ရခိုင်၊ ရှမ်းစသော မြန်မာ ယောကျ်ား များက ထိုးကွင်းရှိမှ ယောကျ်ား ပီသ

သည်ဟု ယုံကြည်ကြသည့် နည်းတူ အမျိုးသမီးများ ကလည်း ပါးရဲရှိမှ မိန်းမ(ချင်းအမျိုးသမီး)ပီသသည်ဟူ၍ သဘောထားကြ၏။

ချင်းပြည်နယ် အချို့နေရာများတွင် မျက်နှာတပြင်လုံး အပြည့်မဟုတ်သော "ပါးကြောင်"နှင့် "ပါးကျား"များလည်း ရှိသည်ဟု သိရ၏။ ချင်းပြည်နယ် တောင်ပိုင်း ဖြစ်သော မင်းတပ် မတူပီဒေသ၌ ပါးရဲထိုးပုံမှာ "ငလို့ရွက်" ကို ချေ၍ မီးခိုးမှိုင်းနှင့် ဖျော်ပြီး လူ၏ အရေခွံပေါ်တွင် ကြိမ်ဆူးဖြစ်စေ၊ အဖျား မကျိုးနိုင်သော ဆူးတမျိုးမျိုးဖြင့် ဖြစ်စေ အသား ပေါက်အောင် ထိုးခြင်းဖြင့် ထိုးနှံရသည်။[၄၀]

သို့ရာတွင် မကွေးတိုင်း စေတုတ္တရာမြို့နယ်၏ အများဆုံး လူဦးရေဖြစ်သော စေတုတ္တရာ (မြေပြန့်)ချင်းအမျိုးသမီးများ ပါးရဲထိုးပုံမှာမူ စုတ်ဖြင့် ထိုးခြင်းဖြစ်၏။

စေတုတ္တရာမြို့နယ်အတွင်း၌ မရင်းချင်းနှင့် လုံးပေါချင်း၊ ချင်းပုံချင်း၊ တောင်သူချင်း၊ မင်းကျချင်းတို့ မှီတင်းနေထိုင်ကြရာ ယနေ့အချိန်တွင် အသက် ၄၅ နှစ် အထက် အမျိုးသမီးကြီး တထောင်ကျော်မျှတွင်သာ ပါးရဲ(ပါးမည်း) ရှိပေတော့သည်။

ပါးရဲထိုးသော ရာသီမှာ အေးမြသော ဆောင်းလေးလ ဖြစ်၏။ သွေးထွက်နည်း၍ သွေးတိတ်မြန်သော ရာသီဥတု ဖြစ်၏။

ပါးရဲ အထိုးခံမည့်သူသည် များသောအားဖြင့် မိန်းမပျို ကလေးများသာ ဖြစ်ကြသောကြောင့် ဟိရိဩတ္တပ္ပအလို့ငှာ

---

၄၀။ "တိုင်းရင်းသားတို့၏ တူညီသော ရိုးရာဓလေ့ထုံးစံများ" စာမျက်နှာ ၂၉၇၊ ၃၀၀။

စောင့်ရှုံထားရသည်။ ဘေးတွင် ကိုင်ပေး ထိမ်းပေးမည့် သူများ၊ အားပေးမည့်သူများအဖြစ် ဆွေမျိုးသားချင်းများ ရှိကြသည်။

ပါးရဲထိုးပေးမည့်သူတွင် စုတ်သုံးချောင်း၊ မင်ခွက်နှင့် လက်ထောက် တပည့် တယောက်ပါ၏။ စုတ်သုံးချောင်းမှာ ၁၅ ခွစုတ်၊ ရှစ်ခွစုတ်နှင့် သုံးခွစုတ်တို့ ဖြစ်ပေ၏။ ၁၅ ခွစုတ်နှင့် ရှစ်ခွစုတ်မှာ မျက်နှာထိုးရန်ဖြစ်၍ သုံးခွစုတ်မှာ မေးစေ့ထိုးရန် ဖြစ်ပါသည်။

မင်ခွက်မှာ ပိတောက်နှစ်ကို ပွတ်ခံထားသော လက်မသာသာ အရွယ်ရှိသည့် ခွက်ဖြစ်သည်။ အချို့လည်း ဝါးဆစ်ခွက်ကို သုံးစွဲတတ်ကြသေး၏။

လက်ထောက်တပည့်မှာ အရေခွံတင်းနေစေရန် ဆောင်ရွက်ကူညီရသော "ပါးဖြဲသူ" ဖြစ်ပေ၏။

ပါးရဲစတင်ထိုးသော နေရာမှာ နဖူးဖြစ်ပေသည်။ နဖူးတွင် စတင်ထိုးသည်ကို "လက်စွပ်ကွင်းသည်" ခေါ်ကြ၏။ ပိန်းနေသော အမည်းထဲမှာပင် သေချာစွာ ကြည့်ပါက လက်စွပ်သဏ္ဌာန်ကလေးကို မြင်ရနိုင်၏။ အချို့လည်း လက်စွပ်ကွင်းသည့် ဒဏ်မျှပင် မခံနိုင်သောကြောင့် ထပြေးကြ၏။

နဖူးပြီးလျှင် ညာဘက်ပါးကို ထိုးသည်။ ထို့နောက် မေး၊ နှာခေါင်း၊ လက်ဝဲဘက်ပါး၊ မျက်ခွံတို့အစဉ်လိုက်ဖြစ်ပေသည်။ ပါးပြင်ကို ထိုးရာတွင် ရာဇမတ်ကွက် ထိုးပေသည်။ သို့ရာတွင် အမြင်အားဖြင့် ဗိန်းဖြစ်ကာ သေချာစွာကြည့်မှသာ ရာဇမတ်ကွက်ကို မြင်ရ၏။

ပါးရဲ အထိုးခံရာတွင် နားတက် (နားသီး) ကလေးသည် အနာကျင်ဆုံး နေရာဖြစ်ပေသည်။ မည်မျှ ဇွဲကြီးသော

မိန်းကလေးပင် ဖြစ်စေ နားတက် အထိုးခံရချိန်တွင် အနည်းဆုံးအဖြစ် တွန့်၍ သွားတတ်သေးသည်။

ပါရဲထိုးသောဆရာအတွက် အခက်ခဲဆုံးနေရာမှာ သွားဖုံး (အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း) မျက်ခွံနှင့် မျက်ခမ်းတို့ဖြစ်ကာ တမျက်နှာကို ပါးရဲထိုး၍ ပြီးစီးရန် ငါးနာရီခန့်ကြာမြင့်သည်။ ထို့ကြောင့် ပါးရဲထိုးသူတယောက်သည် နံနက်ရော ညနေပါထိုးမှ တနေ့လျှင် နှစ်မျက်နှာသာ ပြီးစီးနိုင်၏။

အလှအပ မခံစားတတ်သူတို့အဖို့မူ ပါးရဲသည် မည်းမည်းကြီး ဖြစ်နေသည်။ သို့ဖြစ်ငြားသော်လည်း ၎င်းတွင် အလှအပရှိသည်။ ပါးတွင် ရာဇမတ်ကွက် နဖူးတွင် လက်စွပ်ရှိသည့်နည်းတူ မေးစေ့တွင်လည်း တဦးနှင့်တဦး မတူညီသော အချိတ်ကလေးတွေ၊ ပန်းတွန့်ကလေးတွေ ရှိသည်။ မေးစေ့ကား ပါးရဲဆရာ လက်စွမ်းပြသော နေရာပေတည်း။

**အနာကုသပုံ**

ပါးရဲ အထိုးခံရသူမှာ ပါးရဲထိုးပြီးချိန်တွင် မျက်နှာတပြင်လုံး သွေးဖြင့် ရွဲနေသည်။ သွေးကို အဝတ်ဖြင့် သုတ်သင်ပြီးနောက် မျက်နှာတပြင်လုံးကို မင်ဖြင့်ပျံ့နှံ့အောင် လူးပေးရ၏။

ထို့နောက်တွင်ကား မဲဇလီရွက် ပြုတ်ရည် အေးအေးဖြင့် မျက်နှာကို နေ့တိုင်း ဆေးပေးရသည်။ ရောင်ကိုင်းနေသော မျက်နှာပြင်ကိုလည်း မဲဇလီရွက် ပြုတ်ရည် ဆွတ်ထားသော အဝတ်ဖြင့် ဖိ၍ဖိ၍ ပေးရ၏။ မှိုပိတ်နေသော မျက်လုံးကိုပါ ရေအေး အေးကလေး ဖြင့် ပက်ကာ ပွင့်အောင် ဖွင့်ပေးရ၏။

ထိုမျှ မျက်နှာကြီး တခုလုံး ရောင်ကိုင်းနေသောကြောင့်

အများအားဖြင့် အစားပျက်ကြ ငြားသော်လည်း အသား ကျစ်သူများမူ အရောင် သက်သာသည့် နည်းတူ အစား အသောက်လည်း မပျက်ချေ။ အထက်ပါအတိုင်း နေ့စဉ်ကုသ ယင်း ခုနစ်ရက်ခန့် ခြင်ထောင်အောင်းကာ အညှော်ရှောင်ရ သည်။ ညှော်ကိုကြောက်ရာတွင်ကား ဆေးလိပ်ညှော်(ဆေး လိပ်မှ ထွက်သော မီးခိုးနံ့)ကိုပင် ကြောက်ရှံသည်။

မဲဇလီရွက် ပြုတ်ရည် ဆွတ်ထားသော အဝတ်ဖြင့် ဖိပေး ခြင်း၊ မဲဇလီရွက်ပြုတ်ရည်ဖြင့် မျက်နှာသစ်ခြင်း၊ ရေအေး အေးဖြင့် မျက်နှာကို မကြာခဏပက်ပေးခြင်းဖြင့် ကုသခဲ့ရာ တပတ် သို့မဟုတ် တပတ်ကျော်အကြာတွင် အနာဖေးများ ကွာလာကာ အရောင်အကိုင်းလည်း တစတစ လျော့နည်း ပျောက်ကင်း သွားလေ၏။

ပါးရဲထိုးခမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ (၁၉၅၀-၅၂) အချိန်ခန့်က တမျက်နှာကို သုံးကျပ် ပေးရသည်။ ယင်းသုံး ကျပ်ကို ပါးရဲထိုးဆရာ နှစ်ကျပ်၊ လက်ထောက်တကျပ်ခွဲဝေ ယူရသည်။

ပါးရဲမထိုးသော အမျိုးသမီးသည် ပွဲလယ်မတင့်၊ မျက်နှာ ဖြူကြီးနှင့် "ဗန္ဒတ်"ဟု သဘောထားကြသည်။ လှပသည်ဟု မမြင်၊ ရိုင်းသည်ဟု ထင်ခဲ့ကြ၏။ သို့ကြောင့် နတ်"ပွယ်"သည့် အခမ်းအနားများသို့ ဝင်ခွင့်မပြုကြချေ။

**ပရဲမင် ဖော်စပ်ပုံ**

ပါးရဲထိုးရန် အတွက် မင် ဖော်စပ်ရပါသည်။ ထိုမင်မှာ မျက်နှာပေါ်တွင် အသုံးပြုရန် ဖြစ်သောကြောင့် ဂရုစိုက်ရ သည်။ ဆီမင်ကိုသာ အသုံးပြုရသည်။

**ဆီမင်ရအောင်** စုဆောင်းပုံမှာ နှမ်းဆီ အုန်းဆီနှင့် ပဲဆီစသော **ဆီ**တမျိုးမျိုး ထည့်ထားသော ခွက်တွင် အဝတ်မီးဇာတပ်ကာ မီးထွန်းညှိပြီး သပိတ်နှင့် သပိတ်ကဲ့သို့သော အုပ်စရာတခုဖြင့် အပေါ်မှဖုံးထားရ၏။ လေဝင်ပေါက်အတွက် အောက်ခြေမှ အနည်းငယ် ဟထားရ၏။ ဆီကုန်ချိန်တွင် သို့မဟုတ် မှိုင်းအလိုရှိလျှင် ဖုံးထားသော ခွက်တွင် ကပ်နေသည့်မှိုင်းကို နှီးပြားကဲ့သို့သော အရာမျိုးဖြင့် ခွက်တခုခုထဲသို့ ခြစ်ချ၏။

မှိုင်းသည် မင်မဖြစ်သေးချေ။ လူ့အသားပေါ်သို့ ပို့ရန်မဖြစ်သေး။ သတ်ရဦးမည်။ သတ်ရာ၌လည်း သေအောင်သတ်ရမည်။ မသေပဲ အသုံးပြုပါက ပေါင်နှင့် လက်မောင်းကျော ရင်ဘတ် ဆိုပါမူ ယားရံသာ ယားယံ၏။ မျက်နှာဆိုလျှင် အဖုအပိန့်တွေ ထွက်လာတတ်သည်။

ထို့ကြောင့် မှိုင်းကို သတ်ရပါမည်။ မှိုင်းကိုသတ်လိုသော် သည်းခြေဖြင့်သတ်ဟု ဆိုရိုးရှိ၏။ ထိုကြောင့် ပါးရဲထိုးမည့် မှိုင်းကိုလည်း သတ်ရပေမည်။

ဦးစွာပထမ ပိတောက်သားအနှစ် စဉ်းပြီးသား နှစ်ပြည်သားခန့်ကို ရေနှင့်ရောပြီး ပွတ်ရသည်။ စဉ်းသားမြုပ်အောင် ထည့်ထားသော ရေလေးခွက် တခွက်တင် ကျန်သောအခါ စဉ်းသားကို ဖယ်ပစ်ပြီး ဂျင်းခါးရွက် (ကြက်ဟင်းခါးရွက်) ကြောင်လျှာရွက် လက်တဆုပ်စီနှင့် နွားသည်းခြေ၊ ငါးသည်းခြေ ရရာတမတ်သားခန့် ထည့်ပြီး ခန်းလုမတတ်ဖြစ်အောင် ပွတ်ရသည်။

ခန်းလုမတတ် ဆိုရာတွင် မှိုင်းမှုန့်တကျပ်သားနှင့် အလေးတော်ဖြစ်သော ပမာဏကို ဆိုလိုပါသည်။

ထိုပွတ်ရည်ကို မှိုင်းမှုန့်တကျပ်သားတွင်ထည့်၍ ကျောက်

ပြားပေါ်တွင် တင်ကာ ကျောက်တုံးဖြင့် ကြိတ်တေရပါသည်။ ရေထည့်လိုက် နှံ့အောင်ကြိတ်လိုက် လုပ်သဖြင့် မှိုင်းမှုန်များ စေးပိုင်လာလျှင် မှိုင်းစေးကို အမျှင်ဖြစ်အောင် လုပ်ပြီး ဆွဲကြည့်ရသည်။ ထောက်ကန်မပြတ်ပဲ ပျဉ်းတွဲ နေသေးလျှင် ဆက်၍ ကြိတ်ပေးဦး၊ တေပေးဦး။ မှိုင်းစေး အမျှင်ကလေး "ထောက်" ကနဲ ပြတ်သွားမှ တေမှုကိစ္စ ပြီးစီးသည်။

ထိုသို့ စိတ်ကြိုက် "တေ" ပြီးသွားသော မှိုင်းစေးကို တပဲသား အရွယ် အလုံးကလေးတွေ လုံးကာ ကြက်ဆူရိုးနီရွက်ဖြင့် ထုပ်၍ ပေါင်းရပါသေးသည်။ ပေါင်းချောင်ဖြင့် နာရီဝက်နှင့် ပေါင်းလိုက် ကြက်ဆူရိုးနီရွက်ထဲမှ အလုံးကလေးတွေကို ထုတ်ပြီး နေလှန်းလိုက်၊ ထုပ်ပြီးတဖန်ပြန်ပေါင်းလိုက် သုံးခါလုပ်ရ၏။

ထို့နောက် မင်သေပြီလော မသေသေးသလော သိရန် စမ်းသပ်ရ၏။ စမ်းသပ်ပုံမှာ မင်လုံးကလေးတလုံးကို ညှပ်ဦးကကြိုတင်၍ ရေစိမ်ထားရသည်။ နံနက်တွင် ရေရောကာ ဖျော်ပြီးနောက် ရေအပြည့်ထည့်ထားသော အခြား ပန်းကန်ထဲသို့ မင်စက်ကို ချကြည့်ရ၏။ ရေထဲသို့ ကျသွားသော မင်စက်သည် ပြန့်ဆင်းသွားလျှင်မင်မသေသေး။ ကြက်ဆူရိုးနီရွက်ဖြင့်ထုပ်၍ ပြန်လည် ပေါင်းပေဦး။

သို့သော် ရေထဲသို့ ချလိုက်သော မင်စက်သည် ရေထဲသို့ စိုက်ဆင်းသွားလျှင်ကား ပြန်ပေါင်းရန် မလိုပြီ။ လူ့အသားပေါ်သို့ ပို့နိုင်ပြီ။ မင်သေပြီဟု ဆိုရပေမည်။ ပါးရဲ တမျက်နှာအတွက် မင်လုံးနှစ်လုံး သို့မဟုတ် တမူးသားခန့် အသုံးပြုရ၍ ဆီတပိဿာ မှိုင်းခံလျှင် မှိုင်းငါးမတ်သားသာသာ ရသည် ဆို၏။

တချိန်က ဤသို့လျှင် ခိုင်မာစွာ ဩဇာကြီးမားခဲ့ဖူးသော ပါးရဲသည် ယနေ့ အချိန်တွင်မူ တိမ်ကောသာလောက် ရှိနေပြီတည်း။[၄၁]

ပါးရဲမဟုတ်သော အခြား ထိုးနှံမှုများ ရှိပါသေးသည်။ ယင်းမှာ မျက်နှာတွင် ထိုးနှံခြင်းမဟုတ်ပေ။ လည်ပင်း၊ နား ရွက်နောက်၊ ကုပ်နှင့် ဦးခေါင်းတွင် ထိုးနှံသော သိဒ္ဓိဆေး များ ဖြစ်ပါသည်။ နားနောက်နှင့် နားထင်တွင် ဝလုံးထဲ၌ နယ် သွင်းထားသော "နယ်ကင်းပိတ်" ထိုးလေ့ ရှိသည်။ လည်ပင်းနှင့် ကုပ်တွင် ဝလုံးများ ထိုးကြသည်။ ဆယ်ပါး ပီးဆေး၊ အပါးသုံးဆယ် ပီးဆေးမှ အပါးတရာ ပီးဆေးအထိ ရှိပေသည်။ ဦးခေါင်း ဦးရေခွံပေါ်တွင် ထိုးရန် ဆံပင်ပြောင် အောင် ရိတ်ပြီးမှ ရှင်သီဝလိဆေး၊ နတ်ကြီးငါးပါးဆေး၊ စသည်တို့ကို အင်းအဖြစ် လည်းကောင်း၊ အရုပ်အဖြစ် လည်း ကောင်း ထိုးနှံလေ့ရှိကြပေ၏။

## ခါးအထက်တွင်ထိုးနှံခြင်း

ခါး၏ အထက်ပိုင်း ဖြစ်သော ရင်ဘတ်၊ ကျောနှင့်၊ လက် မောင်းတို့တွင် အင်းများ၊ ဂါထာမန္တန်များနှင့် အရုပ်များ ကို ဟသ်ပြဒါးဖြင့် ထိုးနှံလေ့ ရှိကြသည်။ အချို့လည်း မင်ဖြင့် ထိုးနှံထားသည်ကို တွေ့ဖူး၏။ အင်းများမှာ ဂဏန်းသွတ်သော အင်း၊ အက္ခရာသွတ်သောအင်းနှင့် နှစ်မျိုးစုံပါသော အင်းများ ကို ထိုးနှံကြသည်။ အင်းကွက်များမှာ လေးကွက်နှင့် ယင်း၏ အထက်ရှိသည်။

---

၄၁။ ပါးရဲဆရာ ဦးမြကြီး (စေတုတ္တရာ) နှင့် တွေ့ဆုံဆွေးနွေးချက်။

ဂါထာ မန္တန်များမှာ ရှိုးရှိုးစီပြီး ထိုးသည်ရှိ၏။ ထိုဂါထာ မန္တန်စာလုံးများကို အကြီးအသေး အပိန်အဖောင်း ပြုလျက် အလျားလိုက်ဖြစ်စေ၊ ထောင်လိုက်ဖြစ်စေ အရုပ်ဟုထင်ရသော သဏ္ဌာန်ပေါ်လာအောင် ထိုးသည်လည်းရှိ၏။ တဖန် အရုပ်များကို စာလုံးများပတ်ရံပြီး ထိုးသည်လည်းရှိ၏။

အရုပ်များမှာ အထက် ပုဂ္ဂိုလ်များဟု သတ်မှတ်သော ဝိဇ္ဇာဇော်ဂျီ နတ်ပြဟ္မာများ ဖြစ်ကြသည်။ သို့ရာတွင် ဘီလူး နှင့် တိရစ္ဆာန်ရုပ်များလည်း ပါလာတတ်ပေသေးသည်။ ရုံဖန် ရံခါ နေနတ်သားနှင့် လနတ်သားအဖြစ် ဒေါင်းနှင့်ယုန် ထိုး တတ်၏။ ယင်းတို့ကား များသောအားဖြင့် တစုံတရာ အကာ အကွယ်ရှိသည်၊ တစုံတရာ ပြီးမြောက်စေသည်ဟု သတ်မှတ် သော ဆေးများဖြစ်ကြပေသည်။

ရတနာပုံခေတ်တွင် ဆေးမင်ကြောင် ထိုးနှံပုံကို ဖော်ပြ သော စကားပြေတပုဒ်တွင်

"ကျောပြင်၊ ရင်ဘတ်၊ လက်ရုံးနှင့် နဖူး ဆံစပ်ပါမကျန် နောက်ဖြည့်အဆောင် မင်ကြောင်ဘီလူး၊ ဂဠုန်၊ နဂါး၊ နယား ကြောင်ကျား ကြွက်အိမ်မြှောင် အကောင် အစိတ်ခန့် အရွယ် စုံနှင့် ဥုံဗောဓိ မမဝိရောဟိရာ ၁၂၃၄၅၆၇ လုံကြီး လုံငယ် သုံးဆယ်×××ဟာနုမာန် မျောက်မင်းက ပပ္ပတပ္ပတိအပတိတိ အာတိရော အင်းတောင်ရွက်လျက် ဥုမ်သူရိယာဏံ ပလာရိ သွားဟ ဒေါင်းဒင်္ဂါးကို ယာခြေဖဝါးနှင့်နင်း၍ ဥုမ်စန္ဒယာဏံ ပလာရိ သွားဟ၊ ယုန်မင်းရုပ်ပါ ဒင်္ဂါးကိုဝဲခြေဖဝါးနှင့် နင်း ထားသော ပုံအထိ"[၄၂] စသည်ဖြင့် ဆေးမင်ကြောင်ရုပ်နှင့် စာ များပါ ထည့်သွင်းထားပုံကို တွေ့ရ၏။ လက်ဆစ် လက်ကောက်

---

၄၂။ "ငါ့ခြား ငါ့သွေး ငါ့ရောဝတီ" နှင့်၊ စာမျက်နှာ ၂၈၇။

ဝတ်တွင် စားခွက်နှိုက် ဆေးဟု အနက်ပြောက် အနီပြောက် ကလေးများ ထိုးကြ၏။

အထက်တွင်ဖော်ပြခဲ့ပြီးသော ပါပဟိန်မင်းသား ပတ်ညွန်း နှင့် ကျည်းကန်ရှင်ကြီး မေတ္တာစာ စာစု တတိယပိုဒ် တို့ကို ပြန်ကြည့်လျှင်လည်း သိသာနိုင်ပါသည်။

## ခါးအောက်ပိုင်းထိုးနှံခြင်း

ခါးအောက်ပိုင်းတွင် ထိုးနှံသော အရုပ်များကို ယေဘုယျ အားဖြင့် ထိုးကွင်းဟုခေါ်ကြသည်။ မင်ဖြင့်သော အထိုးများ၏ အင်းများ ဂါထာများ နတ်ရုပ်များ မတွေ့ရသလောက်ပင်။ ချက်နေရာမှ ဒူးဆစ်အထိထိုးသော ထိုထိုးကွင်းများတွင် အရုပ် အမျိုးပေါင်း ၆၀ ကျော် ရှိပါသည်။

ယင်းတို့မှာ (၁)ငုံး၊ (၂)ငါး၊ (၃)ငါးခေါင်း၊ (၄)ငါးမြီး၊ (၅)ကဒေါင်း၊ (၆) ဒေါင်းလည်ပြန်၊ (၇) ခွပ်ဒေါင်း၊(၈) ဝက်ကုန်း၊ (၉) ငှက်ဆင်း၊ (၁၀) ငှက်တက်၊ (၁၁)ကြာပွင့်၊ (၁၂) ဘီလူးဒူးထောက်၊(၁၃)ပန်းဆွဲဘီလူး၊ (၁၄) ဘီလူးလေးကင်း၊ (၁၅) သန် လျက် ထမ်း ဘီလူး၊ (၁၆) ဘီ လူး နှစ်ထပ်၊ (၁၇)ဇော်ဒူးထောက်၊(၁၈) ငှက်ကုန်း၊ (၁၉) နေခြည်၊(၂၀) ခရုဗွေ၊ (၂၁) မျောက်၊ (၂၂) စပါးနှံ၊ (၂၃) သစ်ခက်၊ (၂၄) ကိန္နရာနှစ်ထပ်၊ (၂၅) သစ်ရွက်၊ (၂၆) ကြောင်ဖီလာ၊ (၂၇) သမ်းကြောင်၊ (၂၈) ချိုး၊ (၂၉) ခို၊ (၃၀) ဘီလူးပန်းကိုက်၊ (၃၁) ဒေါင်းစောက်ထိုး၊ (၃၂) ကိန္နရာ၊ (၃၃) မင်းသား တုတ်ထမ်း၊ (၃၄) ဇော်ကိန္နရာ၊ (၃၅) ပင့်ကူ၊ (၃၆) ဇော်ပျံ၊ (၃၇) ပန်းဆိုင်၊ (၃၈) ပန်းဖူး၊ (၃၉) ကျား၊ (၄၀) ကျား

ပြောင်းပြန် နှစ်ထပ်၊ (၄၁) ရာဇမတ်၊ (၄၂) စက်ဝိုင်းခြမ်း၊ (၄၃) တမာရွက်၊ (၄၄) မန်ကျည်းရွက်၊ (၄၅) ပန်းတွန့်၊ (၄၆) တီကောင်၊ (၄၇) ရေလှိုင်း၊ (၄၈) သံပရာခွံ၊ (၄၉) ကြက်၊ (၅၀) ကျီးကန်း၊ (၅၁) တက်တူ၊ (၅၂) အိမ်မြှောင်၊ (၅၃) ကန်စွန်းနွယ်၊ (၅၄) ပန်းဖူး၊ (၅၅) ဘီလူးကိန္နရာ၊ (၅၆) မင်းဇော်ဘီလူး၊ (၅၇) ဘီလူးအာပြဲ၊ (၅၈) တိုးနယား၊ (၅၉) သားကြီး၊ (၆၀) ကြောင်ဆင်း၊ (၆၁) ကြောင်တက်၊ (၆၂) ဂဠုန်၊ (၆၃) သမင်လည်ပြန်၊ (၆၄) နတ်ဘီလူးတို့ ဖြစ်ကြ၏။

ပန်းဆွဲ ဘီလူးမှာ မြှောက်ထားသော လက်နှစ်ဘက်တွင် ပန်းပွင့်ပန်းခက်များ ကိုင်ထားသော ဘီလူးဖြစ်၏။ ဘီလူး ပန်းကိုက်မှာ ဘီလူးအာပြဲ၏ ပါးစပ်တွင် ပန်းနွယ်ပန်းပွင့်များ ထည့်ထားသောပုံဖြစ်ပေ၏။

ငှက်ကုန်းမှာ အချိုငှက်ကုန်းသည် ကိစ္စငှက်နှင့် တူ၏။ အချိုငှက်ကုန်းကား အစာ ငုံကောက်နေသော ဒေါင်းဖြစ်၏။

ကြောင်ဖီလာမှာ ခါးလျား ရှည်သော ကြောင် ဖြစ်၍ ကြောင်သမ်းကား လက်နှစ်ဘက်မြှောက်ပြီး ခါးနွဲ့ပါးစပ်ဖြဲ လျက် သမ်းဝေနေဟန်ရှိသော ကြောင်ရုပ်ဖြစ်ပါသည်။

နှစ်ထပ်ရုပ်များ ကိုတံကောက်ခွက်နေရာတွင် အတွေ့ရများ ပါသည်။ နှစ်ထပ်ကိန္နရာ ဟူသည် ကိန္နရာရုပ် တခုပေါ်တခု ဆင့်ထားခြင်းဖြစ်၍ ဘီလူးနှစ်ထပ်မှာလည်း ထိုနည်းရင်းပင် ဖြစ်ပေသည်။ မျိုးတူနှစ်ထပ်၊ မျိုးမတူနှစ်ထပ် အားလုံးမှာ ထပုံပေါ်တွင် ထပုံဆင့်ထားသည်ချည်း ဖြစ်ပေ၏။

ရှီးရှီးမထပ်ပဲ အလှုပ်အရှားကလေးဖြင့် ထပ်သော မျိုးမတူ နှစ်ထပ်ကိုလည်း တွေ့ရတတ်သည်။ တခုသောဇော်ကိန္နရာမှာ


## ခါးအောက်ပိုင်းတွင်ထိုးသောအရုပ်များ



အလံကိုင်ဘီလူး



တံခွန်လွှားဘီလူး



သန်လျက်ထမ်းဘီလူး




ဆော်ကုန်း



ဇော်




ငုံး



သံပရာခွံ



ကြောင်ဖီလာ



ကြောင်သမ်း




ဒေါင်း




ကြောင်ဆင်း



နှစ်ထပ်စာရံ



လိပ်



ငှက်



သမင်လည်ပြန်



ဂဠုန်



နန်ဿိလူး



ငှက်ကုန်း




ကိန္နရာဇော်



ဒေါင်းလည်ပြန်



ဘီလူးပန်းကိုက်



ငုံး



ဘီလူးစက်နင်း




ဝက်ကုန်း



မျောက်



ဘီလူးနှစ်ထပ်



ကိန္နရာနှစ်ထပ်



ဘီလူးကိန္နရာ



ဇော်နှစ်ထပ်

စာရံတခုတည်း အတွင်း၌ လက်နှစ်ဘက် မြှောက်ထားသော ဇော်ဂျီ၏ ခြေနှစ်ချောင်းကို ကိန္နရာက လှမ်းဆွဲနေပေသည်။

ပန်းဆိုင်မှာ ပန်းသုံးပွင့် ဖိုခနောင့်ဆိုင် တည်နေသော ပုံဖြစ်၍ ပန်းပူးမှာ နှစ်ပွင့်တည်း ရှိသော ပန်းဖြစ်ပါသည်။ စက်ဝိုင်းခြမ်းများ တခုထက်ပိုပြီး ပူးဆက်ထားလျှင် ရေလှိုင်း ခေါ်ပေသည်။ ငါးရုပ်ပုံမှာ စုတ်ထိုး၍ကောင်းသော ပေါင်တွင်းသား၌ အတွေ့ရများပေ၏။

ထိုးကွင်းရုပ်များကို ပတ်ရံထားသောစက်ဝိုင်းပုံ ဘဲဥပုံကို စာရံဟုခေါ်၏။ စာရံဟုခေါ်ရခြင်းမှာ သိဒ္ဓိအရုပ်များ ပတ်ပတ် လည်တွင် အက္ခရာစာလုံးများ ထိုးနှံခြင်းကို စာရံဟုခေါ်ခဲ့ရာမှ အဆောင်မဟုတ်သော အလှပုံများ ထိုးသောအခါတွင် စာလုံးဖြင့် မရံတော့ပဲ စက်ဝိုင်းပုံ မျဉ်းပြတ်များ စက်ဝိုင်းများဖြင့် ရံသည်ကို စာရံဟု အလွယ်ခေါ်သည် ထင်ပါသည်။

ထိုကဲ့သို့သော စာရံများ သုံးခုဆိုင်သောနေရာ လေးခုဆိုင်သော နေရာများတွင် ခနုကွက်များကို ထိုးနှံသည်။ ခနုကွက်ဖြင့် မဖြည့်လျှင် လစ်ဟာနေ၍ ကြည့်မကောင်း၊ မလှဟု ယူဆသည်တကြောင်း၊ ထိုကွင်းဆရာ ခိုကပ်သည် ထင်မည်စိုး၍ တကြောင်းကြောင့် ဖြည့်စွက်ခြင်း ဖြစ်ပေမည်။

ကြာပွင့်၊ ခရုပွေ့၊ နေခြည်၊ စပါးနှံ၊ သစ်ခက်၊ သစ်ရွက်၊ ဗိန္နု၊ ပန်းပူ၊ ပန်းဆိုင်၊ ရာဇမတ်၊ စက်ဝိုင်းခြမ်း၊ တမာရွက်၊ မန်ကျည်းရွက်၊ ပန်းတွန့်၊ တီကောင်၊ ရေလှိုင်း၊ သံပရာခွံ၊ ပန်းပူးနှင့် ပန်းနွယ်တို့သည် ခနုကွက်ဖြစ်ပေ၏။

ယင်းတို့အနက် ရေလှိုင်း၊ ရာဇမတ်ကွက်နှင့် ပန်းနွယ်တို့မှာ ကျင်ကြီး ပေါက်၊ ခါးနှင့်ဒူးတွင် အနားသတ်ရာ၌ အသုံးများပေသည်။ ခနုကွက်ထည့်ရမည့် စာရံစုံသော နေရာတွင် ခနု

ကွက်များ မထည့်ပဲ ကြောင်ထည့်ထားသော ထိုးကွင်းရှင်ကို ချောက်မြို့နယ် ကူဖြူရွာမှ ဦးဘကြည် တဦးတည်း ထံတွင်သာ တွေ့ဖူးပေသည်။ စာရံရိုးရိုး တွင်းဦကြိုး "စာရံ"ပါသူ၊ စာရံနှစ်ထပ်ပါသူများကိုမူ များစွာ တွေ့နိုင်ပေသည်။

## ထိုးကွင်းဝေါဟာရများ

ထိုးကွင်းအရုပ်များ ရောက်ရှိသည့် နေရာ အကျယ်အဝန်းကိုလိုက်၍ ထိုးကွင်းဝေါဟာရ အခေါ်အဝေါ် များ ကွဲပြားနေပါသည်။ ယင်းတို့မှာ မြေစိုက်၊ နံထောင်၊ ခါးကျ (ခါးချပ်)၊ ခါးကြောင်၊ ပေါင်တို(မြင်းစီး)၊ ကောင်စပ်၊ နံတို (ခါးပတ်)၊ ဒူးစွပ်နှင့် ကော်ရစ်တို့ ဖြစ်ကြ၏။

မြေစိုက်မှာ ကိုယ်ခန္ဓာ အထက်ပိုင်း ကုပ်နှင့်လည်ပင်းမှ စတင်ပြီး အရုပ်များထိုးလရော ခါး၊ ပေါင်၊ ခြေသလုံးများပါ မကျန်စေပဲ ခြေမျက်စိအထိ ထိုးနှံထားခြင်းကို ခေါ်ပါသည်။

နံထောင်ကား မြေစိုက် ကဲ့သို့ပင် ချိုင်းအောက် လက်လေးလုံး ကွာမှ စတင်သော်ငြားလည်း ဒူးခေါင်းဖုံးရုံအထိသာ ထိုးကွင်းရုပ်များ ထိုးနှံထားခြင်းကို ခေါ်၏။

ခါးကျထိုးနည်းသည် ချက်အထက် ချက်ဖုံးသည် ဆိုရုံမျှသောနေရာမှ စတင်ကာ ဒူးအထိ ထိုးသောထိုးကွင်း ဖြစ်၏။

ခါးကြောင်မှာ ဒူးလည်းမဖုံး ချက်လည်း မဖုံးပေ။ ချက်အောက်မှစတင်၍ ဒူးခေါင်း (ခုံညင်း) အထိသာ ထိုးနှံသည်။

ပေါင်တိုကို မြင်းစီးလည်းခေါ်၏။ မြင်းတက်စီးသူသည် ပုဆိုးကို ပင့်မထားရာ ပေါင်လည်လောက် အထိ အသားပေါ်နေ၏။ ထိုသို့မပေါ်လျှင် မဖြစ်သော အသားပေါ်တွင်

လူမြင်ကောင်းစေရန် ထိုးနှံသည့်အတွက် မြင်းစီးဟုခေါ်သည်။ ပေါင်ရင်းမှ ဒူးခေါင်းအထိသာ ထိုးကွင်းရှိ၏။

ထို့ကြောင့် "သတ္တိကြောင်မျိုး မြင်းစီး ပေါင်တိုထိုး" ဟူ၍ အချိုးအရပ်၌ ကဲ့ရဲ့စာချိုး ထားကြခြင်းဖြစ်၏။

ကောင်စပ်ဆိုသည်မှာ စာရံမပါပဲ ထိုးကွင်းရုပ်တွေချည်း ထိုးထားခြင်းဖြစ်ပါသည်။ ကောင်စပ်မှာ ရှားပါးလှပေသည်။

နံ့တိုကို ခါးပတ်ဟုလည်းခေါ်သည်။ ခါးအထက် ပုဆိုးစည်း နေကျနေရာတွင် ငွေဒင်္ဂါးလေးတွေ စီထားသည့်နှယ် လှိုင်း တွန့်ကလေးတွေ အဝိုင်းဆက်ကလေးတွေ ပေါ်ရုံမျှ ထိုးထား ခြင်းဖြစ်သည်။

ဒူးစုပ်မှာ ဒူးအထက် ပေါင်လယ်ကျောကျမှ ဒူးအောက် အထိ နံ့တိုနည်းတူပင် ဟန်ပြထိုးထားခြင်း ဖြစ်ပေသည်။ ထို ထိုးနည်းနှစ်မျိုးနှင့် ပတ်သက်သော "ထိုးလာခိုက် ထိုးလိုက်ပါ မောင်၊ ငွေတမူးနှင့် ဒူးစုပ်အောင်ထိုးလာခိုက် ထိုးလိုက်ပါ မောင်၊ ငွေတမတ်နှင့် ခါးပတ်အောင်" ဟူ၍ ကောက်စိုက် သီချင်း ရှိခဲ့ပေသည်။

ကော်ရစ်ကား မန်ကျည်းရွက်၊ တမာရွက်၊ သံပရာခိုင် စသည်တို့ကို ပေါင်အလယ်တွင် စေတီသဘောမျှ ခပ်ကျဲကျဲ ထိုးထားသော မန္တကွက်များ ဖြစ်၏။

သို့ရာတွင် ထိုးကွင်းထိုးနှံပုံ အခေါ်အဝေါ်ကို မူကွဲအဖြစ် အဆိုတခု တွေ့ရပါသေးသည်။ ထိုမူကွဲအရ ထိုးကွင်းငါးမျိုး ရှိပါသည်။

ဤသည်တို့မှာ မြေစိုက်၊ ဒူးချ၊ မင်ကော်ရစ်၊ ငုံးရုပ်နှင့် နံ့တောင်တို့ ဖြစ်ကြ၏။

မြေစိုက်ဟူသည် ရင်ဘတ်မှ ခြေချင်းဝတ်အထိ ထိုးခြင်းကို ခေါ်၏။ ခါးအထက်နားလောက်မှ အောက်သို့ လက်သဲ လက်ယာ တင်ပါးစုံအပါအဝင် ဒူးနှစ်ဘက်အောက် လက်နှစ်လုံးလောက်မျှအထိ ထိုးသော မင်ကြောင်ကိုကား "ဒူးချ" ဟုခေါ်လေသည်။

ခါး တောင်း ကျိုက် လျှင် ပု ဆိုး စ သိမ်း သည့် နေ ရာ မှ ဒူးအောက် လက်နှစ်လုံးလောက်အထိ ထိုးသည်ကိုကား "မင်ကော်ရစ်" ခေါ်၏။ ကော်တပိုင်းဟူ၍လည်း ခေါ်ကြသေး၏။ ဤသို့သော ပုံစံမျိုးမှာ အခြားလူများ၏ အမြင်တွင် ခါးမှ စတင်၍ ထိုးထားသည်ဟု ရုတ်တရက်ထင်မှတ်စေရန် ဖန်တီးထားခြင်းပင်တည်း။

ငုံးရုပ်ဟူသည်မှာ ရှင်းရှင်းပြတ်ပြတ်နှင့် ပေါင်အလယ်တွင် ငုံးရုပ်ပုံ ထိုးထားခြင်းကို ခေါ်လေသည်။ ခါးအထက် နံရိုးအနေမှ အောက်ပိုင်းအထိ ထိုးနှံ့ခြင်းကိုကား "နံတောင်" ဟုခေါ်လေသည်။ [၄၃]

ခါးအောက်ပိုင်း ထိုးနှံ့မှုများအနက် ခြေမျက်စိတွင်လည်းကောင်း၊ ခြေဆစ်များတွင် လည်းကောင်း အကာအကွယ်အဖြစ် အနက်စက်အနက်ပြောက်ကလေးတွေ ထိုးကြသေး၏။ ယင်းကား မြွေမကိုက်စေရန် စီရင်ထားသော ဆေးပေတည်း။

၄၃။ "ထိုးကွင်းမင်ကြောင်" ဒဂုန်နတ်ရှင်၊ စာမျက်နှာ ၁၄၄၊ ၁၄၅၊ ယဉ်ကျေးမှုစာစောင် အတွဲ ၃၊ အမှတ် ၉။

အခန်း ၅

# ထိုးကွင်းမင်ကြောင် ထိုးနှံပုံ

## စုတ်အမျိုးမျိုး

လူ၏ ကိုယ်ခန္ဓာ အရေပြားပေါ်တွင် ဆေးမင်ကြောင် ထိုးရာ၌ ဟသ်ပြဒါးကိုဖြစ်စေ၊ မှိုင်းကိုဖြစ်စေ အရည်ဖျော်ပြီး စုတ်နှင့်တို့၍ထိုးရ၏။ ထိုစုတ်ကို ကြေးဖြူဖြင့် ပြုလုပ်သည်လည်း ရှိ၏။ ကြေးဝါနှင့်ငွေ၊ ကြေးနီနှင့်ငွေ ရောစပ်ပြီး ပြုလုပ်သည် လည်း ရှိ၍ ကြေးဝါဖြင့်ချည်း ပြုလုပ်သော စုတ်လည်းရှိ၏။

စုတ်တချောင်းတွင် အစိတ်အပိုင်း သုံးပိုင်းရှိ၏။ ယင်းတို့မှာ ဒင်၊ ဖောင်းနှင့် စုတ်ဟူ၍ ဖြစ်ပေ၏။ ထိုသုံးပိုင်းလုံးသည် ခေါင်းပွချည်းလည်း ဖြစ်ကြသည်။

စုတ်ကို ဤသို့ သုံးပိုင်းပိုင်းထားခြင်းမှာ သိမ်းဆည်းရ သယ်ယူရ လွယ်ကူစေရန် ပိုင်းထားခြင်းဖြစ်ပေမည်။ အစိတ်အပိုင်း များကို ဖြုတ်ကာ စုပေါင်းပြီး နေရာကျဉ်းကျဉ်းဖြင့် သိမ်းနိုင် ၏။ နေရာကျဉ်းကျဉ်းဖြင့် သယ်ဆောင်နိုင်၏။ ယင်းတို့ကို အသုံးပြုခါနီးမှ စုပေါင်းဆက်စပ်ကာ အသုံးပြုလေ့ ရှိ၏။

ထိုအစိတ်အပိုင်းများကို အသုံးပြုရန် ဆက်သောအခါ ဝက်အူရစ်ပြီး ဆက်ရသည်။ အစိတ်အပိုင်းသုံးခုလုံး ဆက်ပြီး

နောက် အသုံးပြုရန် အသင့်ဖြစ်နေသော ၁၂ ခု စုတ်တချောင်းသည် ၁၅ လက်မခွဲခန့် ရှည်၍ ၁၅ ကျပ်သားခန့် အလေးချိန်စီးပေသည်။

ဒင်သည် အစိတ်အပိုင်းသုံးခုအနက် အပိုင်းအတိုဆုံး ဖြစ်သော်လည်း အလေးချိန် အစီးဆုံးဖြစ်သည်။ ထို့ကြောင့် ဒင်သည် စုတ်တွင် အလေးချိန်စီး၍ လက်ဆကောင်းစေရန် ထည့်ထားသောအပိုင်းဖြစ်သည်ဟု ဆိုရပေမည်။ လေးလက်မမျှသာရှည်၍ အပိုင်းတိုပြီး အချိန်စီးခြင်းမှာ ထိပ်တွင် ခေါင်းကျစ်ရုပ်များ တပ်ဆင်ထားသောကြောင့် ဖြစ်၏။ ထိုအရုပ်များမှာ ကျေး၊ ကိန္နရာ၊ ဟင်္သာ၊ ဆင်၊ ခြင်္သေ့နှင့် ဘီလူးတို့ ဖြစ်ကြပေသည်။

"မင်ကြောင် မထိုး၊ ပန်းပုဆိုးနှင့် ငယ်နိုးမောင့်ကို ထင်သလားတော်" အစချီသော ကောက်စိုက်တေးတပုဒ်တွင် "စုတ်တံကသေး ဒင်က လေးသနှင့်၊ ဖြေ ဖြေး (ဖြည်းဖြည်း) ချဲ့ပါကိုယ့်ဆရာ၊ စုတ်တံကိုနုတ် မလေးခင်ပြာတဘက်နဲ့ သွေးသုတ်လှည့်လေး" ဟု ရှင်မြူ ဖွယ်စပ်ဆိုထားသည်ကို တွေ့ရ၏။

ဖောင်းဟူ၍ခေါ်သော ကိုယ်ထည်ပိုင်းကား ခြောက်လက်မသာ ရှည်သည်။ တခုလုံးအခေါင်းဖြစ်ကာ ထိပ်ဝန္နစ်ဘက်တွင် ဝက်အူရစ် ပါရှိ၏။

စုတ်မှာ အခေါင်းအနည်းငယ်သာ ပါရှိ၍ ခြောက်လက်မရှည်သည်။ သန်လျက်သဏ္ဌာန် မကျတကျ အရင်းသေးပြီး အလယ်ကားကာ အဖျားမှာ ပြားပြီး ချူးသွားသည်။ ယင်းစုတ်သားကြီးတွင် အရင်းမှ နှစ်လက်မအကွာ၌ ထိပ်ဖျားသို့ တောက်လျှောက် ခွဲထားသော အကွဲကြီး တခု ရှိနေသည့်

အတွက် အဖတ်နှစ်ဖတ် ဖြစ်ပေါ်နေကာ ထိုအဖတ်တွင် ထပ်မံ၍ စိတ်မြွာသားသော "စွယ်" များ ရှိ၏။

စုတ်အမျိုးမျိုး ရှိရာ လေးခွစုတ်မှ ၁၆ ခွ စုတ်အထိ ရှိ၏။ "ခွ" မှာ အဖတ်ကြီးနှစ်ဖတ်တွင် စိတ်မြွာထားသော "စွယ်" အချွန်အရေအတွက် ဖြစ်ပေသည်။ လေးခွစုတ်ဟုခေါ်လျှင် စိတ်မြွာသားသည့် အချွန်ပေါင်း လေးခုရှိသည်ကို ဆိုခြင်း ဖြစ်ပါ၏။

"ခွ" အရေအတွက်စုံ ရှိပါသည်။ စုံရှိရခြင်းမှာ မူရင်း အဖတ်ကြီးနှစ်ဖတ်ကို မူတည်ပြီး စိတ် ထား သော ကြောင့် ဖြစ်၏။ အခွနည်းလျှင် အပြားသေးသည်။ အဖီးမထွက်သေး သော ငှက်ပျောဖူးနုနုနှင့် သဏ္ဌာန်တူသည်။ စုတ်အဖျားပိုင်း ပြားသွားလျှင် အခွများပြားသောကြောင့် ဖြစ်သည်။

လေးခွစုတ်မှာ မြွေကိုက်ကုသခြင်း၊ ခေါင်းကိုက် ဇက်ထိုး အတွက် သံပရာရည်နှင့်ဆေး ရောစပ်ဖျော်ကာ စုတ်ဖြင့် ထိုး ခြင်းတို့အတွက် အသုံးများပါသည်။

လေးခွစုတ်ကို ဗိန္ဒောဆရာများ၊ ပယောဂဆရာများ ဆောင်၍ ရှစ်ခွမှ ၁၆ ခွအထိကား မင်ကြောင်ဆရာတို့သာ အသုံးများပေသည်။ စုတ်များတွင် အခွနည်းလျှင် တကြိမ်တို့ ထားသော ဆေးရည်ကို ၁၀ ချက်ခန့် ပေါက် (ထိုး) နိုင်၍ အခွများပါက ထိုမျှ အချက်များများ မပေါက်နိုင်ပေ။

## ဆေးထည့်သောခွက်

မင်ကြောင်ထိုးသောဆရာသည် မင်ကြောင်ထိုးသောအခါ တွင် လက်ဝဲလက်၌ ဆေးထည့်သောခွက် "ဆေးခွက်" ကို

ကိုင်ပြီး လက်ယာဘက်တွင် ကိုင်ထားသော စုတ်နှင့် ခွက်ထဲ တွင်တို့လိုက် လူကိုထိုးလိုက် လုပ်ရ၍။ ထို့ကြောင့် ဆေးခွက် သည် လက်ညှိုးနှင့် လက်မကြား၌ ကိုင်၍ ကောင်းရုံအရွယ် ဖြစ်ရပါသည်။

ဆေးခွက်၏ အဝသည် ကျပ်ပြားအရွယ် ရှိ၍ အမြင့် တလက်မခွဲ နှစ်လက်မရှိကာ ဝါးဆစ်ကိုလည်း မွမ်းမံ၍ အသုံး ပြုသည်။ သစ်သားကို ကလပ်ပုံ ပွတ်ခံ၍လည်း အသုံးပြုကြ သည်။ သစ်သားကို ပွတ်ခံထားသော ဆေးခွက်များသည် အဖုံးများ ပါရှိကြ၏။ အဖုံး သစ်သားပေါ်တွင်လည်း ဆင်ရုပ်၊ ခြသေ့ရုပ်၊ နဂါးရုပ် စသည်ဖြင့် ဆေးဆရာနှစ်သက်ရာ အရုပ် များ ထုလုပ်တပ်ဆင်ထားလေ့ရှိကြ၏။

မြန်မာတို့၏ ထိုးကွင်းမင်ကြောင်များတွင် အရောင်နှစ် မျိုးဖြင့်သာ ထိုးနှံလေ့ရှိကြသည်။ အနီရောင်နှင့် အနက်ရောင် ဖြစ်၍ အနီရောင်ကို ဟင်္သပြဒါးနှင့် ဖော်စပ်ကာ အနက်ရောင် ကို မီးခိုးမှိုင်းနှင့် ဖော်စပ်လေ့ ရှိကြပေသည်။

## ဆေးဖော်စပ်ပုံ

ဆေးဖော်စပ်ရာတွင် အနီအတွက် ဟင်္သပြဒါးမှာ များစွာ အချိန်မကြာသောင်းပေ။ သို့သော် ပြုကား ပြုပြင်ရသေး၏။ အနက်ရောင်အတွက် ဖြစ်သော မင်မှာမူ ကရိကထများလှ သည်။

### ဟင်္သပြဒါး

ဟင်္သပြဒါးကို များစွာ ပြုပြင်ရခြင်း မရှိပေ။ မှုရင်း

အရောင်တွင် ရေအစက်များသွားပါက ထိုးစတွင် အရောင်ဖျော့သည်။ ရေအထည့်နည်းလျှင် ရဲလွင်နေပေသည်။

သို့ရာတွင် လူအသားပေါ် သို့ကား တန်းပြီး မတင်နိုင်ပါ။ ဟသ်ပြဒါးကို တခါသုံးအတွက် ထုတ်ယူပြီး ကွမ်းရွက်ဖြင့် ထုပ်ရပါသည်။ ကွမ်းရွက်ကြီးလျှင် တရွက်၊ ကွမ်းရွက်သေးလျှင် နှစ်ရွက် သုံးရွက်ဖြင့် နှစ်ထပ် ထုပ်ရသည်။ ထို့နောက် ဝါးတံညှပ်တွင် ညှပ်ကာ အပြန်ပြန် အလှန်လှန် လှည့်လှန်ပေးခြင်းဖြင့် မီးခွက်မီးတွင် မီးကင်ရ၏။

ဟသ်ပြဒါးကို ထုပ်ပြီး မီးကင်သော ကွမ်းရွက်သည် စိမ်းရာမှညို ညိုရာမှ ဖျော့၍ ကြွပ်ရွလာလျှင် တော်လောက်ပေပြီ။ ကွမ်းရွက်ကွမ်းဖတ်များ၊ ကွမ်းရွက်ပြာများ မပါစေပဲ အနီခွက် သီးခြားတွင် ထည့်ကာ ရေထည့်၍ မွှေရသည်။ မျက်မြင်အားဖြင့် အပျစ်အကျဲမှာ ဖောင်တိန်မင်၏ အနေအထားသည် မင်ကြောင်ထိုးရန် ကောင်းပါသည်။

သို့သော် အင်းလေး၊ နံ့သဲရွာမှ ဦးဉာဏ်ဗိုလ်၏ အဆိုမှာမူ ဤသို့ ဖြစ်၏။

ဦးစွာ ဟသ်ပြဒါးကို လိုသလောက် ထုတ်ယူကာ ရေနှင့် ဖျော်ရပါမည်။ မွှေနှောက်ပြီးနောက် "တိမ်" ထားရမည်။ ထိုအခါ ကြက်တက်ရည် (အဖြူရည်) များ တက်လာမည်။ ထုံးကြက်တက်ရည် ကဲ့သို့သော ထိုအဖြူရည်များ တက်လာတိုင်း သွန်ပစ်လိုက်၊ ရေစက်လိုက် လုပ်ရမည်။ တက်လာတိုင်း ထိုကြက်တက်ရည်များကို လေးကြိမ်တိတိ သွန်ပစ်ပြီးနောက်တွင် အနည်ထိုင်အောင် စောင့်ပြီးမှ အနည်ကို ယူရမည်။

ယူပြီးသော ဟသ်ပြဒါးအနည်ကို ရေပါလျှင်လည်း ရေပါရောပြီး ငှက်ပျောဖက်ဖြင့် လုံအောင်ထုပ်ကာ ပေါင်းချောင်

တွင် ထည့်၍ ရေနွေးငွေ့ဖြင့် ပေါင်းရ၏။ သို့မဟုတ် နှပ်ခါစ ထမင်းအိုးတွင် ထည့်လျှင်လည်း ဖြစ်သည်။ ထိုသို့ ကွမ်းတယာ ညက်သာသာ သို့မဟုတ် ထမင်းတအိုး နှပ်ချိန်ခန့် အငွေ့ပေါင်း ခံပြီးနောက် ရရှိသော ဟင်္သပြဒါးကို လိုအပ်သော ဆေးနှင့်လည်းကောင်း၊ ရေနှင့်လည်းကောင်း ရောနှော ဖျော်စပ်ကာ အသုံးပြုရသည်။ [၄၄]

ထိုသို့ ဟင်္သပြဒါးဖြင့် ထိုးသော ကိုယ်ခန္ဓာ အထက်ပိုင်းမှ မင်ကြောင်များ၏ အလှကို ဖွဲ့ဆိုထားသော ဦးဖိုးလိပ်၏ ဒွေးချိုးသဖြန် တပုဒ်တွင် –

“ပျိုတို့မောင် အယဉ်ကြိုက်၊ ခါးစိုက်ကတဲ့ မင်ကြောင်၊ ရွှေလည်တိုင် နှစ်ပြိုင်ထပ် ရဲနီစပ်ကောင်။ ခါးတောင်းရယ်မြှောင်၊ မည်းမှောင်တဲ့ ချောင်စောင်း။ ပျိုလေးတွေ ရေခပ်ဆင်းကို ခြင်းခတ်လို့ချောင်း”[၄၅] ဟူ၍ ဟင်္သပြဒါး မင်ကြောင်အလှကို “ရဲနီစပ်ကောင်” ဟု သုံးထားသည်ကို တွေ့ရပေ၏။

## မင် ဖော်စပ်ပုံ

မင်သည် အနက်ရောင် ဖြစ်ပေသည်။ ဤအနက်ရောင်ကို မှိုင်းမှုရ၍ ယင်းကို ရေနံမင်နှင့် ဆီမင်ဟူ၍ နှစ်မျိုး ခွဲခြားပါသည်။

ရေနံမင်သည် ရေနံကြီးဟူ၍လည်းကောင်း၊ရေနံချေး ဟူ၍လည်းကောင်း၊ ရေနံစိမ်း ဟူ၍လည်းကောင်း ခေါ်ကြသော

---

၄၄။ ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာ မြင့်မောင်၏ မှတ်စု။
၄၅။ “ဓလေ့ဘာသာ တေးကဗျာများ” စာမျက်နှာ ၅၀၊ စာပေဗိမာန်၊ မတ်လ ၁၉၆၅ ခု။

ရေနံကို မီးထွန်းရာမှထွက်သော မှိုင်းကို ခံယူအသုံးပြုသောမင် ဖြစ်သည်။

ဆီမင်ကား နှမ်းဆီ၊ ဝက်ဆီ၊ အမဲဆီ၊ ပဲဆီနှင့် နှမ်းဆီကဲ့သို့သော ဆီအမျိုးအစားဝင် ဆီများကို မီးထွန်းရာမှ ရရှိသော မှိုင်းပင် ဖြစ်ပေသည်။

ရေနံမှိုင်း ခံယူပုံမှာ ဤသို့ဖြစ်၏။ မီးစာတပ်စရာ နှုတ်သီးပါသော မြေမီးခွက်တွင် မီးစာတပ်ကာ ခွက်ထဲတွင် ရေနံချေးထည့်ပြီး မီးထွန်းရ၏။ နှုတ်သီးပါသော မီးခွက်မရှိလျှင် ခွက်ပက်လက်၏ နှုတ်ခမ်းတွင် အနှီ (မီးစာ) တင်ကာ ထွန်းလျှင်လည်း ရပါသည်။

ထိုမီးခွက်ကို သပိတ် သို့မဟုတ် အတွင်းသား ချောမွေ့သော အိုးနှင့် မှောက်ထားရသည်။ ထိုသို့ ဖုံးမှောက်ထားသော အိုးဖင်၏ အတွင်းတွင် စွဲကပ်နေသော မှိုင်းကို ခြစ်ယူစုဆောင်းရပါသည်။

ဆီမင် ခံယူပုံမှာလည်း ရေနံမင် ခံယူပုံနှင့် မခြားနားလှပါ။ ခွက်တခုတွင် ဆီထည့်ကာ မီးစာအဖြစ် အဝတ်သန့်သန့်ကို လိမ်ကျစ်၍ ဖြစ်စေ၊ ဝါဂွမ်းကိုလိမ်ကျစ်၍ ဖြစ်စေ ခွက်နှုတ်ခမ်းတွင် တင်ထားသည်။ ထိုမီးစာ၏ ခွက်တွင်းသို့ ကျရောက်သော အပိုင်းကို ဆီစိုစွတ်ပြီးနောက် နှုတ်ခမ်းပေါ်တွင် တင်ထားသော မီးစာဖျားအထိ ဆီ "လိုက်" လာပြီ ဆိုပါက မီးထွန်းပြီး အထက်နည်းအတိုင်း အုပ်ထားရ၏။

ဆီပင်ဖြစ်စေကာမူ ရေနံဆီမှာမူ အခြား ဆီမျိုးများထက် ပို၍ထက်မြက်သဖြင့် ခွက် ၂ ခွက် ၃ ခွက်ဖြင့် ထည့်၍ မဖြစ်ပါ။ အများသုံး ရေနံဆီမီးခွက်ကို အသုံးပြုမှ ရပါမည်။

## မှိုင်းသတ်ခြင်း

ရေနံ မှိုင်းမှုန်များ၊ ဆီမှိုင်းမှုန်များကို စုဆောင်း ရရှိပြီး နောက် ထိုမှိုင်းများကို (ပါးရဲ အခန်းတွင် ဖော်ပြခဲ့သည့် အတိုင်း) သတ်ရပါဦးမည်။ မှိုင်းသတ်ပုံကို ထိုပါးရဲအခန်းတွင် ဖော်ပြခဲ့ပြီးပါပြီ။ သို့ရာတွင် မူကွဲတခု ရှိနေသောကြောင့် ထပ်မံ ဖော်ပြခြင်း ဖြစ်ပါသည်။

မှိုင်းသတ်ပုံကား ဤသို့ပေတည်း။ စုဆောင်းရရှိသားသော မှိုင်းတမျိုးမျိုးကို သည်းခြေတမျိုးမျိုး၏ အမှုန့်နှင့် ရောစပ် ပါသည်။ ထို့နောက် သမအောင် လုပ်ပေးပြီးလျှင် ဝါသန့်သန့် တွင် ထည့်ပြီး ထုပ်ထားပါသည်။

စလယ်ဝင် မြေအိုးတလုံးတွင် ကြက်ဟင်းခါးရွက် ရင့်ရင့် လက်တဆုပ်စာနှင့် ရေတဝက်ထည့်ကာ မီးထိုးပြီး တည်ရ၏။ အိုးဆူလာလျှင် မှိုင်းနှင့် သည်းခြေရောထားသော အထုပ်ကို ထည့်ကာ ပြုတ်ရည် သုံးပုံတပုံ ကျန်သည်အထိ (သုံးခွက် တခွက်တင်) ပြုတ်ရပါသည်။

ပြုတ်ရည်ကို ဖယ်ထားပြီး မှိုင်းထုပ်ကို နေလှမ်းရသည်။ မှိုင်းထုပ် လုံးဝ ခြောက်သွေ့ချိန်တွင် အထုပ်ကို ဖြေ၍ လက် ကျန်ပြုတ်ရည်နှင့် ရောတေကာ အတောင့်လုပ်သည်လည်းရှိ၏။ အချို့လည်း ပြုတ်ရည်ကို မသုံးတော့ပဲ ဆီနှင့် ကြိတ်တေကာ အတောင့်လုပ်သည်။

အတောင့်လုပ်ထားသော ထိုမင်တောင့်ကိုအသုံးပြုခါနီးတွင် သံပရာရည်၊ရှောက်ရည်နှင့် ဖျော်သည်။ ကျောက်ပြင်ပေါ် တွင် သွေးပြီး အသုံးပြုခြင်းလည်းရှိ၏။ ရေရိုးရိုးနှင့်လည်း ဖျော်နိုင် သည်။ အဆောင်ထိုးဖြစ်ပါက သက်ဆိုင်ရာ ဆေးကိုထည့်၍

အလှထိုးတွင်မူ ဆေးထည့်ရန် မလိုချေ။ မင်ရည်၏ အပျစ် အကျဲ စံချိန်ကား ယနေ့ ဖောင်တိန်သုံး မင်၏ အပျစ်အကျဲ ပေတည်း။

## ထိုးကွင်း မင်ကြောင်၏ သြဇာ

အင်းဝခေတ်မှစ၍ ကုန်းဘောင်ခေတ် ကုန်ဆုံးပြီးနောက် နှစ်ပေါင်း အတန်ကြာသည်အထိ ဆေးမင်ကြောင် ခေတ်ကြီး အလွန်ကောင်းစားစဉ်က ထိုးကွင်းမင်ကြောင် မရှိလျှင် လူရာ မဝင်သလောက်ပင် ဖြစ်၏။

ယောကျ်ား ပျိုကလေး တယောက်က မိန်းမပျို ကလေး တယောက်ကို နှစ်သက်သောကြောင့် နှစ်သက်သည် ပြောသည်ကိုပင် ထိုးကွင်းမင်ကြောင်နှင့် ဆုံးဖြတ်၏။ ပြော လာသော ယောကျ်ားကလေးတွင် မင်ကြောင် မရှိသေးပါက "အကယ်ပြောသလော၊အကယ်ပြောသည်မှန်လျှင် မှင်ကြောင် ထိုးဦး" ဟု ဆိုလေ့ရှိသည်။ မင်ကြောင်မရှိသူ၏ ပြောစကား သည် အချက်အလက် မပြည့်စုံသော လျှောက်လွှာ သဖွယ် ဖြစ်ပေ၏။

မင်ကြောင် မရှိသောသူ၏ ပြောစကားသည် စိတ်ကစား အရွယ်မို့ သင်ပြော ပြောသည်။ "ကလေးပြော" ဖြစ်သည်။ တရားဝင် စကားမဟုတ်ဟု သဘောထားလေ့ရှိကြ၏။ ထိုမျှ သာလော။ မဟုတ်သေးပါ။

ဆေးမင်ကြောင် အထိုးခံရသောသူ ဆေးမင်ကြောင်ထိုး ခါနီးတွင် ဝတ်ဆင်သော ပုဆိုးကို "မင်ခံ" ပုဆိုးဟု ခေါ်၏။ ထိုပုဆိုးတွင် ရာပုဆိုးနှင့် ထောင်ပုဆိုး ဟူ၍ ခွဲခြားထား ပေ၏။

အမေ၊ အစ်မနှင့် နှမဖြစ်စေ၊ မိကြီး ဒေါ်ကြီးတို့ ဖြစ်စေ ရက်လုပ်ပေးသော ပုဆိုးကို မင်ခံ ပုဆိုးလုပ်လျှင် ရာပုဆိုး ခေါ်၏။ ၅၂၈ သွယ် မေတ္တာကို ဦးစားပေးသောကြောင့် ရာပုဆိုးခေါ်သည်။ ထိုသို့လျှင် သန့်စင်သော မေတ္တာကို ဦးစားပေးသူအား လူကြီး သူကြီး များက နှစ်သက်ချီးကျူးကြပေသည်။

ရည်ငံရင်းဆွဲ ရှိသူက ရက်လုပ်ပေးသော ပုဆိုးကို မင်ခံ ပုဆိုးလုပ်လျှင် ၁၅၁၀ မေတ္တာကို အစွဲပြု၍ ထောင်ပုဆိုး ခေါ်သည်။ ထိုသူကို အချစ်သူရဲကောင်းကြီးအဖြစ် လူငယ်လူရွယ် များက ကောင်းချီးပေးကြ၏။

သို့ဖြစ်ငြားသော်လည်း ထောင်ပုဆိုးကား အန္တရာယ်များလှသည်။ အကြောင်းသော်ကား မင်ခံပုဆိုး (ထောင်ပုဆိုး) ရက်လုပ်ပေး သူနှင့် မပေါင်းဖက်ရပါက ထိုယောကျ်ားသည် ထိုမိန်းကလေး၏ "မောင်ကျွန်" ဘဝသို့ တသက်လုံး ရောက်ရှိသွားသောကြောင့် ပေတည်း။

ဆေးမင်ကြောင် ထိုးခြင်းကို အရေးတကြီး ကိစ္စအဖြစ် သဘောထားကြသည်။ ထို့ကြောင့် ဆေးမင်ကြောင်ထိုးမည့်ရုံကို ရွာ၏အထွတ်အမြတ်ဖြစ်သော ကောင်းမွန်သန့်စင်၍ ပြန့်ပြူးသော နေရာတွင် ဆောက်လုပ်ကြသည်။ ဆေးမင်ကြောင် ထိုးနေချိန်တွင် မင်ကြောင်ရုံနှင့် မနီးမဝေး အရိပ်ကောင်းသော နေရာသို့ အပျိုခေါင်း ဦးစီးသော မိန်းမပျိုများ လာရောက်ကာ အတီးအမှုတ်ဖြင့် အားပေးကြသည်။

မင်ကြောင်ရုံမှ ထွက်လာသူအား မိန်းမပျို ကလေးများ ကိုယ်တိုင် အသင့်ဆောင်လာသော အမွှေးနံ့သာ များဖြင့် လိမ်းကျံ ဆုပ်နယ်ပေးကြသည်။

သားရှင် မိဘများကလည်း သူတို့၏သားတွင် မင်ကြောင်နာများပျောက်လျှင် ပျောက်ချင်း သားကို ရှင်ပြုပေးကြ၏။ ရှင်မပြုမီ အိမ်ထောင်ပြု သွားမည်ကို စိုးရိမ်ကြသောကြောင့် ဖြစ်၏။

ထိုမင်ကြောင် ရုံအတွင်း၌ မင်ကြောင် အထိုးခံနေသူကို အားပေးစကား ပြောရန် နှစ်သိမ့်လက်ဆောင် ပေးရန် စုရုံးရောက်ရှိနေသော မိန်းမပျိုများသည် မင်ကြောင်ရုံအတွင်းသို့ဖြစ်စေ၊ အနားသို့ဖြစ်စေ မလာရပေ။ သို့အတွက် သူတို့နှင့် မင်ကြောင် အထိုးခံသူ ကြားတွင် အဆက်အသွယ် လုပ်ပေးရန် လူတယောက်ကို ထားရသည်။

ထိုသူကို "မင်သေ့ကျွန်"ဟု ခေါ်၏။ အရွယ်မရောက်တရောက် ယောကျ်ားကလေးများ ဖြစ်သည်။ သူတို့မှ တဆင့် ရှူစရာ အမွှေးနံ့သာများ၊ အံတွင်ခဲထားရန် ကွမ်းသီးများ၊ အမှာစကားများ ပါးရ၏။ သူတို့ကိုပင် မင်ကြောင်ရုံတွင်းမှ သတင်းပလင်းများကို မေးရ၏။

## မင်ကြောင်ရုံအခင်းအကျင်း

ဆေးမင်ကြောင်ထိုးမည့်နေရာကို ဦးစီးမင်ကြောင်ဆရာက ရွေးချယ်ရသည်။ ဦးစီး မင်ကြောင်ဆရာ၏ လက်အောက်၌ လက်ထောက် တပည့် လေးငါးယောက် ရှိရာ သူတို့သည် မင်ကြောင်ရုံ ဆောက်လုပ်ရေးနှင့် ခင်းကျင်း ပြင်ဆင်ရေးကို ဦးစီး၍ ဆောင်ရွက်ကြရ၏။

မင်ကြောင်ရုံ ဆောက်လုပ်မည့် နေရာတွင် ဂါထာမန္တန်များ

ရွှတ်ဖတ်ရသည်။ ပရိတ်ရည် ဖျန်းရသည်။ ဆန်မန်း ပေါက် ပေါက်ကြဲရသည်။ ထို့နောက် သင့်လျော်သော အဆောက် အအုံ ဆောက်လုပ်ကာ ရာဇမတ် ကာသည်။ ပရိတ်သဲဖြူ ခင်း သည်။ ထောင့်လေးထောင့်တွင် ငှက်ပျောပင်စိုက်သည်။

အဆောက်အအုံ၏ အမိုးကို ရက်သစ်စ ဖျင်ဖြူဖြင့် ဖြန့်မိုး သည်။ ထိုဖျင်ကို သတ်မှတ်သော နေ့နံရှိသည့် မိန်းမပျို တဦးတည်းက အပြီးအစီး ရက်လုပ်ရသည်။ ထိုအမိုး၏ ပတ်လည် ပန်းဆွဲနေရာ၌ တနင်္ဂနွေအစ ရာဟုအဆုံးရှိသော ဂြိုဟ်ကြီးရှစ်လုံး၏ နံသင့်ဖြစ်သော အုန်း၊ ကံ့ကော်၊ ဆီး၊ ဝါး၊ ဒန်း၊ ပေါက်ရှားနှင့် သီးတို့၏ အညွန့်များ၊ အခက်များကို စီရီ လျက် တွဲရရွဲချိတ်ဆွဲ ထားကြသည်။ အကာအရံ မှာလည်း တင်းတိမ်စောင်များ ဖြစ်၏။ ယင်း တင်းတိမ်စောင်များကို သတ်မှတ်ထားသော နေ့နံရှိသည့် မိန်းမပျိုများကသာရက်လုပ် ပေးကြရ၏။ တင်းတိမ်များကို တထည်နှင့်တထည် စပ်တွယ်ရာ တွင် ပရိတ်ချည်ကို အသုံးပြုရလေသည်။

ထိုဟင်းတိမ် လေးဘက် ကာရံထားသည့် အတွင်းပိုင်း၌ ခင်းထားသော သဲဖြူမှာ ပရိတ်ရည်ရွှဲရွှဲ ဖျန်းထားသဖြင့် မာနေ သည်။ သည်သဲပေါ်တွင် ငှက်ပျောရွက်များ ထူထပ်သိပ်သည်း စွာ ခင်းထား၏။ ငှက်ပျောရွက်များကို အလယ်ကြော ခွာ ထားသည်။ ဆီမန်း သုတ်လိမ်းထားသည်။

ခေါင်းရင်းဘက်တွင် တိုင်အဖြစ် သစ်မင်း၊ ဝါးမင်းတို့ကို စိုက်ထူဆောက်လုပ် ထားသော စင်ကလေး တခုရှိ၏။ ထိုစင် ပေါ်တွင် ဆေးဘုရား ဆင်းတုတော်၊ ဆေးမျိုးစုံ၊ စုတ်မျိုးစုံ၊ နံသင့်ပန်းများ၊ ညောင်ရေအိုးများ တင်ထား၏။ ထိုစင်၏ တိုင်နှစ်တိုင်တွင် ကြိုးတန်း တန်းထားသည်။ မင်ခံပုဆိုး လွှား

ရန် ဖြစ်သည်။ ခုနစ်နွေသမီး အပျိုစင်တို့ ထံမှ တောင်းခံ စုဆောင်းပြီး ကျစ်ထားသော ကြိုးဖြစ်ပေသည်။

စင်၏အောက်၌ဖျင်ဖြူဖျင်နီပါဝင်သော ငှက်ပျောပွဲ၊ အုန်းပွဲ များ တင်ထားသော စင်ငယ်တခုရှိသည်။ ဆီမီးခွက်များလည်း ထွန်းညှိထားသည်။

တင်းတိမ် အကာများတွင် ဝဲပေါက်နှင့် ယာပေါက်ဟူ၍ အပေါက်နှစ်ပေါက်ရှိ၏။ ထိုနှစ်ပေါက်အနက် ဝဲပေါက်မှဝင်ပြီး ဆေးထိုးခံလျှင်"ဝဲမှောင်"၊ ယာပေါက်မှဝင်လျှင် "ယာမှောင်" ဟု ခေါ်ပေ၏။ ဤသည်ကိုရည်လျက် "ကွယ်လေးရဲ့မင်ကြောင် ဘယ်ပေါင်မှာထိုး၊ အေး နဂလိန် ပုသိမ်ခင်းလို့ မှောင်တွင်းမှာ ထိုး"[၄၆] ဟူ၍ ကောက်စိုက် သီချင်းတပုဒ် ရှိခဲ့ခြင်း ဖြစ်ပေ၏။

ဆေးမင်ကြောင်၏ အနိမ့် အမြင့်ကို ထိုမှောင်က အဆုံး အဖြတ်ပေးသည်။ ယာဘက်ပေါက်မှ ဝင်သူသည် ယာမှောင် သမားဖြစ်ကာ အလှအပ ထိုးမည့်သူဖြစ်၍ ဝဲဘက်မှ ဝင်လာ သော ဝဲမှောင်သမားသာလျှင် အကျအန ထိုးမည့်သူဖြစ်၏။

### ဆေးမင်ကြောင်ထိုးနှံပုံ

ဆေးမင်ကြောင် အထိုးခံမည့် သူသည် ရေမိုး ချိုးကာ ခေါင်းဖြီး သန့်စင်ပြီး မင်ခံပုဆိုး အသစ်ကို ဝတ်ကာ သတ်မှတ် ထားသော အချိန်နာရီကောင်းကို စောင့်ဆိုင်းရ၏။

အချိန်စေ့သည်နှင့် တပြိုင်နက် သတ်မှတ်သည့် အပေါက်မှ ဝင်သွားသည်။ အတွင်းသို့ရောက်လျှင် ဆေးစင်ကို ရှိခိုးရသည်။ ငါးပါးသီလခံယူရသည်။ ထို့နောက် ဝတ်လာသော မင်ခံပုဆိုး

၄၆။ "ကဗျာ့ဥယျာဉ်" စာမျက်နှာ ၂၈။

ကို ချတ်ကာ ဆေးစင်အောက်ရှိ ကြိုးတန်းတွင် ရှိသေစွာ တင်ရသည်။

ထိုအချိန်တွင် လက်ထောက် မင်ကြောင် ဆရာများက ငှက်ပျောရွက်များ ပေါ်တွင် အဝတ်များခင်းထားပြီး ဖြစ်၏။ ထိုအဝတ်ပေါ်တွင် လှဲကာ မင်ကြောင်အထိုးခံရသည်။

ထိုသူသည် ယာမှောင်မှ ဝင်လာသူ ဖြစ်ငြားအံ့၊ ဦးစီး ခေါင်းဆောင် ဆရာသည် အစီအရင်ပါသော ဟသ်ပြဒါးဖြင့် သုံးလေးကွက် သုံးလေးရုပ်သာ ထိုးပေး၏။ ကျန်သောနေရာ များ ပြည့်အောင် ဖြည့်ရန်မှာ လက်ထောက် ဆရာများက တာဝန်ယူကာ မြန်မြန်ပြီးစီးစေရန် နှစ်ယောက်ပြိုင်တူ ထိုးပေး ကြ၏။

ဝဲဘက်မှ ဝင်လာသော ဝဲမှောင်သမားကား အဆင့်မြင့် သည်။ သူ့အတွက် သတ်မှတ်သော ဗိဇနော ဖဝါးအရောက်တွင် ဝဲဘက်မှဝင်လာစဉ် မင်ကြောင်ရုံတွင်း၌ ယာမှောင်သမားရှိနေ သေးလျှင် ယာမှောင်သမားအား ထိုးနှံပေးမှုများ ရပ်ဆိုင်း ပေးရ၏။ သို့မဟုတ် နေရာရွှေ့ပေးရ၏။

ဝဲမှောင်မှဝင်လာသူသည် ယာမှောင်မှဝင်လာသူ နည်းတူ ပင် ဆေးစင်ကို ထိခြင်းငါးပါးဖြင့် ဦးခိုက်ကာ ငါးပါးသီလခံယူ ရ၏။ သူ့အတွက်မူ ငှက်ပျောညှနဲ့ ငှက်ပျောရွက်များအပေါ်၌ မိန်းမပျိုများထံမှ ရရှိထားသော ကြိုးကြီးချိတ်အထည်များ၊ လွန်းချိတ်များ၊ နဂါးလိမ်များနှင့်အလှအပထိုးရက်ထားသော ပိုးထည် ချည်ထည်များကို ခင်းပေးကြသည်။

ဝဲမှောင်ဆေး ထိုးနှံခံမည့် သူသည် ငါးပါးသီလ ခံယူပြီး ချိန်မှစ၍ စကားမပြောရသည့်အပြင် တည်ငြိမ်စွာ နေရသည်။ ထို့နောက် မင်ခံပုဆိုးကို ချွတ်ပြီး မင်ကြောင် ဆရာများကို

ရှိခိုးလျက် ခေါ်ကားကားရပ်ကာ သုံးပတ်လှည့်ပြခြင်းဖြင့် အစစ်ဆေးခံရသည်။ စစ်ဆေးသူက မည်သည်တို့ကို စစ်ဆေးပါသနည်း။

ယောကျာ်းအစစ် ဟုတ်မဟုတ်၊ ပွေးကြီး၊ ဝဲကြီး၊ အိုင်းအနာနှင့် အနာကြီးရောဂါ ကင်းမကင်း စစ်ဆေး ကြည့်ရှုရသည်။ ကြည့်ရှုပြီးနောက်တွင် မင်ကြောင်ဆရာကြီးက လက်ထောက်များအား ဤသူသည် ယောကျာ်းလောင်း မိန်းမလောင်းလော၊ နပုန်း ပဏ္ဍုပ်လော၊ အနာကြီး စသည်တို့ ကင်း၏လော မေးမြန်းသည်။ လက်ထောက် ဆရာ တို့က ယောကျာ်းကောင်း ယောကျာ်းစစ် ဖြစ်ကြောင်း၊ အနာကြီးရောဂါ၊ ပွေးကြီး၊ ဝဲကြီး၊ အိုင်းအနာကင်းကြောင်း ဖြေရသည်။

မေးသူက သုံးကြိမ် မေး၍ ဖြေသူက သုံးကြိမ် ဖြေကာ ယောကျာ်းစစ်ဖြစ်ကြောင်း၊ ယောကျာ်းကောင်းပီသကြောင်း သေချာမှသာ ဆေးမင်ကြောင် ထိုးနှံမှုကို စတင်သည်။

ဦးစီးမင်ကြောင် ဆရာသည် စင်မြင့်ပေါ်တွင် အသင့်ရှိနှင့်သော နှံ့သာခွက်ကို ဂါထာမန္တန်များ ကျူးရင့်ပြီး ဂဠုန်လက်သည်း ပန်းခက်ကိုနှစ်ကာ ဆေးစင်ပေါ် နှင့် စင်နိမ့်ပေါ် သို့ ပက်ဖျန်းသည်။ ပြီးလျှင် လက်ထောက် တယောက်ယောက်သို့ နံ့သာခွက်ကမ်းလျှင် ဝဲမှောင် အထိုးခံမည့်သူ၏ တကိုယ်လုံး ဦးခေါင်းပါမကျန် နံ့သာရည်များ လိမ်းကျံပေး၏။ ထိုအရည်များ ခြောက်သွေ့ချိန်တွင် ငှက်ပျောညှန့်၊ ငှက်ပျောရွက်များ ခံ၍ အထည်ကောင်းများ ခင်းသည့် အပေါ်သို့ ညင်သာစွာ လှဲချရ၏။

မင်ကြောင် အထိုးခံမည့်သူသည် မည်မျှသတ္တိကောင်းသည် ဆိုစေကာမူ တချက်မတွန့် တချက်တွန့်နိုင်သည်။ ယောင်ယမ်း

ပြီးလည်း အမှတ်ခဲ့ တွန့်တတ်သည်။ ထိုအခါ ထိုးဆဲ အရုပ် ဖြစ်စေ၊ အင်းဖြစ်စေ၊ စာဖြစ်စေရန်းရွဲ့သွာ နိုင်၏။ သို့ကြောင့် ပုဆိုးသစ် ဝတ်ထားသော နေ့နံသင့် လူလေးယောက် အသင့် ထားရသည်။ သူတို့က ကိုင်ပေး ထိန်းပေးရန် ဖြစ်သည်။

သူသည် ကိုယ်အထက်ပိုင်းပါ ထိုးမည်ဆိုလျှင် ခါးအထက် သုံးမြဲဖြစ်သော ဟသ်ပြဒါးကို ဦးစွာ ထိုးရမည်။ စုတ်ကို အနီ စုတ်သတ်သတ်၊ အနက်စုတ် သတ်သတ် ထားရ၏။ မရောယှက် ရပေ။

ဟသ်ပြဒါးပြီးမှ မင်ကိုဆက်ရသည်။ သတ်မှတ်ထားသော နေရာများ၌ ဂြိုဟ်ကြီး ရှစ်လုံးရုပ်၊ ဂဝံရုပ်၊ ဇော်၊ ကုမ္ဘဏ်၊ ဝက်ကုန်း၊ ကြောင် စသည်များ ထိုးပေးပြီးမှ ကျန်သော အဖြည့်ရုပ်များကို လက်ယောက်တယောက်ယောက်က ဆက် လက် ထိုးရသည်။

ထိုးရာတွင် ဦးစွာ ခါးကိုပတ်မိအောင် ထိုးနှံသည်။ ခါးပြီးမှ ပေါင်၊ ထိုမှ ဒူးသို့ ဆင်းသွားလေသည်။ ထိုကဲ့သို့ ထိုးနှံနေစဉ် မလှမ်းမကမ်းရှိ အားပေးနေသော အတီးအဖွဲ့က ဗိန်းဗောင်း တိုက်ပေးလျှင် မင်ကြောင်ဆရာ မှူးကြွလာကာ တအားထိုး သဖြင့် ပို၍ခံရသည်။ ဗိန်းဗောင်း မတီးပါပဲလျက် မင်ကြောင် ဆရာမှာ သူ့ဂါထာ သူ့မန္တန်ကို သူ့ဘာသာ ရွတ်ရာက စိတ် တက်ကြွလာလျှင် "ဆေးစီး"သည် ခေါ်ကြ၏။ ဆေးစီးသည် ဖြစ်စေ၊ မှူးသည်ဖြစ်စေ ဆေးထိုးခံရသူမှာ မသက်သာချေ။

အားပေးသူများသည် မင်သေ့ကျွန်များမှတဆင့် အတွင်း က သတင်းကို ကြားနေကြရာ မညည်းမညူ အံကြိတ်ခံသည် ကြားလျှင် မင်ကြောင်ဆရာ စိတ်ထအောင် အတီးသမားများ အား ဗိန်းဗောင်း အတိုက်ခိုင်း၏။ ညည်းညူသည်၊ စုတ်သတ်

သည်၊ အော်ဟစ်သည်ကြားလျှင် သရော်သည့်အနေဖြင့် အချာ ပဝရချီ ဘုန်းတော်ဘွဲ့ကို ဖျက်ထားသော မျောက်မင်းအူသံ အတီးခိုင်းကြ၏။

မျောက်မင်းအူသံလည်း မတီး၊ ဗိန်းဗောင်းလည်း မဆော် သော အခါမျိုးတွင် အတီးသမားများသည် မိန်းမပျိုကလေး များ၏ ရင်တွင်းဝေဒနာကို စောင်းမြောင်းသော သီချင်းများ ဆို၍တီးကြ၏။ အောက်ပါတေးချင်းမှာ ထိုကဲ့သို့သော သီချင်း တပုဒ်ဖြစ်ပေ၏။

"အမိလေးလဲ ချစ်လို့ဗျာ၊ အဖလေးလဲချစ်လို့ဗျာ။
ဖမိအပြင် မယ့်ကိုအစစ်၊ ချစ်ပါရှဲဗျာတဲ့လေ။
စကားရယ်ဝါ၊ မင်သေ့ဆရာ လာခါမှ
ကိုလူညာ ထောင်ပုဆိုးနဲ့ မျိုးဇာတိ ပေါ်လာသလေ့"
"ထောင်ပုဆိုးပေလာ့၊ ရာပုဆိုးပေလာ့၊
စိုးရွံ့ရှိ မေးမိပါ၊ ချစ်စိတ်ဖြင့် နာသလေတော့။
ပြုရက်လေသာ မောင့်ကိုယ်မှာ ထောင်ပုဆိုးနဲ့၊
ဝဲမှောင်မှာ ထိုးသလေ့တော်"
"ကွယ်လေးရဲ့မင်ကြောင်၊ ဘယ်မှောင်မှာ ထိုးထိုး။
တော့်မင်ခံ ထောင်ပုဆိုးကြောင့်၊ မယ့်ရင်ဘတ်ကျိုး"

ဤသီချင်းအရမိန်းမပျိုကလေးများသည် ဆေးမင်ကြောင် ထိုးသော လုလင်ပျိုများအနက် မိမိတို့ စိတ်ဝင်စားသူ ဝတ် ဆင်သည့် မင်ခံပုဆိုးသည် ထောင်ပုဆိုးလော၊ ရာပုဆိုးလော ဟူသည်ကို များစွာ အလေးထားကြကြောင်း ပေါ်လွင်ပေ သည်။

## လက်ခမောင်းခတ်ခြင်း

ဝဲမှောင်တွင်လည်းထိုးသည်၊အနီလည် ပါသေးသည်ဆိုလျှင် တယောက်အတွက် နေ့ဝက်ခန့် ထိုးနှံရသည်။

အနီရော အနက်ပါ ထိုးနှံပြီးသည့် နောက်တွင် ဟာသံပြဒါး က ရဲရဲ။ သွေးကရဲရဲနှင့် အထက်ပိုင်းတခုလုံး ချင်းချင်းနီလျက် ရှိ၏။ အောက်ပိုင်း တွင်လည်း မင်နက်ထဲမှ သွေးစိမ် ရှင်ရှင် ယိုစီးလျက်ရှိသည်။ ထိုကဲ့သို့ ရှိနေသူသည် စုတ်ချက်ထိထား သော နေရာမျာ မှာ ရောင်ကိုင်းစပြုလာပြီ ဖြစ်ရကား အချို့ မထနိုင်တော့သဖြင့် မင်ကြောင်ရုံထဲမှ ကပ်ဖြင့်တင်ပြီး ထုတ်ယူ ရ၏။ အချို့ကား လူတွဲထုတ်ရ၏။ အချို့သော် အံခဲလျက် အတွဲအကူမပါပဲ ထွက်လာနိုင်၏။

ယာမှောင်မှထိုးသူအဖို့မူ မည်သို့ ထွက်သည်ဖြစ်စေ စာမဖွဲ့ ကြပေ။ ဝဲမှောင်သမားကိုမူ မည်ကဲ့သို့ ထွက်သနည်းဟူသော အထွက်ပေါ် တွင် ကြည့်ကာ သတ်မှတ်ထားကြ၏။

မင်ကြောင်ထိုးပြီး တင်းတိမ်အကာ၏ အပြင်သို့ ထွက်လာ သူတိုင်း လက်ခမောင်းသံ တဖျောင်းဖျောင်းမြည်အောင် ခတ် ကြရ၏။ ငါယောကျ်ားဟေ့ ယှဉ်ရဲသူထွက်ခဲ့ဟု လောကကြီးကို စိမ်ခေါ် သည့်သဘော၊ မိမိ ယောကျ်ား စစ်ကြီး ဖြစ်ပြီဟု ကြွေး ကြော်သည့်သဘောဖြစ်၏။

လက်ခမောင်းခတ်ရာတွင် သုံးကြိမ်စေ့အောင် ခတ်ရသည်။ ထိုသို့ခတ်သူများတွင် ကပ်ဖြင့်ထုတ်လာရသူမှာ ကပ်ပေါ် တွင် သူတပါး၏ အထူအမခံယူကာ ထပြီး လက်ခမောင်း ခတ်ရ သောကြောင့် “အသါခတ်” ခေါ် ၏။

နှစ်ယောက် ဖြစ်စေ၊ တယောက် ဖြစ်စေ အတွဲအကူဖြင့်

ထွက်လာရသူသည် တွဲကူသူအား မှီခိုအားပြုပြီး ခတ်ရသည်။ ထိုသူမျိုး၏ လက်ဓမောင်း ခတ်ခြင်းကို "အမြှောင်ခတ်"ဟု ခေါ်ပေ၏။အကူမပါ အတွဲမပါပဲ ထွက်လာသူ၏ လက်ဓမောင်း ခတ်ခြင်းကား "ထီးထီးခတ်" သို့မဟုတ် အထီးခတ်ဟု ခေါ် လေသည်။

သူတို့သည် မင်ခံပုဆိုးကို လက်တွင်ခေါက်တင်ပြီး အခြား ပုဆိုးသစ် တထည်ဖြင့် ခါးတောင်းကျိုက်ပြီး ထွက်လာကြရာ ရဲရောင်သန်မာလျက် တကိုယ်လုံးသွေးကြောမျှား ဖုံးနေသော ယောကျ်ားကောင်း တယောက်၏ ခန့်ထည် တည်ငြိမ်သော အသွင်သည် ပေါ်လွင်လျက် ရှိပေ၏။ မိန်းမပျိုကလေးများ ကလည်း ထိုကဲ့သို့သော သူမျိုးကိုသာ လေးစား အားကိုး လောက်သော ရာသက်ပန် ဘဝကြင်ဖော်အဖြစ် သတ်မှတ်လို ကြပေသည်။

မင်ခံပုဆိုးမှာ ထိုလုလင်ပျို၏ တသက်တွင် အမြတ်တနိုး သိမ်းဆည်းထားရမည့် ပစ္စည်း ဖြစ်ချေတော့သည်။[၄၇] ဤကား လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ကာလ ကုန်းဘောင်ခေတ် ဆင်ဖြူရှင် (၁၁၂၅–၁၁၃၈) မင်းတရားလက်ထက် ဝန်းကျင် တွင် ဆောင်ရွက်သော ထိုးကွင်းမင်ကြောင်ထိုးနှံပုံပေတည်း။

**မင်ကြောင်ခေတ်ရွှေလျော့လာခြင်း**

ထိုးကွင်းမင်ကြောင် ထိုးနှံသော ဓလေ့သည် တောင်ပေါ် မြေပြန့်မကျန် ပျံ့နှံ့ခဲ့ရာ မြန်မာတို့၏ လူမှုရေးတွင် များစွာ သြဇာ သက်ရောက်ခဲ့သည့်အတွက် ယောကျ်ားတိုင်းတွင် ထိုး ကွင်း မင်ကြောင်ရှိခဲ့သည်။

---

၄၇။ "မြန်မာပြည်သား" ပထမတွဲ၊ ရန်ကုန်ဘဆွေ၊ စာမျက်နှာ ၂၂၀။

မြန်မာနိုင်ငံ တွင်းသို့ ဗြိတိသျှနယ်ချဲ့သမားတို့ ဝင်ရောက်ကျူးကျော် သိမ်းပိုက်သောအခါ တနိုင်ငံလုံးရှိ ယောကျ်ားကောင်း မှန်သမျှ ရရာလက်နက်ဖြင့် ဆီးဆို့တွန်းလှန်ကြသည်။ ဗြိတိသျှတို့ သတ်ရသမျှ၊ ဖမ်းဆီး မိသမျှ မြန်မာတိုင် တွင် ထိုးကွင်းမင်ကြောင်နှင့်ချည်း ဖြစ်ရာ သူတို့သည် ထိုးကွင်းမင်ကြောင် အပေါ်တွင် မကောင်းမြင် သတ်မှတ်မှုများ ပြုလုပ်လာခဲ့ကြသည်။ သူတို့၏ သစ္စာခံ များကလည်း ထိုနည်းတူ ပြောဆို ဝါဒဖြန့်လာကြသည်။

ဂျွန်ဆရာစံ ခေါင်းဆောင်သော လယ်သမားသူပုန် အပြီး တွင်ကား ဆေးထိုးသောစုတ် တွေ့လျှင်ပင် ဖမ်းဆီးလေတော့သည်။ ရည်ရွယ်ချက်မှာ မြန်မာ တမျိုးသားလုံး အမြတ်တနိုး ဂုဏ်ယူသော ဓလေ့ကို ဖျက်ဆီး ချေမှုန်းပစ်ရေး ဖြစ်ပေ၏။

သို့ရာတွင် ထိုးကွင်းမင်ကြောင်သည် ပပျောက်မသွားချေ။ ယခင်ကကဲ့သို့ ခြိမ့်ခြိမ့်သည်းသည်း မလုပ်နိုင် သော်လည်း အခြားနည်းဖြင့် ဆက်လက်ဆောင်ရွက် နေခဲ့ကြပေသည်။

ဆောင်ရွက်ပုံမှာ တန်ခူးလ သင်္ကြန်ရက်များ အတွင်းနှင့် တန်ဆောင်မုန်း လပြည့်နေ့တို့တွင် ဘုန်းတော်ကြီး ကျောင်းများတွင် ဖြစ်စေ၊ ပယောဂဆရာ၏ အိမ်တွင်ဖြစ်စေ စုရုံးကာ အဆောင်ဆေးများ ထိုးနှံကြခြင်းဖြစ်၏။ မင်ခံပွဲဆိုးဝတ်ခြင်း၊ ဝဲမှောင် ယာမှောင်အလေ့နှင့် အုန်းအုန်းကြွက်ကြွက် အားပေးခြင်းတို့ မပါဝင်သည်ကလွဲ၍ ရှေးနည်းအတိုင်းပင် ဖြစ်၏။

ထိုအခါတွင် အလှထိုးဖြစ်သော ထိုးကွင်းသည် သီးခြားကွဲထွက်သွားခဲ့တော့သည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၇၀၊ ၈၀ နှင့်က ထိုးကွင်းဆရာတို့ ဆောင်ရွက်ပုံကို ဆက်လက် ဖော်ပြပါမည်။

**ထိုးကွင်းဆရာ**

အဆောင်ဆေးများကိုလည်း ခါးအောက်ပိုင်းတွင် မင်ဖြင့် ထိုးတတ်သော်လည်း ယေဘုယျအားဖြင့် ခါးအောက်ပိုင်းတွင် အလှထိုးသည်က များပါသည်။ ထို့ကြောင့် ယင်းကိုထိုးကွင်း ဟုပင် သတ်မှတ်ထားကြပါသည်။

ထိုးကွင်း ဆရာသည် ထိုးကွင်း ထိုးခြင်း တခုတည်းဖြင့် အသက်မွေးသူမဟုတ်ပါ။ ဆေးဆရာ၊ထန်းသမား၊ လယ်သမား ယာသမား၊ လက်သမား၊ ပန်းပဲစသည်ဖြင့် တွဲဖက်အလုပ်များ ရှိကြပါသည်။ သူသည် မိုးလကုန်ဆုံး၍ ဆောင်ဝင်စအချိန် များတွင် ရွာများ ဘုန်းတော်ကြီးကျောင်း များသို့ တကိုယ် တော်ဖြစ်စေ၊ နောက်ပါ တပည့်တပန်း ခေါ်၍ ဖြစ်စေ ရောက် လာလေ့ရှိ၏။

တည်းခိုစရာ မရှိသော ခရီးသွားများ အားထားရာ နေရာ အဖြစ် ဘုန်း တော် ကြီး ကျောင်း ကို သတ် မှတ် ကြ ခြင်း၊ ကျောင်းရှိပုဂ္ဂိုလ်များကလည်း ကောင်းမွန်စွာ လက်ခံပြုစုခြင်း မှာ ရှေးခလေ့ ဖြစ်၏။ ဘုန်းတော်ကြီး ကျောင်းများတွင် တည်း ခိုရသော ဒုတိယ အကြောင်းမှာ ထိုးကွင်း ထိုးမည့်သူ များကို တနေရာတည်းတွင်အများအပြား ရရှိနိုင်သောကြောင့် ဖြစ်ပေသည်။

ထိုခေတ် ဘုန်တော်ကြီး ကျောင်းများရှိ ကျောင်းသား များမှာ ဘုစုခရုတွေချည်း မဟုတ်ပေ။ သက်န်းမဆီးရသေး သောကြောင့် ကျောင်း မ ထွက် သေး သည့် လူပျိုပေါက် အသက် ၂၀ ပတ်ဝန်းကျင် အရွယ်တွေလည်း အများအပြားရှိ သည်။ သူတို့သည် ထိုးကွင်း မထိုးရသေးပါက မုချထိုးကြပေ လိမ့်မည်။

ဘုန်းတော်ကြီး အများစုသည် နယ်ချဲ့ဆန့်ကျင်ရေးသမားများဖြစ်၍။ ထို့ကြောင့် ရှေးမြန်မာ့ရိုးရာဓလေ့ကို ကောင်းစွာအားပေးသည်။ ကျောင်းသားများအပေါ်တွင်သာမက ရပ်ရွာအပေါ်တွင်ပါ သြဇာညောင်းရကား ရွာထဲ၌ ထိုးကွင်းမထိုးရသေးသူရှိလျှင် ထိုသူအား ခေါ်၍ ထိုးကွင်းထိုးရန် အမိန့်ပေးနိုင်ပေသည်။

ထိုးကွင်းထိုးရမှာ တပေါင်လျှင် ငါးမူးမှ နှစ်ကျပ် သုံးကျပ်အထိရှိသည်။ ထိုးကွင်းထိုးချိန်တွင် လုပ်ခင်းဆောင်တာများ မဖွံ့ဖြိုးသောနှစ် ဖြစ်ပါက လျှော့ယူ၍ ဖွံ့ဖြိုးဆူဝသည့်နှစ်တွင် ပိုတောင်းခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် ခေတ်အလိုက် ဒေသအလိုက် ငွေတန်ဖိုးပေါ် မူတည်ပြီး ဖြစ်လာသော အခန္ဓန်းထားလည်း ဖြစ်နိုင်ပါသည်။

သို့ရာတွင် ထိုးကွင်းဆရာသည် အခါခပ်သိမ်း ငွေချည်းမရပါ။ လက်ငင်းလည်းမရပါ။ ပဲပေါ်ပေး၊ စပါးပေါ်ပေးစသည်ဖြင့် အကြွေးထိုးပေးရကာ သီးနှံပေါ်မှ လာရောက်သိမ်းယူရသည်။ အကြမ်းအားဖြင့် တပေါင်ထိုးခ သုံးမတ်(၁၂–ပဲ)ကို စပါးတတင်း သတ်မှတ်ချိန်ဖြစ်ပေသည်။

တခါတရံတွင်လည်း တလသေသေ တလဆန်းဆန်း ထိုးနှံလောက်သော လူရနိုင်သော နေရာများတွင် ထိုးနှံခကို လျှော့ယူရသောကြောင့် ငါးမူးပေးရသူများ ရှိခြင်းဖြစ်ပေသည်။

ဤသို့ဖြင့် ဘုန်းတော်ကြီး ကျောင်းပေါ်တွင်ဖြစ်စေ၊ ဇရပ်တဆောင်ပေါ်တွင် ဖြစ်စေ ထိုးကွင်းထိုးနှံမှု စတင်တော့၏။ ထိုးကွင်း ထိုးရာတွင် ထိုးနှံပေးသူနှင့် အထိုးခံသူချည်း မဟုတ်ပေ။ ဘေးမှအားပေးမည့် သူများ၊ ငေါက်ငမ်းမည့် သူများ၊ ချုပ်ကိုင်ပေးမည့်သူများ ရှိနေပေသည်။ အချို့တွင်မူ အထိုးခံရ

သူက နာကျင်သောကြောင့် အမေ တခွန်း တ,တိုင်း ဘေးမှ "တော်" တခွန်း ဝင်ထူးပေးသူလည်း ရှိ၏။

ထိုးကွင်း အထိုးခံမည့်သူသည် မိဘတိုက်တွန်း၍ ထိုးခြင်း၊ ယောကျ်ားမပီသသူဟု အပြောမခံလိုခြင်း၊ အပေါင်းအသင်းကို အားကျ၍ထိုးခြင်း စသောအကြောင်းများကြောင့် ထိုးကွင်း ထိုးသူများ ရှိသလို အချို့မှ ထိုးကွင်း ထိုးသူ စာမအံရ ဆို သဖြင့် ဝင်ထိုးသူလည်း တယောက်တလေရှိ၏။ အချို့တွင်မူ ဟိုမှာဘက်ကျောင်းမှ ကျောင်းသားတွေ ထိုးကွင်းထိုးကုန်ပြီ သတင်းကြား၍ ဂုဏ်တုဂုဏ်ပြိုင် ထိုးခြင်းမျိုးလည်း ရှိ၏။

မည်သို့ ဖြစ်စေကာမူ ထိုးကွင်းပါမှ ယောကျ်ား ပီသသည် ဟူသော အခြေခံ ယောကျ်ားကောင်း စိတ်သွင်းပေးခြင်းမှာမူ အဓိကအချက် ဖြစ်ပေသည်။ ကာလသားများ ခြင်းခတ်ရာသို့ ဝင်ရောက်ပြီး ခြင်းခတ်ရာမှာပင် ထိုးကွင်းမပါသူ ဖြစ်ပါမူ "ပေါင်ဖြူကြီးနဲ့မိန်းမ သွားစမ်း"ဟု နှိမ့်ချခံရရာ သူတော် သူ အခါအလျောက် လိုလိုချင်ချင် ထိုးနှံ့ သူများမှာ အများစု ဖြစ်ပေလိမ့်မည်။

**ထိုးနှံရသခြင်း**

**ထိုးကွင်းထိုးရာတွင် သွေးထွက်အသည့်အတွက်** မှုအိုက်သော ရာသီတွင် ထိုးကွင်း ထိုးနှံရန် မအောင့်လျော်ချေ။ ထို့ကြောင့် အေးသော ဆောင်းရာသီတွင် အထိုးများပေသည်။

ထိုးကွင်းအထိုးခံမည့်သူသည် မေးချင်းရိုက်အောင် ချမ်း တုန်သော ဆောင်းနံနက်တွင် ရေချိုးကာ ကိုယ်ကိုသန့်စင် ရသဖြင့် ခိုက်ခိုက်တုန်နေ၏။ သို့ရာတွင် သူ၏အချမ်းအတုန်

သည် စုတ်ချက်နှင့် တွေသည်နှင့်တပြိုင်နက် ပြေးလွင့်ပျောက်ကင်းသွားလေ၏။

ထိုးကွင်းအထိုးခံရာ၌ ဦးစွာ ဝမ်းလျှားမှောက်နေရသည်။ ထို့နောက် ဝဲဘက်သို့စောင်းလှဲကာ ဝဲပေါင်အတွင်းပိုင်း၊ ယာဘက်သို့စောင်းကာ ယာပေါင်အတွင်းပိုင်းကို ထိုးနှံခံရသည်။ နောက်ဆုံးတွင် ပက်လက်အနေအထားဖြင့် အပြီးသတ်ပေသည်။

ထိုးကွင်းဆရာသည် အရုပ်များ မထိုးနှံမီ အထိုးခံသူ၏ပေါင်၊ တင်ပါး စသော နေရာများတွင် ဦးစွာ "စာရံ" များရေးမှတ်လျာထားရသည်။ စာရံအတွက် ဘုန်းကြီးဆောင်းထီးတွင် စပ်သော ကွင်းများကို အသုံးပြု၏။ အချို့လည်း အရွယ်တော် နှီးခွေ ကြိမ်ခွေကို မင်ဆွတ်ကာ အသားပေါ်ဖိပေး၏။ အချို့ကား သံပြားဝိုင်း ဒင်္ဂါး စသည်တို့ကို ချကာ တုတ်ကို မင်ဆွတ်၍ ရေးမှတ်သည်။ ပန်းချီသုံးစုတ်ဖြင့် ရေးသူလည်း ရှိ၏။ အချို့အရပ်မှ ထိုးကွင်းဆရာများကား ပုံစံကွင်းကို ထုံးသုတ်ပြီး ဖိပေး၏။ အချို့လည်း ပုံထွင်းထားသော လက်ပံဆူး၊ ကသစ်ဆူးကို မင်ဆွတ်ကာ ဖိ၍ အရာပေးပြီးမှ ထိုးနှံကြသည်။[၄၈]

စာရံများရေးပြီးနောက် ထိုစာရံပေါ်တွင် စုတ်ချက်တင်တော့သည်။ စာရံထိုးသောစုတ်သည် ရှစ်ခွစုတ်ဖြစ်၏။ အထိုးခံသူမှာ မချိမဆံ့ နာကျင်သောကြောင့် အော်ဟစ် ရုန်းကန်လေတော့သည်။ သန်စွမ်းသူဆိုလျှင် ခြေထောက်နှစ်ယောက် ခေါင်းတယောက်နှင့် ခါးတယောက် ကိုင်ထား ဖိထားရသည်။ သို့တိုင်အောင် ကုန်း၍ကုန်း၍ ထသေး၏။

၄၈။ "မြန်မာ့ထိုးကွင်းရုပ်များ" မောင်ဝင်းမောင် (မြန်မာမှု)၊မန္တလေးမဂ္ဂဇင်း။

ထိုးကွင်းရှိသူများ၏ အပြောအရမူ စာရံထိုးပြီးနောက် စာရံအတွင်းမှ အရုပ်များကို ထိုးနှံသောအခါတွင် စောစော ကလောက်မနာတော့ပေ။ အစွယ်ပိုများသော ၁၂ ခွ စုတ်ဖြင့် ထိုးသောကြောင့်ဟူ၏။ သို့သော် သွေးပူလာသောကြောင့် ခံနိုင်ရည်ရှိလာခြင်း ဖြစ်နိုင်ပေသည်။

ထိုကွင်းအထိုးခံသူမှာ စာရံက အရုပ်ထက် ပိုနာသည် ဆိုစေကာမူ စုတ်ပေါက်ချက်တိုင်းသည် အလွန်တရာနာကျင် သည်ချည်း ဖြစ်၏။ အပြင်းအထန် နာကျင်ရကား တပိုင်း တန်းလန်းဖြင့် ထပြီး ဝမ်းသွားရ၏။ ဝမ်းသွားပြီးနောက်တွင် ထပ်မံ အနာခံနိုင်စွမ်း မရှိတော့သဖြင့် ထွက်ပြေးလေတော့ သည်။

ထို့ကြောင့် အချို့အရပ်များတွင် ထိုးကွင်း တဝက်တပျက် နှင့် လူများကို တွေ့ရတတ်၏။ ထိုကဲ့သို့ ထွက်ပြေးသူများ ရှိသောကြောင့်လည်း နောင်တွင် နောက်ဖေးသွားလိုပါသည် ဆိုသူအား သူချည်း လွှတ်မပေးဘဲ ခဲကိုင် တုတ်ကိုင် လူများ ဖြင့် ဝန်းရံ စောင့်ကြပ် နေကြပေတော့သည်။

အချို့ ဘုန်းတော်ကြီးကျောင်းများတွင်ကား ကြိမ်ပုခက် ထဲထည့်ပြီး ထိုးသည်ဆို၏။ ကလေး အသုဘများချပြီးနောက် သုသာန်တွင် စွန့်ပစ်ခဲ့သော ပုခက်ကို လိုရမည်ရ ကောက်ယူ ထားရာမှ ထိုးကွင်းထိုးချိန်တွင် အသုံးတည့်သွားခြင်း ဖြစ်၏။ ပုခက်ထဲ ထည့်ထိုးခြင်းမှာ ကြမ်းပြင်ပေါ်တွင်လောက် ရုန်း ကန်အား၊ လူးလွန့်အား မရှိသောကြောင့် ဖြစ်သည်။

ထိုသို့ အထိုးခံရသူက အဆက်မပြတ် အော်ဟစ်ဆဲရေးနေ စေကာမူ ထိုးသူက အရမ်းထိုးခြင်း မဟုတ်ချေ။ သူသည် လူအရေခွံပါးကလေး ပေါက်သည်ဆိုရုံမျှသာ ထိုးခြင်းဖြစ်၏။

ထိုးကွင်းဆရာသည် ထိုသို့ ထိုးကျင့်ရစေရန် ကျောက်ပြင်ပေါ်တွင် တင်ထားသော ကွမ်းရွက်ကို အသံမမြည်သည်အထိ ထိုးနိုင်စေရန် လေ့ကျင့်ထား၏။ ကွမ်းရွက်ပေါက်ပြီး ကျောက်ပြင်ကို စုတ်သွားနှင့် ထိခိုက်မိသံ ထွက်ပေါ်နေသေးသရွေ့ လူကို မထိုးနိုင်သေးချေ။

အခြား နည်းတနည်းကား ခေါင်းအုံးပေါ်တွင် ကွမ်းရွက်နှစ်ရွက်ထပ်ကာ စုတ်ဖြင့် ထိုးခြင်းဖြစ်၏။ အပေါ် ကွမ်းရွက်တွင်သာ စုတ်ရာထင်ရမည်။ အောက်ခံကွမ်းရွက်တွင် မထင်စေရ၊ မပေါက်စေရ။ ဤနည်းဖြင့်လည်း လေ့ကျင့်ကြရ၏။

ထိုအချိန်အခါက ယောကျ်ားဟူသောဂုဏ်၊ ယောကျ်ားသိက္ခာပုဒ်ကို မြတ်နိုးကြသည်။ ထိုးကွင်းထိုးသူ၏ ဘေးမှအားပေးသူများက "မင်း ယောကျ်ား မဟုတ်ဘူးလား" ဟု မေးလိုက်လျှင် အအော်လျော့သွား၏။ "ယောကျ်ား မဟုတ်တဲ့အတိုင်းပဲ" ဟု ဆိုလိုက်လျှင်ကား ရိုက်သည်ထက် နာသေး၏။ ထို့ကြောင့် မအော်မိစေရန် ကွမ်းသီးအစာ "ပြောင်လုံး" ကြီးများကို ခံတွင်းတွင်ခဲထားရာ ကွမ်းညှပ်မတိုးသော ကွမ်းသီးလည်း ကွဲကြေကုန်၏။

ထိုးကွင်းထိုးရာတွင် ချုပ်ကိုင်ပေးသူများအပြင် အကူအညီ ရှိသေး၏။ ထိုသူသည် အရေခွံတင်းပြန့်စေရန် ထိုးကွင်းဆရာ့ ခြေဖဝါးနှစ်ခုကြားတွင် လက်သွင်းကာ လက်နှစ်ဘက်ဖြင့် ဆွဲဖြန့်ပေးရသည်။ စင်စစ် ထိုးကွင်းဆရာ တယောက်တည်း ပြန့်အောင် မဖြန့်နိုင်သော နေရာများတွင်သာ ကူညီရခြင်း ဖြစ်၏။ ထိုးကွင်းဆရာတွင် ခေါင်းအုံးဖြစ်စေ၊ ခုံဖြစ်စေ တခုခု ထိုင်စရာပါသည်။ ယင်းအပေါ်တွင်ထိုင်မှ ခြေတင်အားရှိသည်။ ထိုး ကွင်း ဆ ရာ ၏ ခြေထောက်နှစ်ဘက်သည်

ထိုးကွင်းထိုးမည့် နေရာပေါ်တွင် အပြင် ခြေဖဝါးစောင်းနှစ်ခု ကို အောက်ကထားလျက် တင်ထား၏။ တင်ရာ၌ ရှိးရှိးတင်ခြင်းမဟုတ် ဖိအား ကားအား နှစ်ခုပေါင်းကာ အရေခွံပြန့်တင်းလာစေရန် တင်ထားခြင်း ဖြစ်ပေသည်။ အရုပ်တရုပ် ထိုးပြီးတိုင်း အဝတ်ဖြင့် ဖိသိပ်ပေးသည်။

ထိုးကွင်းတဘက် (တပေါင်) ထိုးရာတွင် နံနက်စောစောကထိုးရာ ဆွမ်းခံဝင်ချိန်လောက်တွင် ပြီးသည်ဆို၏။ ဆွမ်းခံဝင်ချိန်သည် ၁၀ နာရီ္ဂန်းကျင်ဖြစ်ရာ နံနက်စောစောသည် ၅ နာရီအချိန်ဖြစ်ပါက ငါးနာရီကြာသည်ဟု ခန့်မှန်းရမည်။ နံနက်စောစောသည် ၆ နာရီအချိန်ဖြစ်လျှင် လေးနာရီကြာသည် ဆိုရပေမည်။

အထိုးခံရသူမှာ နာကျင်သောကြောင့် မသက်သာသည့်နည်းတူ ထိုးကွင်းဆရာမှာလည်း နားညည်းသည်ကတကြောင်း၊ စုတ်ချက်မမှားအောင် ဂရုစိုက်ရသည်ကတကြောင်းမို့ ပင်ပန်းသည်ပင်။ ထို့ကြောင့် သူလည်း နံနက်တပေါင်၊ ညနေတပေါင်သာ ထိုးနှံပေးနိုင်သည်။

ထိုကွင်း ထိုးပြီးသွားသော ပေါင်သည် လက်မဝက်ခန့်တိုးပြီးရောင်ရမ်းလာသည်။ အချို့လည်း ထိုးပြီးလျှင်ပြီးချင်းရေလောင်းသည်။ အချို့ကား ပဒိုင်းရွက်၊ ကြက်ဟင်းခါးရွက်နှင့် မဲဇလီရွက်များနှင့် ကြိတ်မှိတ်ပြီး ပွတ်ပေးသည်။ ထိုအချိန်တွင် ပွတ်မပေးလျှင် ပွတ်ရန်အချိန် မရှိတော့ချေ။ ထိုသို့ပွတ်ပေးမှ စိမ်းဖန့်ဖန့်အရောင်ရှိကာ "စိမ်းမင်ကြောင်ပေါင်ခါးထစ်ကယ်နဲ့၊ မယ်ချစ်လိုက်ပါတဲ့ သျှောင်ဒူးတူငယ်" ဟူသော အဆိုနှင့် ညီပေမည်။

ထိုးကွင်းထိုးပြီးနောက် မည်မျှကြာမှ နောက်တပေါင်

ထိုးသနည်း၊ တခေါင်ထိုးပြီးတိုင်း မည်မျှကြာအောင် ဝေဒနာ ခံစားရသနည်းဟူသော အမေးကို ဖြေရန် မလွယ်လှချေ။ တယောက်နှင့်တယောက် တူသည်လည်းရှိ၏။ ကွဲသည်လည်း ရှိ၏။ အချို့သည် ထမင်းစားမပျက်၊ အချို့သည် ပျက်၏။ အချို့သည် တလကြာမှ နောက် တခေါင်ထိုး၍ အချို့ကား ခုနစ်ရက်၊ ၁၅ ရက်ကြာမှ ထိုးသည်။ အချို့သည် အပေါ့ အလေးသွားရာတွင် တောင်ဝှေးနှင့် သွားရ၏။ အချို့ လူတွဲ ရ၏။ အချို့ ခြင်ထောင်အောင်းရ၏။ အချို့မူ အကူ အမှေး အထောက်မလိုချေ။

တူညီသောအချက်မှာ နေ့စဉ် ဖန်ရည် ဆေးပေးရခြင်း ဖြစ်သည်။ ဖန်ရည်မှာမင် ဗူးရွက်ပြုတ်ရည်၊ နဗူးရွက်ပြုတ်ရည်၊ မဲဇလီ၊ ကြက်ဟင်းခါးရွက် ပြုတ်ရည် ကွဲသေးသည်။ ရေကြည်မြို့ စောင်ချမ်းကုန်းကလေးရွာမှ ဦးသိန်းမောင်၏အဆို အရမူ ဆီးခေါက်ပြုတ်ရည်၊ နဘဲခေါက် ပြုတ်ရည်များဖြင့် ဖန်ဆေး၍ အရှုပ်လှစေရန် ကြိတ်မှန်ရွက်ဖြင့် ပွတ်သည်ဟူ၏။ တစုံတရာမလုပ် ယင်မအုံစေရန်သာ အဝတ်ဖြင့် ဖုံးထားသည် ဆိုသူလည်း တယောက်တလေ တွေ့ရကတ်သည်။

ထိုးကွင်းအနာသည် ပျမ်းမျှအားဖြင့် ခုနစ်ရက်နှင့်အကြာ တွင် အနာဖေးကွာသည်။ အကွင်းလိုက်၊ အကွင်းလိုက်၊ အဖတ် လိုက်၊ အဖတ်လိုက် ကွာသည်။ အနာဖေးကွာပြီးနောက်တွင် ကြက်ဟင်းခါးရွက်ရည် မဲဇလီရွက်ရည် ဆွတ်မေး၍လည်း အကြောင်းမထူးတော့ချေ။ အနာကင်းသော ရန် ဖန်ဆေးလို က ဆေးနိုင်သေးသည်။

အနာကင်းသေပြီးနောက် ထိုပေါင်ကို အထိခံ၊ အဖိခံနိုင် သော အခါကျမှသာ ကျန်တပေါင်ကို ထိုးသည်။ အချို့လည်း

ပထမတပေါင် ထိုးစဉ်က နာကျင်မှုကို တစိမ့်စိမ့်ပြန်တွေးကာ နောက်တပေါင်မထိုးတော့ပေ။ ထိုသူမျိုးကိုရှာလျှင် တွေ့နိုင်သော်ငြားလည်း ရှားပါးလှသည်။ အချို့ အသည်းကောင်းသူများကား ရက်ခြားမနေတော့ပဲ တနေ့တည်းအတွင်း နှစ်ပေါင်လုံး ထိုးပစ်လိုက်ကြသည်။

ထိုးကွင်း ထိုးရာတွင် ထိုးကွင်းဆရာ တယောက်တည်းကသာ ထိုးကွင်း အထိုးခံသူ၏ နှစ်ပေါင်လုံး ထိုးပေးသည်။ တခါတရံတွင်မူ ကာယကံရှင်က သူ့ပေါင်နှစ်လုံးတွင် ထိုးကွင်းဆရာနှစ်ယောက်ကို လက်ရာ အပြိုင်ခိုင်းသည့် သဘောဖြင့် တယောက်တဘက် အထိုးခိုင်းသူလည်း ရှိ၏။ အလားတူပင် ရေနံမင်တဘက်၊ ဆီမင်တဘက် ထိုးသူများလည်း ရှိသည်။

ရေနံမင်နှင့် ဆီမင်မှာ ထိုကဲ့သို့ ပေါင်နှစ်ဘက်တွင် အနီးကပ် ပူးယှဉ်ပြမှသာလျှင် ခြားနားပုံကို သိသာစွာ မြင်ရတော့၏။ ရေနံမင်သည် နက်ရှံသာနက်၏။ တောက်ပမှုမရှိ မွဲခြောက်နေသည်။ အဆင်မသင့်ပါက နီကြောင်ကြောင် ဖြစ်နေတတ်သေးသည်။ ဆီမင်မှာသော်ကား နက်ရှံသာမက တောက်လည်းတောက်သည်။ ကြက်ဟင်းခါးရွက်၊ မဲဇလီရွက်တို့ဖြင့် အပွတ်နာသောပေါင်၊ ယင်းအရည်တို့ဖြင့် အဆွတ်နာသော ပေါင်သည် စိမ်းမှောင်နေပေ၏။

ထိုးကွင်း ထိုးပြီးသော လူငယ်များသည် အချင်းချင်း ထိုးကွင်းပြိုင်ရသည်ကိုဂုဏ်ယူကြ၏။ ရပ်ထဲရွာထဲမှ လူများက ထိုကွင်းကို ကြည့်ပြီး ချီးမွမ်းလျှင် ထိုးစဉ်က နာသောအနာကို မေ့လျော့ချေပြီ။ ထိုးကွင်းရှိမှ ကျပ်ပြည့်သည်၊ ထိုးကွင်းရှိမှ ယောကျာ်း ပီသ သည်ဟု သတ်မှတ်သော အချိန်အခါဖြစ်၍ ထိုးကွင်းရှိသူသည် လူတော သူတော တိုးရာ၌ မသိမ်ငယ်တော့

ပေ။ ရပ်ရေးရွာရေးကို စုပေါင်း လုပ်ဆောင်သောအခါ ယောကျ်ားပီပီ ခါးတောင်းကျိုက်စရာ ကိစ္စပေါ်လာလျှင်လည်း နှောင့်နှေး မနေတော့ချေ။

မိန်းကလေးရှင်များကလည်း ထိုးကွင်းထိုးသော နာကျင်မှုကိုမျှ မခံနိုင်သူသည် စုတ်ချက်ထက် ပြင်းထန်သော လောကဓံတရား၏ အထောင်းအထုကို ခံနိုင်မည့်သူ မဟုတ်ဟု သတ်မှတ်ကာ သူတို့သမီးနှင့် လက်ဆက်ပေးရန် ဝန်လေးကြ၏။ ထို့ကြောင့် ထိုးကွင်းမင်ကြောင်သည် သူ့ခေတ် သူ့အချိန်က မြန်မာတို့အပေါ်တွင် များစွာ သြဇာညောင်းခဲ့သည်ဟု ဆိုခဲ့ခြင်း ဖြစ်၏။

### ထိုးကွင်းဆိုင်ရာစကားများ

ထိုးကွင်း အထိုးခံစဉ်တွင် ပေါ်ပေါက်လာသော ခံစားမှုနှင့် အဖြစ်အပျက်များအတွက် ပြောစမှတ်ပြုသော စကားများ ရှိပါသေးသည်။ ယင်းတို့မှာ

ထလို့ပြေးချင် ရေအိုးတင်။ ဆရာကော်ဆဲ (ဆရာအော်ဆဲ) ဖရိုဆွဲ။ မျက်ရည်စက်လက် တံကောက်ခွက်။ ရက်ရက်စက်စက် တံကောက်ခွက်။ "အမေ့" အော်သော တံကောက်ကြော။ အမေ့ကိုပြော တံကောက်ကြော။ သေပြီစင်းစင်း ခါးပုံတွင်း။ ပူစပ်ပူစပ် တင်ပါးချပ်။ ဆရာခံသတ် ဓားမချပ် ဟူသည်တို့တည်း။

မိန်းမများသည် ရေအိုးတွင် ရေထည့်ပြီးနောက် အိုးကို ခေါင်းပေါ် ပင့်တင်ရန်အတွက် ဆောင့်ကြောင့် ထိုင်ကြသည်။ ရေအိုးကို ခေါင်းပေါ်သို့ မပို့မီ ဒူးပေါ်တွင် တထောက် နားရသည်။

လူကိုယ်ခန္ဓာတွင် "ရေအိုးတင်" ဟု ခေါ်သော နေရာကား ထိုဒူးနေရာပေတည်း။ တန်းစေ့ တန်းဝင်သော ယောကျ်ားတယောက် ဖြစ်လိုသော ဆန္ဒစေ့ဆော်၍ ထိုးကွင်းထိုးခြင်း ဖြစ်ငြားသော်လည်း ထိုနေရာကို အထိုးခံရချိန်တွင် "မလှယင် နေပါစေတော့၊ လူတွေကဲ့ရဲ့လိုလည်း ကဲ့ရဲ့ပါစေတော့" ဟူသော အတွေးနှင့်အတူ တခါတည်း ထပြေးချင်အောင် နာကျင် ကြောင်း ဖော်ပြခြင်း ဖြစ်သည်။

တင်ပါးနှစ်ခု ဆုံသောနေရာ မြီးညှောင့်ရိုးထိပ်အနီး နေရာကို ဖမ္မံ့ဆဲ့ ခေါ်သည်။ ထိုနေရာကို အထိုးခံရချိန်တွင် ရှိသေးရမည့် သူပါကလား ဟူသောအသိ၊ မသင့်ပါကလား ဟူသော သတိတို့ ပျောက်ကွယ်အောင် နာကျင်လှသဖြင့် ထိုးကွင်းဆရာအား မအေ နှမ ကော်ဆဲ မိတော့သည်။

ဒူးခေါင်း၏ ဆန့်ကျင်ဘက်အတွင်းပိုင်းသည် တံကောက်ကွေး၊ တံကောက်ခွက် ဖြစ်သည်။ ထိုနေရာမှာ အသားပျော့ ဖြစ်သဖြင့် ရက်ရက်စက်စက် နာကျင်သည်။ မျက်ရည်စက်လက် ဖြစ်ရသည်။

ထိုတံကောက်ခွက်အတွင်းမှာပင် မာမာထောင်ထောင်ကြိုး တစု ရှိသည်။ ယင်းကို တံကောက်ကြော ခေါ်ကြ၏။ တံကောက်ကြောပေါ်သို့ စုတ်ချက် ရောက်လာသောအခါ "အမေ့သားတော့ သေပြီလို့ အမေ့ကို ပြောလိုက်ကြပါ" ဟူ၍ မှာကြားရအောင် နာကျင်လှသည်။

ယောကျ်ားများသည် တောင်ရှည်ပုဆိုး ဝတ်ရာမှ အကုန် အကျ သက်သာ၍ လှယ်ကူသော လုံကွင်းသို့ ပြောင်းလဲ ဝတ်ဆင်ကြသောအခါ မိန်းမနှင့် ခြားနားစေရန် ခါးမုံစ ထုတ်၍ ဝတ်ကြ၏။ နေရာအားဖြင့် ချက်နှင့်တည့်တည့် နေရာ

မြင်၏။ ထိုခါးပုံစ အောက်ရှိ နေရာသည် ခါးပုံတွင်း ဖြစ်သည်။ ထိုနေရာကို စုတ်ချက်ချောက်၍ နှာကျင်ပုံမှာကား တွန့်လိမ်၍ ပင် မနေနိုင်၊ စင်းစင်းသေပြီဟုထင်ရ၏။

တင်ပါး နှစ်ဘက်တွင် အရွက်များ ရှိသည်။ ထိုနေရာကို ထိုးကွင်း ထိုးသော အခါတွင်ကား ပူစပ်ပူလောင်နှင့် အခံရ ခက်လှသည်။ တကိုယ်လုံးတွင် အသက်သာဆုံး နေရာပေ တည်း။ ထန်းသမားဓါး ထန်းလှီးဓားနှင့် ထိကပ်နေသောနေရာ ကို "ဓားမချုပ်" ခေါ်သည်။ ရင်းနေရာကို ထိုးသောအခါ နာလွန်းသဖြင့် ထိုးကွင်းဆရာကိုပင် ရန်မူတော့သည်။ ဒူးကို ထိုးစဉ်တွင် ကျောက်လမ်းပေါ်တွင် လှည်းမောင်းလာသံကဲ့သို့ အသံ ကြားရသည် ဆို၏။ ယင်းအတွက်ကား ဆိုရိုးစကား မရှိပေ။

ထိုမှတဖန် ထိုးကွင်းပေါ်တွင် ထားရှိသော သဓာာထားမှ ထွက်ပေါ်လာသော စကားများ ရှိသေး၏။ အကောင်းဘက်မှ ကြည့်၍ချီးမွမ်းသောစကားမှာ "သျှောင်တဲ့နှင့် ပေါင်မည်းနှင့်" ဟူ၏။ နည်းသားပုံ ကျက်သရေရှိပုံကို ဖော်ပြခြင်းဖြစ်၏။

"ပေါင်ဖြူချင်း သေမင်းခေါ်တော်တယ်" ဟူသော စကား မှာကား မယားကလည်း ပေါင်ဖြူကြီး၊ ယောကျ်ားကလည်း ပေါင်ဖြူကြီးဆိုလျှင် မြန်မြန်သေတတ်သဖြင့် ထိုးကွင်းမရှိသူကို အိမ်ထောင်ဘက်အဖြစ် မရွေးနိုင်ဟု ငြင်းဆန်ခြင်းဖြစ်၏။

စေတုဘ္ဘရာဘက်မှ ရသောစကားတရပ်မှာ "ပေါင်ဖြူစင်းမို့ နတ်ဆိုးစီးမှာယ်ရသေး။ မင်းကြောင်စိမ်းမို့ ပျိုသိမ်းပါရတော့မယ်" ဟူ၏။ ယောကျ်ားမပီသသောပေါင်ဖြူကင်းကို ယူမိလျှင် ရိုးရာ နတ်ကို မှသတောင်းပန်ရသဖြင့် မင်ကြောင်စိမ်းနှင့် လူကိုသာ ယူတော့မည်ဟု ဆိုခြင်းဖြစ်၏။

အဆောင်သိဒ္ဓိ ဆေးများကို မယုံကြည်သူများသည် ရှေးကပင် ရှိခဲ့ကြ၏။ သူတို့သုံးစွဲသော စကားမှာ "နာနီနဲ့ နာနက် ပါကွာ" ဟူ၍ဖြစ်၏။ ခါးအထက်တွင် ဟင်္သပြဒါးဖြင့် ထိုးသော ဆေးနီရော ဆေးနက်ပါ မည်သို့မျှ မစွမ်း။ နာကျင်စေသော အနီနှင့် နာကျင်စေသော အနက်ဟု တိုတိုနှင့် တိကျမှန်ကန်စွာ ပြောခြင်းဖြစ်၏။

"ပိုက်ဆံပေး၍ အနာဝယ် ခြေကျောက်ခံရတယ်" ဟူသော စကားမှာ ထိုးကွင်းမင်ကြောင်အပေါ် နယ်ခွဲ့သမားတို့ မလိုတမာ ဖြစ်ချိန်တွင် မျက်နှာလိုမျက်နှာရ ပြောသော စကား ဖြစ်ဖွယ် ရှိသည်။ ထိုးကွင်း ဆရာက ခြေတင်ပြီး အသားတင်း အောင် လုပ်သည်ကို ခြေကျောက် ခံရသည်ဟု ဆိုလိုခြင်း ဖြစ်၏။

"ခြေကျောက်လဲခံရသေး၊ စွပ်ဆီလဲခေါ် ခံရသေး" ဟူသော စကားမှာလည်း အထက်ပါ စကားနှင့် အလားတူပင် ဖြစ်ပေ သည်။

## ထိုးကွင်းရုပ်များနှင့်စပ်လျဉ်းသော သုံးသပ်ချက်

ထိုးကွင်း ရုပ်များသည် ထိုးပုံထိုးနည်း "သမားစဉ်" ရှိပါ သလော။ ရည်ရွယ်ချက် ရှိပါသလောဟု စာရေးသူ လေ့လာ ယင်း စူးစမ်းသောအခါ မရှိဟု အဖြေရပါသည်။

မည်ကဲ့သို့သော ပေါင်မျိုးတွင် မည်ကဲ့သို့သော အရုပ်များ ထိုးရမည်။ မည်သည့် အရုပ်ကို ဦးစွာထိုး၍ မည်သည့်အရုပ် ပြီးမှ မည်သည့်အရုပ်ထိုးရမည်စသော သတ်မှတ်မှုမျိုး မရှိသည့် နည်းတူ ပါပဟိန် ပြဇာတ်ပါ ပါပဟိန်မင်းသား၏ ပတ်ညွှန်း

ကဲ့သို့သော အရုပ်များမှတပါး များသောအားဖြင့် ပေါ့ပါးစေလို၍ ကြောင်ထိုးသည်။ မျက်စိလျှင်စေလို၍ ကျီးကန်းထိုးသည် မရှိချေ။

ထို့ပြင် ထိုးကွင်းရုပ်များသည် တဆရာနှင့် တဆရာ အရွယ်မတူညီသကဲ့သို့အရုပ်ချင်းလည်းမတူကြပေ။ဤတယောက်တွင်ရှိသောအရုပ်သည် ဒေါင်လိုက်နှစ်လက်မ၊ ဘေးတိုက်တလက်မ၊ တလက်မခွဲ ရှိငြားလည်း နောက်တယောက်တွင်မူ ဒေါင်လိုက်လေးလက်မခွဲ၊ ဘေးတိုက် နှစ်လက်မ ရှိကောင်း ရှိနိုင်ပေသည်။ တဖန် တတိယ တယောက်တွင် လေ့လာ ပြန်သောအခါ အရုပ်သည် နှစ်လက်မ ပတ်လည် ရှိနေပြန်၏။ အရုပ်များကို ရံထားသော စာရံများသည် ဒေါင်လိုက် ဘဲဥပုံချည်း ရှိနေသည် ထင်မှတ်နေဆဲတွင် ကြိုဂံပုံ စာရံနှင့် စတုဂံပုံ စာရံများကိုလည်း တွေ့ရပြန်ပေသည်။

ထို့အတူပင် တဦးတွင်ရှိသော စာရံသည် နှစ်သုံးမတ်နှင့် နှစ်လက်မရှိ၍ နောက်တယောက်တွင် သုံးလက်မ ပတ်လည် ရှိသည်ကို တွေ့ရပြန်သည်။ အရုပ် အကြီး အသေး မတူသည့်နည်းတူ ပေါင်တပေါင်တွင် ရှိသော အရေအတွက် များလည်း မတူပေ။ တယောက်တည်း တဆရာတည်းပင် ထိုးစေကာမူ ဝဲပေါင်နှင့် ယာပေါင်ပင် ထိုးကွင်းအရေအတွက် မတူညီသည်ကို တွေ့ရ၏။ ပုံစံအားဖြင့် ပြရလျှင် ဆင်ဖြူကျွန်းမြို့ သီးကုန်းရွာမှ ဦးဖိုးကောင်း (၆၆)နှစ်မှာ ဝဲပေါင်တွင် ၂၃ ရုပ်ရှိ၍ ယာပေါင်တွင် ၂၅ ရုပ်ရှိသည်။

ပခန်းငယ်ချောင်းဖီလာ ရွာမှ ဘကြီးလှ (၇၃)နှစ်၏ ထိုးကွင်း ရုပ်များမှာ ကြီးသေး မညီချေ။ဒူးခေါင်း ဘက်သို့ ဆင်းသွားသောအခါ ပို၍ သေးငယ်သွား သည်ကို တွေ့ရ၏။ ချက်

အထက်တွင်လည်း နတ်ရုပ် ဦးခေါင်းများ ထိုးနှံထားသည်ကို တွေ့ရသည်မှာ ထူးခြားချက်တခုပင်။ ပွင့်ဖြူမြို့ ပြည်လုံးကျော် ရွာမှ ဦးချစ်(၆၇)နှစ်၏ ထိုးကွင်း ရုပ်များ၊ စာရုံများအမှာလည်း အကြီးအသေး အရွယ်မညီပုံမှာ သိသာ၏။

လယ်ကိုင်းမြို့ ကျောင်းတော်ရာ ဘုရားဈေး၊ ဈေးဟောင်း ရပ်ကွက်မှ ဦးသာဒွန်းယဉ် (အသက် ၇၀)၏ ပေါင်တွင်ထိုးနှံ ထားသော အရုပ်များမှာ ဒေါင်လိုက် နှစ်လက်မနှင့် ဖြက်တစ် ခွဲသမ တလက်မ ရှိငြားလည်း အချို့အရုပ်များမှာ တလက်မ ခွဲသာ မဒေါင်လိုက်ရှိသည်။ ခါးမှဒူးအထိ ရှစ်ကေခါင်ကိုးကောင် ရှိ၍ ပေါ်လည်တွင် ငါးကောင်ခြောက်ကောင်ရှိသည်။ မျောက် မြို့ ယ် လေးပင်ကုန်းရွာမှ ဦးတိုက် (၈၁ နှစ်)၏ ပေါင်တွင် ထိုးနှံထားသော အရုပ်များမှာမူ အထက်အောက် ရှစ်ရှမ်၊ ပတ်ပတ်လည် ခုနစ်ရုပ်သာရှိသည်။

ဆော့မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ် အငယ်ရှိ ရေသမရွာမှ ဦးစံ လင်း (၇၅နှစ်) ၏ ခါးဆောင်တွင် ပါရှိသော စာရုံများမှာ အခြားသူတို့၏ စာရုံနှင့် မတူပဲ စက်သွားစိမ်များ ဖြစ်နေ သည်ကို တွေ့ရ၏။ (ထိုရွာ ဝန်းကျင်တွင် "နွားပြာနီအရှင်း တောင်ကိုတက်တော့၊ ငစံရီအဖျင်းပေါင်ကိုဖျက်။ ကွက်ကျွက် ကွမ်းကွင်း ဖိုးကျော်ဒွန်း"ဟူသော ထိုးကွင်းစာချိုးရှိ၏။)

ဦးစံလင်း၏ ဒူးမှ အမြိတ်ကွင်းများအတွင်း၌ အမည်းစက် များ ထည့်သွင်း ထားပုံမှာလည်း ထူးခြားချက်ဟု ဆိုရပေ လိမ့်မည်။

စကုမြို့၊ ဖောင်တန်းရပ်မှ ဦးဖိုးဝင်း (၇၇ နှစ်)တွင် ထိုးနှံ ထားသော အရုပ်များအနက် ဝဲဘက်တံကောက်ခွက် အထက် နားတွင် အလျားလေးလက်မခွဲ၊ဖြက် နှစ်လက်မ တမတ်ရှိသော

ဓါးတရှက်အခင်ကို ထိုးနှံထား၍ ခုံညင်းအတွင်း တကျက်ချော်တွင် ထိုးကွင်း ထိုးသော ခုနှစ် "၁၂၇၆" ကို ထိုးနှံ မှတ်သားထား၏။ အခြားထူးခြားချက်တခုမှာ တံကောက်ခွက်အတွင်း၌ အိုလူးနှစ်ထပ် ထိုးနှံရာတွင် စာရံနှစ်ထပ် ရံထားသည့်အနက် အတွင်းစာရံမှာ စာလိမ် သို့မဟုတ် ကြိုးဖြစ်နေခြင်းပင်။ ခါးတွင်လည်း ကဒေါင်း ခေါက်ထိုးပါရှိသည်။ သို့သော် ကဒေါင်းခေါက်ထိုးကိုကား အခြားသူများတွင်လည်း တွေ့ရပါသည်။

ဆိပ်ဖြူမြို့နယ် ကုန်းရွာမှ ဦးလူရှင်၊ ကျစ်ပြင်ရွာမှ ဦးစံမှဲ၊ ကိုးတောင်ရွာမှ ဦးမောင်ကြီးတို့မှာ စာရံသုံးထပ် ပါရှိသည်ကို တွေ့ရ၏။ ဦးလူရှင်၏သုံးထပ်မှာ စာလိမ်နှင့် ရိုးရိုး ရောနေ၍ ဦးစံမှဲမှာမူ အတွင်းနှစ်ထပ်ပါးပြီး အပြင်ကထူသည်။ ဦးမောင်ကြီး၏ သုံးထပ်ကား လေးထောင့်ပုံကြီးတွေ ဖြစ်ပေ၏။

ဆိပ်ဖြူဘက်မှ ထိုးကွင်းသမားများသည် ကနေ့သော မင်းသားဟု ထင်ရသော အရုပ်ကို "ဖိုးစိန်ကလေး" ဟု ခေါ်လေ့ရှိကြ၏။ သာစည်၊ မိတ္ထီလာ မြို့နယ်များဘက်မှ ထိုးကွင်းဆရာများမှာမူ မိမိတို့အမည်ကို ထိုးကွင်းများ ကြားတွင် ဖော်ပြ ထိုးနှံထားကြသည် ဆို၏။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှ အမျိုးသား အချို့တွင်မူ ပေါင်တခေါက်လျှင် ၁၂ ရုပ်၊ ၁၅ ရုပ်မျှသာ ရှိကြသည်ဆို၏။ အရုပ်ကြီးလျှင် ကောင်ရေ အဝင်နည်း၍ အရုပ်သေးလျှင် အရေအတွက် များခြင်းကြောင့် ဤသို့ ကွာခြားရခြင်း ဖြစ်ပေသည်။

ထိုးကွင်း ရုပ်များသည် အခွများသော စုတ်ကြီးများဖြင့် ထိုးသောကြောင့် ဆူပိန်းနေတတ်သည်။ သူခေတ်သူအခါကမူ ဤမည်မျှဆူးပိန်းပိန်းကြီး တွေကိုပင် လှပသည်ဟု ထင်ခဲ့မြင်ခဲ့ကြ၏။ ယနေ့ခေတ်မျိုးမဟုတ်သော ဆူးပိန်းပိန်းကြီး ဖြစ်နေခြင်းနှင့်

စပ်လျဉ်း၍ "စာရုံတွေတောင် ပြတ်တဲ့နေရာက ပြတ်ကုန်သလို အရုပ်တွေလည်း အရေခွံ ပြန့်ကားသွားလို့ မပီမသဖြစ်ကုန်တာ ထင်ပါရဲ့"ဟု စကားခေါ်ကြည့်မိ၏။ ထိုအခါ ရရှိသောအဖြေမှာ "ထိုးပြီးစကလည်း သည်လိုပဲ မပီမသ ထူလပိန်းကြီးပါပဲဗျာ"ဟူ၍ ဖြစ်ပေသည်။

ထိုးကွင်း မင်ကြောင် ရှိသူများအား အာဏာပိုင်များက မလိုလားသည့် သဘော ထားရှိခြင်း၊ ရှုတ်ချခြင်း တို့ကြောင့် ထိုဓလေ့မှေးမှိန်ခဲ့ရသည်။ ထိုးကွင်းရှိသူများနှင့် တွေ့ဆုံရာတွင် "ငယ်ကလဲငယ်တုန်းမို့ဗိုက်လို့ထိုးခဲ့မိတာပါ"ဟု ပြောသူများက ပြောသည်ကို ထောက်ခြင်းအားဖြင့် ကာလဒေသ ပယောဂ၏ ဖိနှိပ်မှုကို မည်မျှခံခဲ့ရကြောင်း ခန့်မှန်းနိုင်ပေသည်။

သို့ရာတွင် ထိုးကွင်းမင်ကြောင်သည် ပျောက်ကွယ်မသွားခဲ့ပါ။ ရှမ်း မွန်နှင့် ကရင်အမျိုးသားများထံတွင် တည်မြဲနေဆဲရှိသေးသည်ဟု သိရပေ၏။

## ထိုးကွင်းဆရာများ

အများအားဖြင့် ကွယ်လွန်ကုန်ခဲ့ပြီဖြစ်သော ရှေးမြန်မာ ထိုးကွင်းဆရာကြီးများ၏ အမည်ကို ရှာဖွေစုဆောင်း၍ ရသမျှဖော်ပြလိုက်ပါသည်။

ယင်းတို့မှာ တောင်သာနယ်မှဆရာကြူတ်၊ ဦးပွေးစို၊ ချောက်မြို့နယ် ပွင့်လင်းရွာမှ ဦးချည်ရ၊ တောင်သာရွာ ဦးထွန်းမြို၊ အုံမျှားကြီးရွာမှ ဦးသီလ၊ ဦးတီ၊ စလင်းမြို့မှ ရုပ်သေးဆရာ ဦးဆိုင်ကြီးနှင့် ဦးကျော်လှ၊ ပခုက္ကူနယ်မှ ဦးဖိုးသောင်၊ မုံရွာမှ ဆရာညွန့်၊ အလုံမှ ဦးသောင်၊ မင်းဘူးမှ ဆရာပွား၊

ဦးဖိုးလှဲ၊ ဆရာနန်း၊ ဆရာမောက်၊ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့မှ ဦးရွှေမြချေ (သစ်ပုတ်တောင်ရွာ)၊ တောင်ကုတ် မြို့မှ ဦးသန်းမောင်ရီနှင့် ဦးစံလှ(ခမောင်းချိုင်ရွာ)၊ ကျောင်းကုန်း မြို့မှ ဆရာငယ် (သဲဖြူရွာ)၊ ဦးစံပု (မိချောင်းအိုင်)၊ ရေကြည်မြို့မှ ဦးရွှေဒုတ် (ရိုးတိုးကြီး)၊ အမရပူရမှ ဆရာထူး၊ ဆရာထွန်း၊ ဆင်ဖြူကျွန်းမှ ဦးစံရီ၊ ဦးဖိုးထွန်း(မြောင်းခွ)၊ ဦးဖိုးကျော် (ရွာမှတ် ထန်းတော)၊ ဦးယာခို (ခြူတန်း)၊ ဆရာမှင် (သရက်ချဉ်)၊ ဦးသာမြိုင် (သီးကုန်း)၊ ဦးပန်းလှိုင် (ဒိုင်းခေါင်းကုန်း)၊ ဦးထွန်းဇံ (ယမ်းဖိုကုန်း)၊ စေတုတ္တရာမြို့မှ ဦးဘတင်(ညောင်အိုင်)၊ဆရာနီ၊ ဆရာမြကြီး၊ဦးဖိုးစ (ခေတ္တရာရပ်)၊ ဦးထွန်းဘော် (လယ်ပြင်စု)၊ ဦးသက်ကြီး (ကန့်လယ်ကျင်း)၊ ဦးလှဖေထွန်း(တန့်လယ်ကျင်း)၊ ကလောမြို့မှ ဆရာစို (ဆူးဘန်းအင်းရွာ ဟဲဟိုးတောင်)၊ ဆိပ်ဖြူမြို့နယ်မှ ဆရာမင်း (ကိုးတောင်ရွာ)၊ ဖိုးသာညို (ထိန်ကန်)၊ ဦးရွှေခဲ (လိပ်ခြံ)၊ ဦးထွန်းမင်း၊ ဦးကျော်ဒွန်း (ကော်တုန်)နှင့် ဦးရေအေး (လက်ဆည်ရွာ) စသည်တို့ဖြစ်ကြပေသည်။

**ထိုးကွင်းနှင့်တိုင်းတပါးသား**

မြန်မာတို့၏ ထိုးကွင်းမင်ကြောင်ကို "နာနီ နာနက်" ဟူ၍ အချို့သော မြန်မာများက ပြက်ရယ်ပြုသော်လည်း မြန်မာနိုင်ငံသို့ ရောက်လာသော တိုင်းတပါးများကမူ လေးစားစွာ မှတ်တမ်းတင်ကြ၏။

မြန်မာတို့၏ ထိုးကွင်း မင်ကြောင်ကို မြန်မာများနှင့် ထပ်တူ ထိုးနှံ့သူမှာ ဟိန္ဒူရီခေါ် သည့် အင်္ဂလိပ်လူမျိုး တဦး

ဖြစ်၏။ သူသည် မင်းတုန်းမင်းကြီး၏ ရွှေလက်ဖက်တော်စောင်းကွင်
ရတနာပုံ ရွှေမြို့တော်၌ တည်ခေါက်ထားသော ရှမ်းငကိုသို့
လာရောက်အမှုထမ်းနေသူဖြစ်ပေသည်။ ထိုသို့ အမှုထမ်းနေစဉ်
တွင် မြန်မာတို့၏ ယဉ်ကျေးမှုနှင့် ထုံးစံလေ့ကို နှစ်သက်သည့်
အတွက် လွန်းပုဆိုးနှင့် ထိုင်မသိမ်းအင်္ကျီတို့ကို ဝတ်ဆင်ရုံသာ
မက ထိုးကွင်းမင်ကြောင်ပါ (အပေါ်နီ အောက်မည်း) ထိုးနှံ
သည်ဟု သိရပေသည်။

မြန်မာတို့၏ ထိုးကွင်းမင်ကြောင်ကို မှတ်တမ်းတင်သူတဦး
မှာ နီကိုလိုဒီကွန်တီအမည်ရှိ အီတလီပြည် ဗင်းနစ်မြို့သား ဖြစ်
ပါသည်။

နီကိုလိုဒီကွန်တီသည် ခရစ်နှစ် ၁၄၃၅ ခုတွင် ထိုင်းနိုင်ငံကို
ဖြတ်၍ တနင်္သာရီနယ်သို့ ရောက်လာခဲ့၏။ ထိုမှ ရခိုင်ပြည်ဘက်
သို့ ရောက်သွားကာ ယင်းမှ ကုန်းလမ်း ရေးဖြင့် အင်းဝသို့
ရောက်လာ၏။ ထိုအချိန်က အင်းဝနေပြည်တော်တွင် မိုးညှင်း
မင်းတရား နန်းစံလျက်ရှိလေသည်။

သူ၏ မှတ်တမ်း၌ မြန်မာတို့၏ အလင်္ကာယသား နေစ၊
ရတနာသုံးပါး ကိုးကွယ်မှုနှင့် ပေထက်အက္ခရာတင်သော စာပေ
ရေးသားမှုတို့အပြင် မြန်မာတို့၏ ထိုးကွင်း ထိုးခြင်းဓလေ့ကိုလည်း
မှတ်တမ်းတင်ခဲ့သည်။

သို့ရာတွင် နီကိုလိုဒီကွန်တီသည် ထိုးကွင်းအရုပ်များ စွဲထင်
နေခြင်းမှာ အသားကို သံချွန်ဖြင့် ဖောက်၍ ဖျက်မရနိုင်သော
ဆေးများ ပွတ်ထည့်ထားသည်ဟု ယူဆပုံရလေသည်။

## အခန်း ၆

# သိပ္ပံခေတ် ထိုးကွင်း မင်ကြောင်

### ဘက်ထရီစုတ်ထိုးအပ်

ဆရာဝန်များ သုံးစွဲသော ဆေးထိုးအပ်နှင့် ကွဲပြားစေလိုသောကြောင့် စုတ်ထိုးအပ်ဟု အမည်တပ်လိုက် သော်လည်း လက်မှု ဆိုင်ကိုင်နေသူများကမူ ဆေးထိုးအပ်ဟူ၍သာ ခေါ်လေ့ ခေါ်ထ ရှိကြပေ၏။

ဓာတ်ခဲမှ ရရှိသော လျှပ်စစ်အားဖြင့် ဆေးထိုးအပ်ကို လှုပ်ရှားစေကာ ထိုးနှံသော ဘက်ထရီအပ်ဖြင့် ထိုးနှံသော အတတ်သည် ဥရောပ၌ ၁၈၉၀ ခုနှစ်ကပင် ပေါ်ပေါက်ခဲ့သော်လည်း ၁၉၅၅ ခုနှစ်ခန့်တွင်သာ မြန်မာများ၏ လက်ဝယ်သို့ ရောက်ရှိလာကာ တယောက်မှစ၍ တရာမက ပြန့်ပွားလာခဲ့ပေသည်။

မြန်မာများ၏ လက်သို့ ထိုပညာမရောက်မီကမူ ဂေါ်ရခါး လူမျိုးများ လုပ်ကိုင်ခဲ့ကြ၏။ သူတို့ထံမှ သင်ယူသူလည်း သင်ယူ၊ ချဉ်းကပ် လေ့လာသူလည်း လေ့လာဖြင့် တတ်လာကြသည်။ ကျွမ်းကျင်ရန်မှာမူ စိတ်ပါဝင်စားခြင်းနှင့်လေ့ကျင့်ခြင်း အပေါ်တွင် တည်ပေ၏။

ထိုပညာကို မြန်မာများ တတ်မြောက်စအချိန်တွင် ဘက်ထရီအိုးကို မသုံးသေးပေ။ ဓာတ်ခဲတလုံး ငါးမူးဖြင့်ဝယ်ယူကာ ဓာတ်ခဲရှစ်လုံးကိုပူး၍ အသုံးပြုခဲ့ကြ၏။ ဓာတ်ခဲလဲလှယ်ရာတွင် အစုလိုက် အတွဲလိုက် လဲလှယ်ရန်မလိုပေ။ တကြိမ် လဲလှယ်မှု တလုံးစ နှစ်လုံးစသာ အသစ်ထည့်ရသည်။ ဓာတ်ခဲရှားပါးပြီး ဈေးနှုန်း ကြီးမြင့်လာချိန်တွင် ဘက်ထရီအိုးကို ပြောင်းလဲ အသုံးပြုလာကြသည်။ ရှစ်လုံးပူးဓာတ်ခဲတတွဲ သို့မဟုတ် ဘက်ထရီအိုး တလုံး၏ တကြိမ် သွင်းထားသော အားသည် မည်မျှကြာကြာ အသုံးပြုရသည် ဟူသည်မှာမူ သုံးစွဲသည့် အကြိမ်ပေါ်တွင် မူတည်ပေသည်။ အချိန်နှင့် မဆိုင်ပေ။

ဘက်ထရီကိုသုံးရာတွင် လေးဗို့လည်းသုံးနိုင်သည်။ ခြောက်ဗို့လည်း သုံးနိုင်သည်။ အများအားဖြင့်ကား ခြောက်ဗို့သာ သုံးစွဲလေ့ရှိကြ၏။

အရုပ် ထိုးသော ဆေးထိုးအပ်ကို အရေပြား ပေါက်ရုံမျှ စူးဝင်လိုက် နုတ်သွားလိုက် ဖြစ်စေရန် ဆောင်ရွက်ပေးသော ကိရိယာ (စက်)မှာ အိမ်များတွင် တပ်ဆင်သော လျှပ်စစ်ခေါင်းလောင်း ဖြစ်သည်။ မူရင်းကိရိယာတွင် ခေါင်းလောင်းရိုက်တံသည် အကောက်ဖြစ်သော်လည်း ဆေးထိုးသမားများ၏ လက်ဝယ်တွင် ခေါင်းလောင်း ရိုက်တံမှာ အဖြောင့် ဖြစ်သွားတော့၏။

ခေါင်းလောင်း ရိုက်တံသည် ခေါင်းလောင်းကို ရိုက်လိုက် ဆုတ်လိုက် လုပ်သည့်နည်းတူ အပ်တပ်ထားသော အတံသည်လည်း ထိုးလိုက် နုတ်လိုက် လုပ်ပေးခြင်းဖြင့် ဆေးမင်ကြောင်ထိုးသော ကိရိယာ ဖြစ်လာခဲ့ချေ၏။ ထိုအတံ၏ ထိပ်တွင်

တပ်ဆင်သော အပ်မှာ အဝတ်ချုပ်အပ် နံပါတ် ၅ ဖြစ်သည်။ ယနေ့ အသုံးများသော ရွှေနဖားအပ်ကိုလည်း သုံးစွဲနိုင်သည်။

## ခင်းကျင်းပုံနှင့် ဆောင်ရွက်ပုံ

လူစည်ကားသော ပွဲလမ်းသဘင် အခမ်းအနား များနှင့် ဘုရားပွဲတော်များတွင် ၁၆ လက်မ သို့မဟုတ် ၁၀ လက်မအရွယ် အရုပ်ကားအမျိုးမျိုးကို ဖြန့်ခင်းလျက် ပုစဉ်းရင်ကွဲအော်သံနှင့် တူသော ဆေးထိုး ကိရိယာ လှုပ်ရှားသံကို မြင်ဖူး ကြားဖူး ကြပေလိမ့်မည်။ ဤသည်ကား ယခု ဖော်ပြနေဆဲ ဖြစ်သော ဘက်ထရီ ဆေးမင်ကြောင် ဆိုင်ခန်းပေတည်း။

ဤဆိုင်ခန်းများတွင် ခင်းကျင်းပုံနှစ်မျိုးရှိ၏။ အလတ်စား ခင်းခြင်း ဖြစ်ပါက ကားချပ် ၁၅၀ ခန့် အပြန့်ခင်း ခင်းသည်။ နေရာ ကျယ်ဝန်းစွာလည်း ရသည်၊ အမှီပြုရသော သဘင် အခမ်းအနား ကလည်း ကြီးကျယ် စည်ကားသည် ဆိုလျှင် အကြီးစား ခင်းနည်းဖြင့် ခင်းကျင်းသည်။ ထိုအခါတွင် မြေပြင်တွင် ခင်းရုံသာမက တန်းထိုးပြီး အဆင့်ဆင့် တွဲလွဲချသော "အထောင်" အခင်းအကျင်းများပါ ပါလာသည့်အတွက် ကားချပ်ပေါင်း ၂၀၀ မှ ၃၀၀ အထိ ရှိတတ်၏။ ထိုမှတပါး ကားချပ်ကိုးချပ်၊ ၁၀ ချပ်မှသည် ကားချပ် လေးငါးဆယ်မျှသာ ပွဲလမ်း၏ အခြေအနေပေါ် မူတည်၍ ခင်းကျင်းသည့် အခါများလည်း ရှိပေ၏။

ဘက်ထရီ ဆေးထိုးရုပ် ဆိုင်တဆိုင်တွင် ခင်းကျင်းပြသ ထားသော အရုပ်များကို သဗ္ဗရန် ပေါင်း၍ခြုံ၍ ရေတွက်လျှင် အရုပ်ပေါင်း ၁၀၀၀ ကျော်သည်။ အရုပ်များသည် ထာဝစဉ် ပြောင်းလဲနေသည်။ ဆန်းသစ်သည် ထင်သော လူကြိုက်များ

မည့် ထင်သော အရုပ်များ၊ ဇိုင်းမျာ:ကို အနည်းဆုံး တနှစ် တကြိမ် အသစ်လဲကာ အစားထိုးကြ၏။

ထိုအရုပ်များတွင် တကျပ်တန်အောက်အရုပ်မရှိ၊ခင်းကျင်း ပြသမထားပေ။ တကျပ်တန်ပင်လျှင် တရှက်သာရှိ၍ ထိုတရှက် တွင် အရုပ်ပေါင်း ၆၀ ခန့် ပါဝင်နေလေသည်။ နှစ်ကျပ်တန် အရုပ်များလည်း ထိုနည်းတူပင် တရှက်သာရှိသည်။ အရုပ် အရေအတွက်လည်း လေးငါးဆယ်အောက် မလျော့ပေ။ တဖန် သုံးကျပ်တန် လေးကျပ်တန် များလည်း တရှက်စီသာရှိ၍ ၁၅ ကျပ်နှင့် အထက် အရုပ်များ ကျမှသာ တရှက်လျှင် သုံး လေးရုပ် နှုန်းဖြင့် အများအပြား ပြသထားကြ၏။ ဈေးအမြင့် ဆုံးမှာလည်း လက်ဝင်လျှင် ဝင်သလို သတ်မှတ်ထားရာ ၁၅၀ ကျပ်တန် အရုပ်အထိ ရှိပေသည်။

ထိုအရုပ် ကား ချပ် များ ခင်းကျင်းသောအခါ အခင်း အကျင်း၏ လက်ယာဘက်မှ စတင်၍ တကျပ်ကို ခင်းသည်။ ယင်းမှ လက်ဝဲဘက်သို့ ထိုနောက် အတွင်းဘက်သို့ ပို၍ဈေး ကြီးသော အရုပ်များကို ခင်းကျင်းသွားသည်။ အရုပ်ကြီး လျှင်လည်း မြင်ရလွယ်သောကြောင့် နောက်တွင် ထားသည်။ သို့ရာတွင် ဆန်းသစ်သော၊ လူကြိုက်များပုံရသော ပုံများကို လည်း အတွင်းသို့ များစွာ မဝင်သောနေရာ၌ ဗန်းတစ်ခင်း ကျင်းထားသေး၏။ အရုပ်ထိုးသော ပညာရှင်ကား ထိုအခင်း အကျင်း၏ ရှေ့ပိုင်းကျသော ဘေးဘက်တွင် နေရာယူလေ့ရှိ၏။

### ဘက်ထရီရုပ်ထိုးနှံပုံ

ဘက်ထရီရုပ် ထိုးနှံပေးမည့် သူတွင် အလျား နှစ်ပေ၊ အနံ တပေ၊ အမြင့် တပေခန့် ရှိသော သေတ္တာတလုံး ရှိသည်။ ထို

ဆေးတ္တာဓာတ်တွင် အရံ ဘက်ထရီတလုံး အပါအဝင် ဘက်ထရီ အိုးနှစ်လုံး ချထားသည်။ သေတ္တာပေါ်တွင် ဆေးထိုးစက် (ကိရိယာ) တစုနှင့် ရေပုလင်း၊ ဆီပုလင်းနှင့် မင်ပုလင်း တလုံးစီအပြင် ပလာဒယား၊ ဝက်အူလှည့်၊ အဝတ်စုတ် တစု၊ တီရှူးစက္ကူ၊ အချိန်နှင့် တီရှူးခဲတံ တချောင်းကို တင်ထား ပေ၏။

မိမိကိုယ်အထက်ပိုင်းတွင် အရုပ်ထိုးနှံလိုသူသည် ခင်းကျင်း ပြသထားသော ကားချပ်များအနက် နှစ်သက်ရာပုံကို ဖြစ်စေ၊ ဒီဇိုင်းကို ဖြစ်စေ ရွေးချယ် ပြသပြီး ထိုးနှံခ မေးမြန်း စေ့ စပ်သည်။

စျေးနှုန်းအဆင်ပြေလျှင် အထိုးခံမည့် အစိတ်အပိုင်းကို ရေဖြင့် မွတ်ပေးသည်။ ထိုးမည့် အရုပ် ပေါ်တွင် တီရှူးစက္ကူကို အုပ်ကာ အရေးကြီးသော အစိတ်အပိုင်းများကို တီရှူးခဲတံဖြင့် ထပ်ကူးသည်။ အစုံမကူးခြင်းမှာ ကျွမ်းကျင်ပြီး ဖြစ်သော ကြောင့် မျက်မြင်ဖြင့်ပင် ဖြည့်နိုင်သည့်အတွက် ဖြစ်၏။

စိတ်တိုင်းကျ ကူးယူပြီးသွားလျှင် ထိုစက္ကူကို ရေဆွတ်၍ ထိုးမည့် အသားပေါ်သို့ စက္ကူကို ပြောင်းပြန်လှန်ကာ အုပ် သည်။ ပြန်ပြူးအောင် ညှိပြီးနောက် အသာအယာ ပွတ်ပေး သည်။ နှိပ်အောင် ပွတ်ပေးပြီးလျှင် ထိုတီရှူး စက္ကူကို ခွာလိုက်သောအခါ အရုပ်မှာ ပုံကြမ်းထင်ပြီး ဖြစ်နေပေပြီ။

သို့သော် ချက်ချင်း မထိုးနိုင် သေးပေ။ အသားပေါ်မှ ရေခြောက်အောင် လုပ်ပေးရသေးသည်။ ရေခြောက်လျှင် အနည်းငယ် စောင့်ရသေးသည်။ ပြီးမှ ဘက်ထရီဝါယာကိုဆက်ကာ စက်ကိုင်၍ စက်ကို တို့လိုက် အသားပေါ်တွင် ရေးခြစ်လိုက်၊ ဆေးနှင့်မင်နှင့် ရောပြီး စီးကျလာလျှင် အဝတ်နှင့် ဖိပေးလိုက်

ဖြင့် ထိုးနှံပေးရသည်။ ထိုးနှံရာတွင် အောက်ဘက်မှ စတင်ထိုး ရသည်။

မင် မကောင်းလျှင် ဆေးတခါ တို့ပြီး ထိုးသော အရေး အကြောင်းသည် တိုလည်းတိုသည်။ လေးငါးထပ်လည်း ပြန်၍ ပြန်၍ ထိုးရသည်။ မင်ကောင်းပါက အကြောင်းရှည်ရှည် ဆွဲ နိုင်ရုံမက သုံးထပ်မျှဖြင့် ပြီးစီးသည်။ မူရင်းပုံတွင် ပါသော အချက်အလက်များ ပြည့်စုံပြီ။ ဖြည့်စရာ ထပ်စရာများလည်း စုံစေပြီ ဆိုလျှင် စက်ခလုတ်ကို ပိတ်၍ ရေဆေးသည်။ ရေ ခြောက်အောင် အဝတ်ဖြင့် သုတ်ပေးသည်။ ထို့နောက် အုန်းဆီ သုတ်ပေးခြင်းဖြင့် လုံးဝ အပြီးသတ် သွားပေတော့၏။

ထိုဘက်ထရီသမားများ သုံးစွဲသောမင်ကို တရုတ်မင်ဟုသာ ခေါ်သည်။ မူလကတည်းက အရည်ဖြစ်ကာ ပုလင်းလိုက် ဝယ်ယူသုံးစွဲကြသည်။ အခြားဆေးရောင်မှာ အနီရောင် ဟသံ ပြဒါးဖြစ်စေကာမူ အသုံးနည်းသည်။

## ဘက်ထရီရုပ်များ၏ လမ်းခရီး

ဘက်ထရီရုပ်များ ပေါ်စက အယဉ်ထိုးများသာ ဖြစ်သည်။ မြန်မာ့သတ္တိ၊ ဇွဲ၊ မြန်မာကွ စသော စာလုံးများ၊ အသည်းပုံ၊ အသည်းတွင် မြားစိုက်နေပုံ၊ ငှက်ကလေး၊ ပန်းကလေး များသာဖြစ်သော်လည်း တဖြည်းဖြည်း အရိုင်းထိုးသို့ ပြောင်း လဲလာခဲ့ပေသည်။

ဦးစွာတွေ့ဖူးသောပုံမှာ အသည်းကို ဓားမြှောင် စိုက်နေပုံ၊ ထိုပုံမှ သွေးစက် ကျနေပုံ ဖြစ်ပါသည်။ သည့်နောက်တွင်ကား ခက်ထန်ကြမ်းတမ်းသော ဟန်ပန်ရှိသည့် စွန်ရုပ်များ၊ လင်း

ယုန်ရုပ်များ၊ ခြင်္သေ့၊ မြွေ၊ နဂါးအမျိုးမျိုးနှင့် ကောက်ကျစ်သော မျက်လုံးရှုပ်ထွေးသည့် အမွှေးအမှင် ရှိသည့် ခြူးပန်းခြူးရုပ် ကဲ့သို့သော လူရုပ်များ ခေတ်စားလာသည်။ အရုပ်များသည် ကြီးမားလာ၍ အသေးလည်း စိတ်လာခဲ့၏။


ထိုသို့ဆိုပါက ရှေးမြန်မာကြီးတို့၏ အင်းကွက်မင်ကြောင်နှင့် ထိုးကွင်းရုပ်များ လက်စတုံးပြီလောဟု ထင်မှတ်ဖွယ်ရှိ၏။ သို့သော် လက်စတုံးမသွားခဲ့ချေ။ ဘက်ထရီ အရုပ် ထိုးသမားများက ကောင်းနိုးရာရာ များကို ပြန်လည် အသက်သွင်း ထားရာ အသွင်း လွန်သွားသည်ဟုပင် ဆိုနိုင်သော အခြေသို့ ဆိုက်ရောက်နေ၏။

အကြောင်းမှာမူ အခွစုတ်သမားများ အသုံးချခဲ့ဖူးဟန်မရှိသော လောကနတ်ရုပ်ကို ပီသလှပစွာဖြင့် ကြာပွင့်သုံးလေးဆင့်ခံ၍ သုံးစွဲခြင်းမှာ နှစ်သက်စရာ ရှိသော်လည်း အက္ခရာအပိန်အချိုင့်များဖြင့်စမရုပ် ရေးခြင်းနှင့် အင်းပြာသာဒ်များ၊ အင်းကွက်များ၊စာရံထားသော ဘီလူးအာပြဲ၊ ဘီလူးသန့်လျက်ထမ်းများကိုပါ သူတိုင်းသော ကားချပ် "ပန်းပြား"များတွင် ထည့်သွင်းလာကြသောကြောင့်ပေတည်း။


ထိုအဆောင်ရုပ်၊ အကာအကွယ်ရုပ်၊ အစီအမံအင်းများကို အလှအဆန်းထင်ပြီး သာမန် ထိုးသူများရှိသည့် နည်းတူ ရှေးအယူ အစွဲအလမ်းများကို ပြန်လည် အသက်သွင်းသူများလည်း ရှိ၏။ ထိုသူများသည် ဘက်ထရီ အရုပ်ထိုးသူနှင့် ကိုရိယာအစုံကို ငှားရမ်းကာ စက်သေတ္တာကိုပါ ကန်တော့ပွဲရှေ့တွင် တင်မြှောက်မန်းမှုတ်ပြီးမှ အလိုရှိသော အရာကို အလိုရှိသော နေရာတွင် ထိုးနှံ ခိုင်းကြပေသည်။

ဘက်ထရီအပ်ဖြင့် ရှေးမြန်မာထိုးကွင်းကို "ပေါင်တို" ထိုး

ခေတ်ပေါ် မင်ကြောင်ပုံများ



မြွေ



ခြင်္သေ့ခေါင်း



ငါးမန်း



ထိန်းငှက်

နှိုးရိုက်ချင်လျှင် အကျႌထ ရှိသမားသည် ထိုးနှံပေးနိုင်၏။ ထိုးနှံပေးမှုမှာ ၂၀၀ ကျပ် ဟူ၏။

ထိုအရပ် ထိုးသမားများအနက် အချို့သည် မြန်မာနိုင်ငံ အရှေ့ဘက် ဒီဇိုင်းနှင့် အရုပ်ကို ကိုယ်စွမ်း ဉာဏ်စွမ်းဖြင့် တီထွင် ထုတ်လုပ်ကြ၏။ ထိုသူမျိုး မှာမူ တီရှုးကော့ဖြင့် မသယ်ပဲလည်း ထိုးနှံ ပေးနိုင်စွမ်း ရှိသည်။ အချို့ကား ကိုယ်ပိုင် တီထွင် ထုတ်လုပ်နိုင်စွမ်း မရှိသဖြင့် သူတပါး တီထွင် ရေးဆွဲသော ဒီဇိုင်းနှင့် အရုပ်များပါသည့် ပုံစံ စာအုပ်တစ်အုပ်ကို ၂၅ ကျပ် ဈေးဖြင့် ဝယ်ယူ အသုံးပြု နေကြရ၏။

## နောက်ဆုံးပေါ် လက်ဆိုးဆပ်

နောက်ဆုံးပေါ် လက်ဆိုးဆပ် အရုပ်ထိုးနည်းမှာ လက်ချည်းသက်သက် ဆောင်ရွက်ရခြင်း ဖြစ်၏။ ယင်းစေ့ချွဲလည်း အက်ဆစ် ဓာတ်ဆိုးဆပ် နည်းတူပင် လက်မှောင်းတစ်ရှုံး ပြည့်ခဲ့သော ကျောတပြင်လုံး ရင်ဘတ်တစ်ခုလုံး ပြည့်ခဲ့သော ဘီလူးများ၊ မြွေများ၊ နဂါးများကို အနုပညာမြောက်အောင် အလေးထားပြီး အသက်ဝင်အောင်ရေးသော အနုပညာ ဖြစ်သည်။ ဒီဇိုင်းများ၊ ပန်းများ၊ အရုပ်များကို အချိန်ယူကာ ဆန်းသစ် တီထွင်ရေးရသည်။

ဤလက်ဆိုးဆပ် အရုပ်ထိုးနည်းတွင် တစ်ချောင်းထိုးမှ ၁၈ ချောင်းထိုးအထိ ရှိသည်။ အသုံးပြုသော ဆပ်မှာ နောက်ဆုံးပေါ် လက်ချုပ်ဆပ် (ရွှေနမာအဆပ်) ဖြစ်သည်။

တချောင်းထိုး ဆိုသည်မှာ အပ်တချောင်းတည်းကို ကိုင်၍ ကောင်းမည့် အနေအထား အရွယ်အစား ရှိသော တုတ်တွင် ကပ်ချည်ပြီး တရုတ်မင်ရည်၊ မြန်မာမှိုင်းမင်ဖြင့် ထိုးနှံခြင်း ဖြစ်သည်။ ပုရွက်ဆိတ် ကိုက်သည်မျှလောက်သာ နာကျင်သည့်အတွက် ဘက်ထရီထက် သာလွန်ပေသည်။ သို့သော် မမြန်ဆန်ချေ။

တချောင်းထက် ပိုသော အပ်များမှာလည်း တုတ်တွင် သေသပ် ခိုင်ခံ့စွာကပ်၍ ချည်နှောင်ရခြင်း ဖြစ်သည်။ အပ်အနေအထားမှာ ပူးတွဲ စုရုံးထားသည့် အနေအထားမဟုတ်ရပါ။ စီရရီ ရှိနေသည့် အနေအထား ဖြစ်ပါသည်။

မထိုးနှံမီ ထိုးနှံမည့် နေရာတွင် ဘောပင်ဖြင့် ရေးပြီးမှ ထိုးရပါသည်။ အနုစိတ်ရမည့်နေရာတွင် အပ်ချောင်းရေ နည်းနည်းဖြင့် ထိုး၍ ရေးခြယ်ရမည့် နေရာတွင် နေရာကိုလိုက်၍ အပ်ချောင်းရေ များများ သုံးစွဲကြသည်။

မြန်မာများလက်ဝယ်သို့ ထိုနည်းပညာ ရောက်ရှိလာသည်မှာ ဆယ်စုနှစ် တစု မပြည့်သေးချေ။ ယင်းသည်လည်း အနက်ရောင်အတွက် တရုတ်မင်နှင့် မြန်မာမှိုင်းမင်၊ အနီအတွက် ဟင်္သပြဒါးသာ အသုံးပြုနိုင်သေး၏။ အခြား အရောင်များ မထိုးနှံ နိုင်ကြသေးချေ။

ရှစ်ခုစုတ်၊ ၁၂ ခုစုတ်နှင့် ထိုးခဲ့သော အရုပ်များသည် ပိန်းပိန်းမည်းမည်းကြီးတွေ ဖြစ်သောကြောင့် ခေတ်မျက်စိတွင် လှသည်မဆိုနိုင်ချေ။ သို့သော် ဘက်ထရီနှင့်ထိုးသော အရုပ်များ၊ လက်နှင့်ထိုးသော တန်ကေးရုပ်များမူ အလှန်သပ်ရပ်၍ နှစ်သက်ဖွယ် ရှိသည်။ အလှအပရော သဘာဝပါ ပါဝင်လေသည်။ လူသိများသော တေးထပ်တပုဒ် ရှိခဲ့ပါသည်။

"တက္ကသိုလ်ဆရာတဦးက မှာဖူးသည့်နှုတ်ချိ၊ အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ သည်သုံးခု ချက်မပိုင်လျှင် နောင်ပြင်နိုင် ခက်သည့်အမျိုး" စသည်ဖြင့် လာရှိရာ ဆေးမင်ရည် စုတ်ထိုးအရုပ်သည် အပြင်ရခက် အဖျက်ရခက်သော စာရင်းတွင် ပါဝင်ခဲ့၏။ သို့ရာတွင် သိပ္ပံပညာ တိုးတက်လာချိန်၌ ထိုစကားမှာ မမှန်တော့ချေ။

ထိုးကွင်းမင်ကြောင်ကိုရဲရဲတောက်သောသံပူပြားဖြင့်လည်းကောင်း၊ ကာဗွန်ဒိုင် အောက်ဆိုဒ်ဖြင့် လည်းကောင်း ဖျက်နိုင်သည်။ တိုင်တေနီယမ် အောက်ဆိုဒ်ဖြင့် ဖျော့တော့အောင် လုပ်နိုင်သည်။

ထိုးကွင်းအမှတ်အသားကို ဘက်ထရီနှင့် ဆက်ထားသော အပ်ဖြင့် ပယ်ဖျက်ခြင်းနှင့် ထိုးကွင်းပေါ်တွင် အပ်စိုက်၍ လျှပ်စစ်ဖြင့် တုန်ခါစေကာ ဖျက်သောနည်းတို့မှာ တပတ်ခန့် အကြာတွင် ထိုးကွင်း အရေခွံကွာကျ၍ ထိုနေရာ၌ မထင်ရှားသော အဖြူရောင် အမာရွတ်ကလေးသာ ကျန်ခဲ့သည်။

နောက်ဆုံးနည်းမှာ ဂရစ်ဆလင်းရည်တွင် ပါပိန့်ဘည့်၍ ထိုးကွင်းရှိသော အရေပြားကို လောင်စားစေသော နည်းဖြစ်၏။ သို့သော် ထိုနည်းသည် အမာရွတ်မထင်မရှား ကျန်နိုင်သေးသည်။

ရေ ၄၀ ရာခိုင်နှုန်းတွင် သွပ်ကလိုရိုဒ်အရည်ကို ထည့်ပြီး အပ်ကို စိုက်သွင်းခြင်းဖြင့် ပယ်ဖျက်သော နည်းနှင့် ရေတွင် ၅၀ ရာနှုန်း တင်းနစ်အက်ဆစ် ထည့်၍ ငွေနိုက်ထရိတ်ဖြင့် ထိုးကွင်းနေရာကို ပွတ်တိုက်ပေးသော နည်းတို့သည် ကောင်းသည်ဟု ထင်ရပေ၏။ ထိုးကွင်းရာသည် မည်းလာသောအခါ

မြေနှင့်မပေါပေါ်ပြီး နေ့ခက် ၁၄ ရက်ခန့်အကြာတွင် ထိုးကွင်း နားဆည် ကျခကျကာ တစေတစ်နှင့် မူလအသားအရေသို့ ပြန် ရောက်သည်ဟု ဆိုပေသည်။[၄၉]

ထို့ကြောင့် မြို့ရှိဆိုရလျှင် မြန်မာတို့ ဂုဏ်ယူ မြတ်နိုးခဲ့ သော ထိုးကွင်းမင်ကြောင်သည် မေးမှိန်ခဲ့ပြီ ဖြစ်ငြားလည်း လုံးဝပျောက်ကွယ်မသွားပဲ ခေတ်ကာလနှင့် ဆီလျှော်သော နည်းလမ်းဖြင့် ဆက်လက် ရှင်သန်နေဆဲ ရှိပါသေးသည်ဟု ဆိုရလျှင် ရနိုင်မည် ထင်မိပါသတည်း။

---

၄၉။ "မှဝင်းမေ့ဆောပညာ"

# နိဂုံး

"မြန်မာတို့၏ ထိုးကွင်းမင်ကြောင် ဓလေ့" အမည်ရှိသော ကျမ်းစာတမ်းငယ်ကို ပြုစုရာတွင် စေတနာအရင်းခံဖြင့် ပြုစုပါသည်။ ပျောက်ကွယ်စ ပြုနေပြီဖြစ်သော အမျိုးသားမှုတခု မှတ်တမ်းမှတ်ရာအဖြစ် ရှိလာစေရန် တစ်စွမ်းသမျှ ကြိုးစား လေ့လာပါသည်။ ကြိုးစား စုဆောင်းပါသည်။

ထိုသို့ ကြိုးစားစုဆောင်းစဉ်တွင် ပုဂ္ဂိုလ်အမျိုးမျိုးတို့ထံ ချဉ်းကပ်ရာ မြန်မာတို့၏ ထိုးကွင်းမင်ကြောင်အပေါ်တွင် အလေးအနက်ထားသူ အလွန် နည်းနေပြီဖြစ်သည်ကို သတိပြုမိပေသည်။ အချို့မှာလည်း ထိုးကွင်းနှင့် မင်ကြောင်ကို ကွဲပြားမှာ မသိကြပေ။ ထိုးကွင်းဟုဆိုလိုက်သည်နှင့် ရင်ဘတ်၊ လက်မောင်းနှင့် ကျောတွင်ထိုးနှံ့သော ငမရုပ်များ၊ အင်းများ ဂါထာမန္တရားများနှင့် ခါးလှည့်လက်ဖွဲ့ဟု ထင်သူက များပြား နေပေသည်။

ထိုအခြေအနေတွင် ကျမ်းစာစောင်ငယ်ကို မဖြစ်မနေ ပြုစုရာ၌ ခါးအောက်ပိုင်းမှာ ထိုးသော ထိုးကွင်းရုပ်များမှာ စာတစောင် ပေတဖွဲ့ မတွေ့ရသလောက် ရှားပါးနေပါသည်။ ယခု ဖော်ပြခဲ့ပြီးသော ထိုးကွင်းရုပ် အမျိုး အမည်များမှာ ကောက်သင်းကောက်ရာမှ စုဆောင်းရရှိသော အရုပ်များ ဖြစ်ကြပေ၏။ သို့တစေ အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တရားနှင့် သက်

ဆိုင်သော အရာများကိုမူ အကိုးအကား အထောက်အထား များပြားစွာ တွေ့ပါရသည်ဆိုရုံမျှသာ ဖော်ပြပြီး ချန်လှပ်ထား ခဲ့ပါသည်။

ထို့ကြောင့် ဤစာစောင်သည် ပြုစုသူ၏ ကောင်းမှု မြတ်နိုးစိတ် နှိုးဆွရာမှ ဖြစ်ပေါ်လာသော ကြိုးပမ်းမှုဖြစ်ရာ အမျိုးသားရေး ကောင်းမှု "တနိုင်ကောင်းမှု" တခုဟု သဘောထားပါသည်။ တနိုင်မျှသာ ဖြစ်သည့်အတွက် အလစ် အဟာ အကျန်အကြွင်းများ ရှိမည်ကိုလည်း ဝန်ခံပါသည်။ တွေ့ရှိသူများက ညွှန်ပြ ထောက်မတော် မူကြစေလိုပါသည်။

အမျိုးသားစိတ် အမျိုးသားမာန် လျော့နည်းနေသူ တယောက်သည် ဤစာစောင်ကိုဖတ်မိ၍ "ထိုးကွင်းမင်ကြောင် သည် မြန်မာတို့၏ သီးခြား ယဉ်ကျေးမှုပါတကား။ မြန်မာ ဟူသည် ထိုးကွင်းထိုးရာမှာပင် ဤသို့ စနစ်ကျစွာ ခမ်းနား ကြီးကျယ်စွာ ဆောင်ရွက်သော စည်းကမ်းကြီးသည့် လူမျိုး ပါတကား" ဟု အမျိုးကို အထင်ကြီးစိတ် ဝင်ရောက်သွားမည် ဆိုပါက ပြုစုသူမှာ အမောပြေ သွားရပါတော့မည်ဟု ဖော်ပြ ကာ နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါသည်။ ။

## တွေ့ဆုံဆွေးနွေးခဲ့သူများ

၁။ ဦးကံမြင့်၊ လျှပ်စစ်ဆေးထိုး ပညာရှင်၊ (၁) ရပ်ကွက်၊ သာကေတမြို့။
၂။ ဦးကံရ(၈၀ နှစ်)၊ သရက်တောရွာ၊ ဆင်ဖြူကျွန်းမြို့။
၃။ အဘကျေး (၈၃ နှစ်)၊ စောင် ချမ်း ကုန်းကလေး၊ ရေကြည်မြို့။
၄။ ဦးကျော်တင် (၇၆ နှစ်)၊ အိုံမျှားကြီးရွာ၊ ချောက်မြို့။
၅။ ဦးကြိုင် (၅၈ နှစ်)၊ ပွင့်လင်းရွာ၊ ချောက်မြို့။
၆။ ဦးကြွင်းကျန်အောင် (၆၉ နှစ်)၊ ဆားပြင်ရွာ၊ တောင်ကုတ်မြို့။
၇။ ဦးခင်မောင်(၇၃ နှစ်)၊ လေးပင်ကုန်းရွာ၊ ချောက်မြို့။
၈။ ဦးခေါင်းစောက်ကေ (၇၅ နှစ်)၊ ရွာမ အလယ်ပိုင်း၊ တောင်ကုတ်မြို့။
၉။ ဦးချစ် (၆၇ နှစ်)၊ ပြည့်လုံးကျော်ရွာ၊ ပွင့်ဖြူမြို့နယ်။
၁၀။ ဦးမွှေးကိုင် (၈၀ နှစ်)၊ ယမ်းပိုကုန်းရွာ၊ ဆင်ဖြူကျွန်းမြို့။
၁၁။ ဒေါ်ငွေလှိုင် (၆၁ နှစ်)၊ ခေတ္တရာရပ်ကွက်၊ စေတုတ္တရာမြို့။
၁၂။ ဦးငွေဥ (၈၇ နှစ်)၊ ကျည်ခတော်စုရွာ၊ စလင်းမြို့။

၁၃။ ဦးစံညွန့် (၁၀ နှစ်)၊ ကုန်းရွာ၊ ဆိပ်ဖြူမြို့။
၁၄။ ဦးစံပွင့် (၈၁ နှစ်)၊ ပန်းချီဆရာ၊ ဆင်ဖြူကျွန်းမြို့။
၁၅။ ဦးစံဖေ (၆၄ နှစ်)၊ ရွာသစ်ရှေး စစ်ကူတာရာမြို့။
၁၆။ ဦးစံမွှဲ (၇၄ နှစ်)၊ ကျစ်ပြင်ရွာ၊ ဆိပ်ဖြူမြို့။
၁၇။ ဦးစံလစ်း (၇၅ နှစ်)၊ စရအမရွာ၊ စလင်မြို့နယ်။
၁၈။ ဦး စံသိန်း (၉၀ နှစ်)၊ ကျစ်ပြင်ရွာ၊ ဆိပ်ဖြူမြို့။
၁၉။ ဦးကြည် (၅၉ နှစ်)၊ ရွာသစ်ရှေး စစ်ကူတာရာမြို့။
၂၀။ ဦးဆိုက် (၈၁ နှစ်)၊ လေးပင်ကုန်းရွာ၊ ချောက်မြို့။
၂၁။ မောင်တင်ဦးလေး (ရန်ကုန်တင်ဦးလေး)၊ အရှေ့အလှ
လျှပ်စစ်ယှဉ်ပြိုင် ဆေးထိုးဆိုင်၊ (၇) ရပ်ကွက်၊
သာစည်တာမြို့။
၂၂။ ဦးထင် (၆၈ နှစ်)၊ ရွှေးပင်ရှုပ်၊ ဆင်ဖြူကျွန်းမြို့။
၂၃။ ဦးထွန်းစိန် (၇၈ နှစ်)၊ သရက်ချဉ်ရွာ၊ ဆင်ဖြူကျွန်းမြို့။
၂၄။ ဦးထွန်းရှိန် (ရွဲ) (၇၆ နှစ်)၊ အထက် ၃၃ လမ်း၊
ရန်ကုန်မြို့။
၂၅။ ဦးထွန်းလှိုင် (၈၅ နှစ်)၊ ကျည်တော်ရွာ၊ စလင်းမြို့။
၂၆။ ရှင်နန္ဒ (သက်တော် ၈၁)၊ ရထနာ ပွဲတိုက်၊
သီးကုန်းရွာ၊ ဆင်ဖြူကျွန်းမြို့။
၂၇။ ရှင်ပညာသိဃာ ပုပ္ပာရုံကျောင်းတိုက်၊ သရက်ချဉ်ရွာ၊
ဆင်ဖြူကျွန်းမြို့။
၂၈။ ဦးပန်းညွန့် (၇၄ နှစ်)၊ ကုန်းရွာ၊ ဆိပ်ဖြူမြို့။
၂၉။ ဦးပြောင် (၇၅ နှစ်)၊ ရွာသာကုန်း၊ ဆင်ဖြူကျွန်းမြို့။
၃၀။ ဦးဖိုးကောင်း (၆၆ နှစ်)၊ သီးကုန်းရွာ၊ ဆင်ဖြူကျွန်းမြို့။

၃၁။ ဦးဖိုးစော (၈၈ နှစ်)၊ ရုံးတိုးကြီး၊ ဇရကြည်မြို့။
၃၂။ ဦးဖိုးမှန် (၇၇ နှစ်)၊ လေးပင်ကုန်းရွာ၊ ချောက်မြို့။
၃၃။ ဦးဖိုးလိုင် (၇၇ နှစ်)၊ ဆီသေယာရွာ၊ စေတုတ္တရာမြို့။
၃၄။ ဦးဖိုးဖင်း (၇၇ နှစ်)၊ ဖောင်တန်းရပ်၊ စကုမြို့။
၃၅။ ဦးဖိုးဟန် (၇၆ နှစ်)၊ ထုံးချောင်းရွာ၊ ဆင်ဖြူကျွန်းမြို့။
၃၆။ ဦးမောင်ခင် (၇၆ နှစ်)၊ ရခိုင်စု၊ လယ်ကိုင်းမြို့။
၃၇။ ဦးဖိုးလှိုင် (၈၂ နှစ်)၊ ကျိုက်ကြီးရွာ၊ ကျောင်းကုန်းမြို့။
၃၈။ ဦးဘကြည် (၅၄ နှစ်)၊ ကူဖြူရွာ၊ ချောက်မြို့။
၃၉။ ဦးဘခင် (၆၂ နှစ်)၊ ခေတ္တရာရပ်၊ စေတုတ္တရာမြို့။
၄၀။ ဦးဘရင် (၇၃ နှစ်)၊ ကူဖြူရွာ၊ ချောက်မြို့။
၄၁။ ဦးဘအေး (၆၈ နှစ်)၊ ပွင့်လင်းရွာ၊ ချောက်မြို့။
၄၂။ ဦးမောင်ကြီး (၇၈ နှစ်)၊ ကိုးတောင်ရွာ၊ ဆိပ်ဖြူမြို့။
၄၃။ ဦးမြကြီး (၈၁ နှစ်)၊ ခေတ္တရာရပ်၊ စေတုတ္တရာမြို့။
၄၄။ ဒေါ်ရီ (၆၁ နှစ်)၊ ခေတ္တရာ ပ်၊ စေတုတ္တရာမြို့။
၄၅။ ဦးရွှေမြအောင် (၆၂ နှစ်)၊ ပြင်ချောင်းကြီးရွာ၊ ရမ်းဗြဲမြို့။
၄၆။ ဦးလူရှင် (၈၁ နှစ်)၊ ကုန်းရွာ၊ ဆိပ်ဖြူမြို့။
၄၇။ ဘကြီးလှ (၈၃ နှစ်)၊ပခန်းငယ်၊ ချောင်းဖီလာ၊ ချောက်မြို့နယ်။
၄၈။ ကိုလှမြင့်၊ လျှပ်စစ်အရှပ်ထိုး ပညာရှင်၊ ၁၃ လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့။
၄၉။ ဦးသာဆောင် (၇၈ နှစ်)၊ ရွာသစ်ကလေးရွာ၊ ဆင်ဖြူကျွန်းမြို့။
၅၀။ ဦးသာဒွန်းယဉ် (၈၁ နှစ်)၊ ကျောင်းတော်ရာဈေး၊ လယ်ကိုင်းမြို့။

၅၁။ ရှင်သက္က (သက်တော် ၉၁)၊ လေသာကျောင်း၊
ဆင်ဖြူကျွန်းမြို့။
၅၂။ ဦးသောင်း (၇၄ နှစ်)၊ လေးပင်ကုန်းရွာ၊ ချောက်မြို့။
၅၃။ ဦးသိန်းမောင် (၇၀ နှစ်)၊ တောင်ချမ်းကုန်းကလေးရွာ၊
ရေကြည်မြို့။
၅၄။ ဦးအောင်ခိုင် (၇၉ နှစ်)၊ ကံစွန်းမရွာ၊ ဆိပ်ဖြူမြို့။
၅၅။ ဦးအောင်မြတ် (၇၇ နှစ်)၊ ထုံးချောင်းရွာ၊
ဆင်ဖြူကျွန်းမြို့။
၅၆။ ဦးအောင်လှ (၇၇ နှစ်)၊ ပန်းတောက လေး၊
ဆင်ဖြူကျွန်းမြို့။

# ကျမ်းကိုးစာရင်း


၁။ ရှင်ကုမာရကဿပ။ ။မေ္မရာသီပျို့၊ ပေမူ၊ ဂ၉၇။

၂။ ကြည်မြလှိုင်။ ။မွန်ဘဝ ခလေ့နိဒါန်း၊ မြို့လယ် ပုံနှိပ်တိုက်၊ မော်လမြိုင်မြို့၊ ၁၉၇၆။

၃။ ဦးကြာထွန်း။ ။ယော၊ ကြီးပွားရေး ပုံနှိပ်တိုက်၊ မန္တလေးမြို့။ ၁၉၇၁။

၄။ ဂျေ၊ ဂျော့စကော့နှင့် ဂျေပီ၊ ဟာဒီမန် (အိုင်၊စီ၊အက်)။ ။ မြန်မာပြည် အထက်ပိုင်းနှင့် ရှမ်းပြည်နယ်များ ဂေဇက်တီးယား၊ အတွဲ ၁၊အမှတ် ၂။အစိုးရပုံနှိပ်တိုက်၊ ၁၉၀၀ ပြည့်နှစ်။၎င်းအတွဲ ၂၊ အမှတ် ၃၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၀၁။

၅။ စာပေဗိမာန် မဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၃။

၆။ စာပန်းချီ မဂ္ဂဇင်း၊ မြန်မာ့ဂုဏ်ရည် ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ဇွန်လ၊ ၁၉၅၈။

၇။ ဦးစု။ ။ဗိသုကာကျမ်း၊ စာပေဗိမာန်၊ ၁၉၆၆။

၈။ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးဘ။ ။ကဗျာ့ဉယျာဉ်၊ နယ်ဉ်ပုံနှိပ်တိုက်။

၉။ ဦးတင်လှ။ ။မြန်မာမှု၊ မောရဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၂၈။

၁၀။ တိုင်းရင်းသား တို့၏ တူညီသော ရိုးရာ ဓလေ့ထုံးစံများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ ရန်ကုန်မြို့၊ ၁၉၇၅။

၁၁။ ဒဂုန်နတ်ရှင်။ ။မြန်မာ စာပြု စာဆို ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်၊ ယောဂီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၁၇။

၁၂။ ဒဂုန်နတ်ရှင်။ ။မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း၊ စာပေဗိမာန်၊ ရန်ကုန်မြို့၊ ၁၉၇၈။

၁၃။ နန္ဒ။ ။ငါ့ခြား ငါ့သွေး ငါ့ရောဝတီ၊ ရွှေဟသ်ာ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၇၂။

၁၄။ နိုင်ငံသမိုင်း သုတေသန စာစောင် အမှတ် ၃၊ ရန်ကုန်မြို့၊ ၁၉၇၉။

၁၅။ ဦးပွား။ ။ကျည်းကန်ရှင်ကြီး မေတ္တာစာနှင့် ခက်ဆစ်အဖြေ၊ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၇။

၁၆။ ဦးဖိုးလှုတ်။ ။သီချင်းပဒေသာ (ပ-ဒု)၊ ပညာနန္ဒပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

၁၇။ ဗိုလ်တထောင်သတင်းစာ၊ ရန်ကုန်မြို့၊ ၁-၄-၁၉။

၁၈။ ဦးအောင်သိန်း။ ။ကျောင်းသုံး မြန်မာရာဇဝင်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၄။

၁၉။ မဏိရတနာပုံကျမ်း၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

၂၀။ မဟာဒွေးယျုဿခ်ယာ။ ။တက္ကသိုလ်ပန်းမြန်မာ့တာရာ သတင်းစာပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၀၆။

၂၁။ မဟာသရဘူ မဥ္ဇူကျမ်း ကိုးဆောင်တွဲ၊ ဇမ္ဗူမိတ်ဆွေ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

၂၂။ မာဃ။ ။ပါပဟိန်ပြဇာတ်အဖြေ၊ ဂန္ဓမာ ပုံနှိပ်တိုက်။

၂၃။ ဝန်ထောက်မင်း ဦးမောင်မောင်တင်။ ။စုဧလဦးပုည၊ အော်ဝေဆန်း ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၆။

၂၄။ ဦးမောင်မောင်ဆောင် (မဟာဝိဇ္ဇာ)။ ။ဓလေ့ဘာသာ ရတု ကဗျာများ၊ စာပေဗိမာန်၊ ၁၉၆၅။

၂၅။ ဦးမောင်မောင်တင်။ ။ပြည်သူ့တေးသံ(ပ)၊ သူရပြပုံနှိပ်တိုက်၊ ၁၉၆၅။ ပြည်သူ့တေးသံ(ဒု)၊ ဦးဘဖြူ ပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၆၆။

၂၆။ မန္တလေးမဂ္ဂဇင်း၊ သာဓုစိတ်ရေနယ် ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၇၉။

၂၇။ မန်းဆွေကြည် ပန်းချီမဂ္ဂဇင်း၊ မန္တလေးမြို့၊ ၁၉၅၉။

၂၈။ မိုးဝေစာပေမဂ္ဂဇင်း၊ မိုးပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ရက်တင်အောလ၊ ၁၉၈၂။

၂၉။ မြဝတီမဂ္ဂဇင်း၊ မြဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ဇူလိုင်လ ၁၉၇၅။

၃၀။ ယဉ်ကျေးမှုစာစောင်၊ အတွဲ ၃၊ အမှတ် ၆၊ ရွှေပြည်တန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၀။

၃၁။ ယဉ်ကျေးမှု စာစောင်၊ အတွဲ ၃၊ အမှတ် ၉၊ ဂန္ဓမာ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၁။
၃၂။ ရန်ကုန်[illegible]။ ။မြန်မာပြည်[illegible]၊ [illegible] မြို့တော် ကျက်သရေ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၆။
၃၃။ ရွှေကိုင်းသား။ ။ဆင်ယင်ထုံးဖွဲ့မှု၊ ကြီးပွားရေး ပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၅၁။
၃၄။ လယ်ကွင်းထဲက လူထုတေးသံ၊ အထက်မြန်မာနိုင်ငံ စာရေးဆရာ အသင်း၊ အပြည်ပြည်ပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၆၅။
၃၅။ [illegible]ကြယ် မဂ္ဂဇင်း၊ သွေးသောက်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၇။
၃၆။ ဦးဆော်ဇင်။ ။ကျေးလက်တောရွာ တေးကဗျာ၊ နွယ်နီ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၆။
၃၇။ ဦးသော်ဇင်။ ။လောကဂီတ၊ ဇွဲပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၇၀။
၃၈။ သွေးသောက် မဂ္ဂဇင်း၊ အမှတ် ၅၇၊ သွေးသောက် ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၀။
၃၉။ ဦးဖေမောင်။ ။အနုစာပေကောက်နုတ်ချက်၊ စကြာဝဠာ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၂။
၄၀။ ရှင်အဂ္ဂသမာဓိ။ ။နေမိဘုံခန်းပျို့၊ ဗုဒ္ဓသာသနာ့အဖွဲ့၊ ရန်ကုန်မြို့၊ ၁၉၇၁။

## ပေးစာနှင့် မှတ်တမ်းများ

၁။ ဦးချမ်းကွန်း (ဆိပ်ခွန်–ရွှေဘို)၏ ပေးစာ။
၂။ ဦးဥာဏ်ဗိုလ်၊ ဆေးဆရာ (နန့်သဲ–အင်းလေး)၏ မှတ်စုနှင့်ပုရပိုဒ်။
၃။ ဦးထွန်းငြိမ်း၊ ကဗျာဆရာ (ရွှေရ–တောင်ကုတ်)၏ ပေးစာများ။
၄။ ဦးမြင့်မောင် (စာရေးဆရာ၊ ဒါရိုက်တာ မြင့်မောင်) ၏ မှတ်တမ်းများ။
၅။ ဦးဆောင်း၊ အငြိမ်းစားပညာရေးမှူး (ဝရဦး)၏ ပေးစာ။

## အပြည်ပြည်ဆိုင်ရာ လူငယ်များနှစ်ကို ကြိုဆိုလျက်

### လူငယ်စာပေ


### ပြည်သူ့လက်စွဲစာအုပ်များ

၁။ တောင်စလပ်ပန်းနီနီ ဝတ္ထုတိုများ (မိုးစပယ်—ပညာရေး) ၅—၅၀
၂။ ငွေကြယ်ရှန်းလက် (ရွှေသဥ္ဇာ) ၁၀—၅၀
၃။ ယနေ့မနေ့ကနှင့်မနက်ဖြန် (ဦးဦးသန်းထွန်း) ၆—၇၅
၄။ အာဂသတ္တိ (စာရေးဆရာကိုးဦး) ၅—၀၀
၅။ ရဲဘော်သာအေး (ခင်မောင်ဝေ) ၃—၅၀
၆။ ကလေးချစ်သူများသို့ (မောင်အောင်မွန်) ၄—၀၀
၇။ တိုင်းပြည်ရင်သွေးကျန်းမာရေး (မောင်လှဖေ-ဆရာဝန်) ၇—၀၀
၈။ သူငယ်ချင်းကောင်းမှိုချစ်ရသည် (နေတင်မြင့်) ၆—၀၀
၉။ တလင်းစောင့်ကလေးများ (ဖျာပုံလှမိုးနွယ်) ၂—၅၀
၁၀။ ဟိုလောင်းပန်းပွင့်ဘယ်ဂုဏ်နှင့်ဝင့်မတုန်း) (ရွှေသဥ္ဇာ) ၃—၅၀
၁၁။ နံနက်ခင်း၏နေခြည်သစ် (မောင်ပြုပြင်—ကျုံပျော်) ၂—၅၀
၁၂။ ကျေးလက်မြင်ကွင်းစာပျိုးခင်း (သူရဇော်) ၄—၇၅
၁၃။ အမှန်လမ်းကိုလျှောက်ခဲ့ပါ (မောင်ညွန့်လွင်) ၇—၇၅

စာပေဗိမာန်စာအုပ်ဆိုင်

၅၂၉၊ကုန်သည်လမ်း
ရန်ကုန်မြို့။

စာပေဗိမာန်
နယ်ကိုယ်စားလှယ်များ




- ထိုးကွင်းမင်ကြောင်၏ ဇာစ်မြစ်
- ထိုးကွင်းမင်ကြောင်ဆေး ဖော်စပ်ပုံ
- ထိုးကွင်းထိုးသော စုတ်တံအမျိုးမျိုးနှင့် အသုံးပြုနည်းများ
- သိပ္ပံခေတ်ထိုးကွင်းမင်ကြောင် စသည်တို့ကို ဖော်ပြထားသော —

ဆင်ဖြူကျွန်းအောင်သိန်း ၏

# မြန်မာ့ထိုးကွင်းမင်ကြောင်ဓလေ့

အဖိုး ၂ ကျပ် ၇၅ ပြား



This book is for Educational or Non-Commercial use only.

Commercial use of this book will be at your Own Risk.

You can download more books about Martial Arts at
http://thaingwizard.wordpress.com

If you like this book please be fun of Thaing Wizard at
www.facebook.com/ThaingWizard

You can discuss about Martial Arts at
www.facebook.com/groups/thaingwizard

If you want to tell about something you can contact via
thaingwizard@gmail.com